# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၁၂) ရက် ၊ ကြာသပတေးနေ့ ၊ (16-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၉၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မီဒီယာနှင့် သက်တမ်းအမြင့်မားဆုံးသော ဌာနကြီးတစ်ခုဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်

အယ်ဒီတာ့အာဘော်

# အကြမ်းဖက်သမားများ၏ အဖျက်လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချ

နိုင်ငံတော်၏တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ဖျက်ဆီးမှုဖြစ်စေသည့် အဓိကအကြောင်းရင်းတစ်ရပ်တွင် အကြမ်းဖက်လုပ်ရပ်များလည်း ပါဝင်ပေသည်။ ထိုကဲ့သို့သော အဖျက်လုပ်ရပ်များကို မည်သည့်လူ့ဘောင်အဖွဲ့အစည်းကမျှ လက်ခံမည်မဟုတ်ပေ။ ထို့ကြောင့် အကြမ်းဖက်မှုအဖျက်လုပ်ရပ်ဟူသမျှကို ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်သည်။

လက်ရှိတွင် အကြမ်းဖက်သမားများသည် ရဟန်းသံဃာတော်များ၊ ခရီးသွားပြည်သူများ၊ ရပ်ကွက်၊ ကျေးရွာပြည်သူများကိုပင် အကြမ်းဖက်သတ်ဖြတ်မှုများ ပြုလုပ်ကြသကဲ့သို့ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ရပ်ကွက်၊ ကျေးရွာများ စသည့်နိုင်ငံတော်ပိုင်နှင့် ပြည်သူပိုင်အဆောက်အအုံများကို ဗုံးခွဲ၊ မီးရှို့ဖျက်ဆီးခြင်း၊ မီးရထားလမ်းများ၊ လမ်းတံတားများ၊ ဆက်သွယ်ရေးတာဝါတိုင်များ၊ ဓာတ်အားလိုင်းတာဝါတိုင်များ စသည်တို့ကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို လူမဆန်စွာ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။

ထိုကဲ့သို့ အဖျက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ထော်နွတ်ကျေးရွာအနီးရှိ သံကူကွန်ကရစ်တံတားကို ဖေဖော်ဝါရီ ၉ ရက်က KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် အဆိုပါတံတား၏ အရှေ့ဘက်လက်ရန်းနှင့် ကြမ်းခင်းတို့တွင် အလျား ၂၅ ပေ၊ အနံ ၁၀ ပေခန့် ကျိုးကျပျက်စီးခဲ့သည်။ အလားတူ ဖေဖော်ဝါရီ ၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စံပါယ်နံ့သာ ကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နယ်ငယ်များဖြင့်ပစ်ခတ်၍ မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ် ၁၀ လုံး မီးလောင်ဆုံးရှုံးခဲ့ရသည်။

ထို့အတူ ဖေဖော်ဝါရီ ၁၂ ရက်ကလည်း တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပလောက်မြို့ အရှေ့ကုန်းကျေးရွာ၌ အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ရက်စက်စွာပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူအမျိုးသမီးနှစ်ဦးနှင့် ကလေးငယ်ငါးဦးတို့ သေဆုံးခဲ့ရသည်။

အကြမ်းဖက်သမားများ၏ အဖျက်လုပ်ရပ်များကြောင့် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု ၄၉၀၀ ကျော်ခဲ့ပြီး လက်ပစ်ဗုံး၊ မိုင်း၊ လက်လုပ်မိုင်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှု ၈၅၀၀ ကျော်၊ တိုက်ခိုက်မှု ၉၇၀၀ ကျော်၊ မီးရှို့ဖျက်ဆီးမှုအကြိမ်ပေါင်း ၁၂၃၀ ကျော်ရှိခဲ့သည်။ ထို့ပြင် အကြမ်းဖက်သမားများထံမှ လက်နက်ပေါင်း ၁၇၆၉၀ ကျော်၊ လက်နက်မိုင်းနှင့် ဗုံး ၂၇၂၀၀ ကျော်အပါအဝင် ခဲယမ်းများစွာဖမ်းဆီးရမိခဲ့သည်။

ယခုအခါ အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် နိုင်ငံတော်ပိုင်နှင့် ပြည်သူပိုင်အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရန် နိုင်ငံတော်က ငွေကြေးကုန်ကျမှုများသည် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများပင်ဖြစ်သည်။ အဆိုပါဆုံးရှုံးမှုများသည် အစိုးရတစ်ရပ်၏ နစ်နာဆုံးရှုံးမှုမဟုတ်ဘဲ နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းရမည့် အမျိုးသားအကျိုးစီးပွားများကို နစ်နာဆုံးရှုံးရခြင်းဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေမှုအပေါ် အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်း၊ လူမဆန်စွာ အကြမ်းဖက်သတ်ဖြတ်ခြင်းတို့ကို ပြည်သူတစ်ရပ်လုံးက ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာ မန္တလေးမြို့အနီးတွင် လင်းပိုင် ၂၀ ကောင်ခန့် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိ



**မန္တလေး ဖေဖော်ဝါရီ ၁၅**

ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဧရိယာ မန္တလေးမြို့အနီးတွင် ဖေဖော်ဝါရီ ၁၄ ရက်က လင်းပိုင် ၂၀ ကောင်ခန့် ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ဧရာဝတီလင်းပိုင်များ အနေဖြင့် ဇန်နဝါရီလအတွင်းက မင်းကွန်းအနီးတွင် အုပ်စုလိုက်နေထိုင်ကျက်စားလျက်ရှိပြီး ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း မြစ်ရေကျဆင်းလာခြင်းကြောင့် ဧရာဝတီလင်းပိုင်များအနေဖြင့် ၎င်းတို့အတွက် အစာပေါများသည့် မန္တလေးမြို့အနီးတွင် အုပ်စုလိုက်ပြောင်းရွှေ့နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

“အခုက ဧရာဝတီမြစ်ရေကျချိန်ဖြစ်တာကြောင့် ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဧရိယာထဲကို ဖေဖော်ဝါရီ ၁၄ ရက်က ဧရာဝတီလင်းပိုင်တွေရဲ့ အခြေအနေတွေ သွားပြီးကြည့်ဖြစ်ပါတယ်။ အခု မန္တလေးမြို့အနီးမှာ ဧရာဝတီလင်းပိုင် ၂၀ ကောင်လောက် အုပ်စုလိုက် ပြောင်းရွှေ့နေထိုင်ကျက်စားတာကို တွေ့မြင်ခဲ့ရပါတယ်”ဟု ဦးမောင်မောင်လေးက ပြောပြသည်။

ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဧရိယာဖြစ်သည့် မန္တလေးမှ ကျောက်မြောင်းကြားတွင် နေထိုင်ကျက်စားလျက်ရှိသည့် လင်းပိုင်များအနေဖြင့် ယခုလက်ရှိ ဧရာဝတီမြစ်ရေကျချိန်တွင် ၎င်းတို့အတွက် အန္တရာယ်မရှိနိုင်သည့် နေရာများကိုရွေးချယ်ကာ နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ဧရာဝတီလင်းပိုင်များကို ကြည့်ရှုချင်သူများအနေဖြင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် တွေ့မြင်နိုင်ကြောင်း သိရသည်။

မန္တလေးမှ ကချင်ပြည်နယ် ဗန်းမော်ထိ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ ၂၀ ရက်ထိ ဧရာဝတီလင်းပိုင် သုတေသနစစ်တမ်းကောက်ယူရာတွင် မန္တလေးမှ ကျောက်မြောင်းကြား (ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာ ၁) တွင် ၂၈ ကောင်၊ ထီးချိုင့်-ကသာ-ရွှေကူ (ဧရာဝတီ ထိန်းသိမ်းရေးဧရိယာ ၂) အပါအဝင် ကန့်ဘလူမြို့နယ် မလယ်နှင့် ကချင်ပြည်နယ် ရွှေကူမြို့ကြားတွင် ၃၇ ကောင်၊ ဗန်းမော်မြို့နယ်တွင် ၁၄ ကောင် စုစုပေါင်း ၇၉ ကောင်ရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်တွင် ပဲပုပ်(ရှမ်း) အရောင်းအဝယ်ကောင်းပြီး ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၇၀၀၀ ထိ ဈေးကောင်းရ

**မန္တလေး ဖေဖော်ဝါရီ ၁၅**

မန္တလေးဈေးကွက်တွင် ပဲပုပ်(ရှမ်း)အရောင်းအဝယ်ကောင်းမွန်ပြီး ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၇၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် ပဲပုပ်(ရှမ်း)များကို ယခုလက်ရှိတွင် တရုတ်နိုင်ငံဘက်က ပြန်လည်ဝယ်ယူမှုများ ရှိလာကြောင်း၊ ယခုဖေဖော်ဝါရီလ ပထမပတ်အတွင်းက မန္တလေးဈေးကွက်အတွင်း၌ ပဲပုပ်(ရှမ်း)များ အရောင်းအဝယ် အေးနေခဲ့ပြီး ယခုလက်ရှိ အရောင်းအဝယ် ကောင်းမွန်လာကြောင်း သိရသည်။

“အခုလက်ရှိမှာ ပဲပုပ်(ရှမ်း)တွေကို ပြည်ပကကော ပြည်တွင်းကပါ ဝယ်ယူမှုအားကောင်းလာတာကြောင့် အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းပြန်ရလာပါတယ်။ ပဲပုပ်(ရှမ်း)တွေကို မန္တလေးဈေးကွက်အတွင်း တော်တော်လေး အဝယ်လိုက်လာတာကြောင့် ဈေးကောင်းရနေပါတယ်။ ပဲပုပ်(ရှမ်း)ဈေးနှုန်းတွေ ဆက်လက်ကောင်းသွားဖို့ရှိနေပါတယ်” ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဖေဖော်ဝါရီလ ပထမပတ်အတွင်းက ပဲပုပ်(ရှမ်း) ဈေးနှုန်းမှာ ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ ပဲပုပ်(ရှမ်း) ဈေးနှုန်းမှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၇၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။ (၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် အင်းလေးဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသထွက်ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် အင်းလေးဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသမှထွက်ရှိသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ခရမ်းချဉ်သီးများသည် အင်းလေးဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသမှထွက်ရှိပြီး မန္တလေးမြို့ သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ဈေးနှုန်းများမှာလည်း ယခုလက်ရှိတွင် အင်းသီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် ငွေကျပ် ၂၇၀၀၀ မှ ၂၈၀၀၀၊ မြစ်ဝကျွန်းပေါ်ဒေသထွက် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ မှ ၁၆၀၀ ထိ ရရှိနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

“လက်ရှိမှာတော့ ခရမ်းချဉ်သီး အဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ်ဒေသဘက်က ခရမ်းချဉ်သီးတွေ ဈေးကွက်ကိုအများဆုံး ရောက်ရှိလာတာပါ။ မြစ်ဝကျွန်းပေါ်ဒေသကထွက်တဲ့ ခရမ်းချဉ်သီးတွေလဲ ဝင်ရောက်နေပါတယ်။ မြစ်ဝကျွန်းပေါ် ဒေသဘက်က တစ်နေ့ကို ၁၂ ဘီးကား ခြောက်စီး၊ ခုနစ်စီးနဲ့ အင်းလေးဒေသဘက်က ၁၂ ဘီးကား ငါးစီး၊ ခြောက်စီး ပုံမှန်ဝင်ရောက်နေပါတယ်”ဟု ၎င်းက ပြောပြသည်။

အဆိုပါ ခရမ်းချဉ်သီးများသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ အင်းလေးဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသများမှ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်များကောင်းကာ ဈေးကောင်းရရှိနေကြောင်း၊ ခရမ်းချဉ်သီးအပြင် ကျန် ကုန်စိမ်းသီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ မုန်ညင်းဖြူ၊ ခရမ်းသီး၊ ဂေါ်ရခါးသီး၊ အာလူးနှင့် ကြက်သွန်များလည်း အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ချောင်းဦးမြို့နယ်တွင် ဆောင်းကုလားပဲ ၂၉၄၁၄ ဧက စိုက်ပျိုးပြီးစီး

**ချောင်းဦး ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းကုလားပဲ ၂၉၄၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲလျာထား ၃၀၄၀၄ ဧကကို ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကုလားပဲ ၂၉၄၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ ကုလားပဲစိုက်တာများတယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ် ဆောင်းကုလားပဲ ဧက ၃၀၀၀၀ ကျော်လျာထားတာ ဧက ၂၉၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲသီးနှံကို အများဆုံးစိုက်ပျိုးကြပြီး ပဲမျိုးစုံ စိုက်ပျိုးချိန်တွင် ထရိုင်ကိုဒါမား အကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး စည်းရုံးပညာပေးခြင်းလုပ်ငန်းများကို အကျိုးဆောင်တောင်သူများအား ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ပဲမျိုးစုံဧက ၄၀၆၁၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲမျိုးစုံ ၃၉၄၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံသီးနှံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်အဖြစ်လည်း စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိတိဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပုသိမ်ကြီးမြို့နယ် လက်ကောင်းကျေးရွာနေ ဦးအောင်လေး-ဒေါ်အောင်ကြည်မိသားစုက နှစ်ဖက်မိဘများအား ရည်စူး၍ ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ ဇရပ်ပေါင်းငွေကျပ် ၈၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလုထွေး၊ အဖွဲ့ဝင် ဦးမောင်မောင်သောင်းတို့က လက်ခံရယူစဉ်။

# တမူးနယ်စပ်ကုန်သွယ်ရေးစခန်းက ယခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း အိန္ဒိယနိုင်ငံနှင့်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉၃၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးနယ်စပ်ကုန်သွယ်ရေးစခန်းက ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇန်နဝါရီ ၃၁ ရက်ထိ ၁၀ လတာ ကာလအတွင်း အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉၃၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်ဝင်းထံမှ သိရသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ တမူးနယ်စပ် ကုန်သွယ်ရေးစခန်းက အိန္ဒိယနိုင်ငံသို့ ယခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၆၇ သန်းနှင့် အိန္ဒိယနိုင်ငံမှ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၇ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉၃၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"တမူး နယ်စပ်ကုန်သွယ်ရေးစခန်းအနေနဲ့ကတော့ အခုဘဏ္ဍာနှစ်မှာ ပို့ကုန်အနေနဲ့ အမေရိကန်ဒေါ်လာသန်း ၇၀ လောက်တင်ပို့နိုင်အောင်၊ သွင်းကုန်အနေနဲ့ အမေရိကန်ဒေါ်လာငါးသန်းလောက်နဲ့ ကုန်သွယ်မှုပမာဏ ၇၅ သန်းကျော် ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိရာ အခုဆိုရင်တော့ အမေရိကန်ဒေါ်လာ ၁၃ သန်းကျော် ရောက်ရှိလာပြီဖြစ်တဲ့အတွက် လျာထား ဆောင်ရွက်ချက်ရဲ့ ၂၁ ဒသမ ၆၈၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်"ဟု ဦးထက်အောင်ဝင်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးရှိ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းက အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမှ အများဆုံးပို့ကုန်များအနေဖြင့် ကွမ်းသီး၊ အုန်းသီး၊ တမူးမြို့နယ်ရှိ နန့်ဖလုံဒေသထွက် ကုန်စုံနှင့်စီးကရက်တို့ဖြစ်ပြီး သွင်းကုန်များအနေဖြင့် ဓာတ်မြေဩဇာနှင့် ဆံပင်တုတို့ဖြစ်ကြောင်း သိရသည်။

ASH

# ဒေးဒရဲမြို့နယ် ကျုံလတ္တာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဒေးဒရဲ ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ကျုံလတ္တာကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးကျော်စွာမြင့်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျုံလတ္တာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ကျုံလတ္တာကျေးရွာ၌ လမ်းအရှည် ၁၈၇၄ ပေ၊ အကျယ် လေးပေ၊ အမြင့် လေးလက်မရှိ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာလူထုကိုယ်တိုင် ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးကြောင်း၊ အဆိုပါကွန်ကရစ်လမ်း ပြီးစီးပြီဖြစ်သဖြင့် ကျုံလတ္တာကျေးရွာရှိ အိမ်ခြေ ၁၀၉ အိမ်၊ လူ ၄၄၈ ဦးတို့၏ လူမှုရေး၊ စီးပွားရေးများ အဆင်ပြေမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စွာမြင့်က ပြောပြ၍ သိရသည်။

**သန်းသန်းခိုင်**

# မြေပုံမြို့နယ် ကျေးတောကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**မြေပုံ ဖေဖော်ဝါရီ ၁၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ကျေးတောကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျေးတောကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူ ဆောင်ရွက်နေသော မျိုးမြတ်ထည်ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားသည်။

ကျေးတောကျေးရွာ၌ အလျားပေ ၂၀၀၊ အနံပေ ၂၀၀၊ အနက် ခြောက်ပေရှိ မြေသားရေကန်တူးဖော်ခြင်းနှင့် အရှည် ပေ ၁၂၀၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေ ကျပ် ၂၉ ဒသမ ၀၇၂ သန်းဖြင့် မျိုးမြတ်ထည်ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန် ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးတောကျေးရွာရှိ အိမ်ခြေ ၂၆၉ အိမ်၊ လူ ၁၁၅၈ ဦးနှင့် ကျွဲနွားတိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က ပြောပြ၍ သိရသည်။

**ကိုသန်း**



# အလုပ်

**မြင်းခြံကျော်အောင်**

"သီရိလင်္ကာ၌ ပြည်တွင်းကြက်ဥဈေးနှုန်းကျဆင်းရန် ပြည်ပမှ ကြက်ဥတင်သွင်းမည်"ဆိုတဲ့ သတင်းကို စာရေးသူ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်က မြန်မာ့အလင်းသတင်းစာမှာ ဖတ်ခဲ့ရတယ်။ ကြက်ဥဈေးနှုန်းအထူးမြင့်မားပြီး သီရိလင်္ကာပြည်သူတွေ အခက်အခဲဖြစ်နေလို့ အစိုးရက စီမံတာဖြစ်ပါတယ်။

အကြောင်းရင်းက ပြည်သူတွေ ကြက်မမွေးကြလို့ဖြစ်ပါတယ်။ အိမ်တိုင်းကြက်မွေးကြရင် ကြက်ဥဈေးက မြင့်မားစရာမရှိပါဘူး။

ဒါနဲ့ပတ်သက်လို့ စာရေးသူဟာ ၁၉၇၈-၁၉၇၉ ခုနှစ်မှာ တာဝန်နဲ့ မြန်မာပြည်အရှေ့ဖျားက မိုင်းယောင်းမြို့ရောက်စဉ် ဟောင်ကြန့်ခေါ်တဲ့ရွာမှာ နေခဲ့ဖူးတယ်။ ရှမ်းလူမျိုးတွေနေထိုင်ပြီး တစ်အိမ်မှာ ကြက်အကောင် ၂၀ လောက် မွေးထားတာ တွေ့ရတယ်။ အဲဒီတော့ ကြက်သား၊ ကြက်ဥပေါပေါများများ စားရတယ်။

ပြောချင်တာက မိမိတို့မိသားစုရဲ့ စားဝတ်နေရေးအတွက် မိမိတို့ရဲ့တာဝန်ဖြစ်ပါတယ်။ လူတွေတင်မဟုတ်ဘူး။ ကျေးငှက်တွေတောင် မနက် ၅ နာရီကျော်ရင် အိပ်ရာထကြပြီး အစာရှာထွက်ကြပြီ။ မနက် ၆ နာရီလောက်ဆို စာရေးသူရဲ့အိမ်ဝန်းကျင်မှာ ခိုတွေ၊ စာလေးတွေ၊ ကျီးငှက်နဲ့ ချိုးတွေ အစာရှာစားနေကြတာ တွေ့ရတယ်။

သတ္တဝါထဲမှာ လူဟာအသိဉာဏ်အရှိဆုံး သတ္တဝါဖြစ်ပါတယ်။ ဒါပေမဲ့ တချို့လူတွေက ကိုယ့်ဝမ်းစာကိုယ်ရှာမစားကြဘူး။ မိဘနဲ့အခြားညီအစ်ကိုမောင်နှမတွေလုပ်စာ မှီခိုစားနေသူတွေ တွေ့ရတယ်။ တချို့ကျသား၊ သမီးလုပ်စာ မှီခိုကပ်ရပ်စားနေသူတွေလဲရှိတယ်။ တချို့ကျအလုပ်ရှေးနေလိုက်တာ အသက် ၃၀ ကျော်တာတောင် မည်မည်ရရ အလုပ်မရှိကြဘူး။ အဲဒါမြန်မာတစ်နိုင်ငံလုံးဆိုရင် လူဦးရေတော်တော်များမယ်။ သဘောက ဒီလိုမဖြစ်သင့်ဘူး။ လူတိုင်း လုံ့လဝီရိယအပြည့်နဲ့ အလုပ်လုပ်ကြရမှာဖြစ်ပါတယ်။

**အလုပ်အမျိုးမျိုး**

မြန်မာနိုင်ငံမှာ လူတို့ရဲ့စားဝတ်နေရေးအတွက် အလုပ်အမျိုးမျိုးရှိပါတယ်။ အဓိကကတော့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးပါပဲ။ အခြားအလုပ်တွေလဲ အများကြီးရှိပါတယ်။ ပိုပြီးထင်ရှားအောင်ပြောရရင် ကုန်သည်အလုပ်၊ အစိုးရဝန်ထမ်းအလုပ်နဲ့ ကုမ္ပဏီဝန်ထမ်းအလုပ်၊ ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုအလုပ်၊ အနုပညာအလုပ် စတာတွေရှိတယ်။ သဘင်၊ ဂီတ၊ ရုပ်ရှင်၊ ဗီဒီယို၊ ဆိုကရေးတီး၊ စာပေနဲ့ ပန်းဆယ်မျိုးလုပ်ငန်းတွေမှ အများကြီး။ အားကစားလိုက်စားပြီး ထူးချွန်သူတွေ စားဝတ်နေရေးအဆင်ပြေနေကြတယ်။ အဲဒီအလုပ်တွေထဲမှာ မိမိဟာ အလုပ်တစ်ခုခုတော့ လုပ်ရမှာပါ။ ဘာမှမလုပ်ရင်တော့ ပိုလန်စာရေးဆရာ ဂျိုးဇက်ကွန်ရက်စ်ပြောတာက "လူဟာ အလုပ်သမားဖြစ်ပြီး အလုပ်မလုပ်ပါက လူဟာ ဘာမှမဟုတ်တော့ချေ"တဲ့။ အလကားလူပေ့ါ။

မြတ်ဗုဒ္ဓကလဲ အလုပ်မလုပ်လို့ ဆင်းရဲနေသူကို "ဆင်းရဲသောသူဟာ အသက်ရှင်လျက် သေသောသူဖြစ်တယ်"လို့ ဟောခဲ့တယ်။ လောကမှာ အလုပ်တွေ အများအပြားရှိပါလျက် ဘာမှမလုပ်သူဟာ မိုက်တဲ့လူဖြစ်တယ်လို့ လောကနီတိကျမ်းမှာ ဆိုထားတယ်။ ဒါကြောင့် လူတိုင်းဟာ အလုပ်ရှေးပြီး အချိန်ဖြုန်းမနေဘဲ မိမိအားသန်ရာ၊ မိမိဝါသနာပါရာ၊ မိမိမှာရှိတဲ့ အရည်အချင်းရှိရာ အလုပ်တစ်ခုခုကို ဇွဲနဲ့ အပင်ပန်းအဆင်းရဲခံပြီး လုပ်ကြရပါမယ်။ ဒါမှ လောကအလယ်မှာ မိမိဟာ အလကားလူမဖြစ်မှာပါ။ အလုပ်ဟူသမျှ ဂုဏ်ရှိစွလို့ ပညာရှင်တွေက ပြောထားတယ်မဟုတ်လား။ လူဆိုတာ ခိုးစား၊ တိုက်စား၊ လုစား၊ သတ်စားဆိုတဲ့ အလုပ်တွေမလုပ်ဖို့တော့လိုတယ်။ လိမ်လည်လှည့်ပတ်စား၊ အဂတိလိုက်စားတာတွေ မလုပ်ဖို့တော့လိုတယ်။

**ဘာလုပ်သင့်သလဲ**

မြန်မာပြည်သူတွေ ကံကောင်းတာက ပြည်တွင်းမှာ မြေတွေအများကြီးရှိတယ်။ မြစ်ချောင်းတွေ ပေါများတယ်။ မိုင် ၁၄၀၀ ကျော်ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းနဲ့ ပင်လယ်ရေပြင်ကျယ်ကြီးကို ပိုင်ဆိုင်ထားတယ်။ တောတောင်ဆိုတဲ့ မြေပေါ်သယံဇာတတွေရှိတယ်။ မြေအောက်သယံဇာတတွေ ပေါကြွယ်ဝတယ်။ ကမ်းလွန်ပင်လယ်ပြင်မှ သဘာဝဓာတ်ငွေ့တွေ ထွက်တယ်။ သုံးမကုန်နိုင်တဲ့ သဘာဝရင်းမြစ်တွေရှိတယ်။ ဘာစိုက်စိုက်ဖြစ်ထွန်းတယ်။ ဘာမွေးမွေးတစ်အုပ်တစ်မဖြစ်တယ်။ အိန္ဒိယနိုင်ငံကဆိုရင် နှစ်စဉ် ပဲမျိုးစုံတန်ချိန်များစွာဝယ်လို့ ရောင်းနေရတယ်။ ရခိုင်ပြည်နယ်က ငါးတွေ၊ ပုစွန်တွေကို ပို့သမျှ ဘင်္ဂလားဒေ့ရှ်နိုင်ငံကဝယ်ယူပြီး တနင်္သာရီတိုင်းဒေသကြီးကထွက်တဲ့ ငါးမျိုးစုံ၊ ကင်းမွန်၊ ကဏန်းတွေဆို ပို့သမျှ ထိုင်းနိုင်ငံက ဝယ်ယူတယ်။ ဆန်တန်ချိန် နှစ်သန်းကျော် သုံးသန်းခန့်ကို တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဥရောပနဲ့ အာဖရိကနိုင်ငံတွေဆီ ပြည်တွင်းစားသုံးဖို့ချန်ပြီး ရောင်းနေရတယ်။ မြန်မာနိုင်ငံကထွက်တဲ့ မန်ကျည်းသီး၊ ငရုတ်သီး၊ ဝါး၊ ကြိမ်၊ ငှက်ပျော၊ နှမ်းဖြူ၊ နှမ်းနက်၊ ဖရဲ၊ သခွားတွေကို ပတ်ဝန်းကျင်နိုင်ငံတွေဆီ ရောင်းရတယ်။ ဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို ကြီးကြီးကျယ်ကျယ်လုပ်ရပါမယ်။

တရုတ်စကားပုံတစ်ခုကတော့ "ဖရဲပင်စိုက်သူသည် ဖရဲသီးစားရမည်။ ပဲပင်စိုက်သူသည် ပဲသီးစားရလိမ့်မည်"လို့ ဆိုထားတယ်။ ကြီးကြီးမားမား ကျယ်ကျယ်ပြန့်ပြန့်လုပ်ရင် ကြီးမားတဲ့အကျိုးတရား ခံစားရမယ်။ သေးသေးနုပ်နုပ်လုပ်ရင် အနည်းငယ်အကျိုးတရားသာ ခံစားရမယ်လို့ဆိုတာဖြစ်တယ်။ အဲဒီတော့ အလုပ်ကို ကြီးကြီးကျယ်ကျယ်လုပ်ကြရပါမယ်။

စင်ကာပူနဲ့ ထိုင်းနိုင်ငံတွေမှာဆို အထပ်မြင့်တိုက်ကြီးတွေပေါ်မှာ ရာသီသီးနှံနဲ့ ပန်းမန်တွေစိုက်တာ စာရေးသူတွေ့ဖူးတယ်။

ကျွန်တော်တို့နိုင်ငံရှိ ကျေးလက်နဲ့မြို့ငယ်တွေမှာ မြေတွေပေါပါတယ်။ စိုက်ပျိုးတာ၊ မွေးမြူတာ အားနည်းတယ်။ ဈေးကြီးပေးဝယ်စားရတော့ ညည်းညူနေတယ်။ တကယ်တော့ စိုက်ကြမွေးကြရမှာပါ။

အချိန်တန် အရွယ်မရောက်ခင် ကျောင်းပညာပြည့်စုံအောင် သင်ယူကြရပါမယ်။ ပညာသင့်တော်သလောက်ရပြီးရင် စိုက်ပျိုးရေး၊ မွေးမြူရေး အလုပ်တစ်ခုခု လုပ်ကြရမှာပါ။

ချမ်းသာတဲ့ နိုင်ငံကြီးကလူတွေဆို တစ်ယောက်တည်းနဲ့ အလုပ်အကိုင်ကြီး နှစ်ခု၊ သုံးခုတောင်လုပ်ကြတယ်။ ဘယ်လောက်အားကျဖို့ကောင်းသလဲ။

**အလုပ်ကိုဘယ်လိုလုပ်မလဲ**

ယနေ့ခေတ် အချို့လူတွေဟာ အလုပ်မလုပ်ခင်ကတည်းက အကျိုးအမြတ်ကို မျှော်နေကြတယ်။ အဲဒီလိုမျှော်နေရင်း အချိန်တွေကုန်နေတယ်။ ဘာမှဖြစ်မလာဘူး။ တကယ်တော့ ဘယ်အလုပ်ပဲလုပ်လုပ် ကိုယ့်ရဲ့ကာယစွမ်းအား၊ ဉာဏစွမ်းအားကို အပြည့်အဝထည့်သွင်းအလုပ်လုပ်ရပါမယ်။ အလုပ်ကိုတန်ဖိုးထားလုပ်ရမယ်။ ငွေရဖို့ချည်း မျှော်မှန်းမလုပ်ရဘူး။ ကိုယ့်ရဲ့လုပ်ရပ်ဟာ အကောင်းဆုံးဖြစ်အောင် လုပ်ရမယ်။ ဒါဆို အကျိုးကျေးဇူးတွေဟာ ကိုယ့်ရဲ့နောက်က ထက်ကြပ်မကွာ ကပ်ပါလာမှာဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ရပ်ကွက်ထဲက တက္ကစီဆရာတစ်ယောက်အကြောင်း ပြောပြလိုပါတယ်။ သူဟာ တက္ကစီငှားမဲ့ လူကို လမ်းဘေးမှာထိုင်စောင့်မနေဘူး။ ခေါ်သူပေါလွန်းလို့ သူ့အားမဲ့အချိန်မေးပြီး ကိုယ်ကလုပ်ရတယ်။ သူဟာ သူ့ကိုယ်သူလေးစားသူဖြစ်တယ်။ အလုပ်အပေါ်လဲ လေးစားတယ်။ သစ္စာရှိတယ်။ အချိန်တိကျတယ်။ လုပ်ငန်းကျွမ်းတယ်။ ရိုးသားတယ်။ ဆက်ဆံရသူတွေနဲ့ မိသားစုသဖွယ် ဆက်ဆံတယ်။ ကူညီစောင့်ရှောက်တယ်။ ခရီးစရိတ်လဲ ကျသင့်သမျှပဲယူတယ်။ အဲဒီတော့ သူ့မှာ အလုပ်အမြဲရှိပြီး ဝင်ငွေကောင်းခဲ့တယ်။ တက္ကစီအလုပ်နဲ့ ကြီးပွားနေသူဖြစ်တယ်။ ဒါကြောင့် အလုပ်လုပ်သူတိုင်းဟာ အဲဒီလို လုပ်ကြရမှာပါ။

❖ ယနေ့ခေတ် အချို့လူတွေဟာ အလုပ်မလုပ်ခင်ကတည်းက အကျိုးအမြတ်ကိုမျှော်နေကြတယ်။ အဲဒီလိုမျှော်နေရင်း အချိန်တွေကုန်နေတယ်။ ဘာမှဖြစ်မလာဘူး။ တကယ်တော့ ဘယ်အလုပ်ပဲလုပ်လုပ် ကိုယ့်ရဲ့ကာယစွမ်းအား၊ ဉာဏစွမ်းအားကို အပြည့်အဝထည့်သွင်း အလုပ်လုပ်ရပါမယ်။ အလုပ်ကိုတန်ဖိုးထားလုပ်ရမယ်။ ငွေရဖို့ချည်း မျှော်မှန်းမလုပ်ရဘူး။ ကိုယ့်ရဲ့လုပ်ရပ်ဟာ အကောင်းဆုံးဖြစ်အောင် လုပ်ရမယ်။ ဒါဆို အကျိုးကျေးဇူးတွေဟာ ကိုယ့်ရဲ့နောက်က ထက်ကြပ်မကွာ ကပ်ပါလာမှာဖြစ်ပါတယ်။ ❖

နောက်လုပ်ရမှာက အလုပ်လုပ်ရင်းတွေ့လာသမျှ အခွင့်အရေးတွေကို အမိအရ ဖမ်းဆုပ်ရပါမယ်။ တစ်ခါတစ်ရံ စွန့်စားရတာတွေ၊ ဆုံးရှုံးတာတွေ၊ စွန့်လွှတ်အနစ်နာခံလိုက်ရတာတွေလဲ ရှိမယ်။ မလုပ်ရဲ၊ မစွန့်စားရဲဘဲ ပန်းတိုင်ကိုမျှော်နေရင်တော့ အချိန်ကုန်ရုံ၊ စိတ်မောရုံသာရှိပါမယ်။

တချို့လူတွေက အလုပ်တစ်ခုကိုလုပ်ကြည့်တယ်။ တစ်နှစ် တစ်ဝါရှိတာနဲ့ အကျိုးမရှိဘူးဆိုပြီး အလုပ်ကို စွန့်လွှတ်လိုက်တယ်။ ပြီးနောက် အလုပ်တစ်ခုပြောင်းလုပ်တယ်။ အလုပ်ဆိုတာက အခုချက်ချင်းအကျိုးအမြတ်မရတတ်ဘူး။ ဘယ်အလုပ်မဆို သုံးနှစ်ကစပြီး ငါးနှစ်လောက်လုပ်ကြည့်မှ အကျိုးအမြတ်ဆိုတာ ပေါ်တတ်တာ။ အဲဒါကို သတိပြုရမယ်။ အခုရေတွင်းတူး၊ အခုရေကြည်သောက်ချင်လို့ မရဘူးပေါ့။ ဇွဲနဲ့အလုပ်လုပ်မှ အကျိုးအမြတ်ဆိုတာ ရတတ်တာ။ ဝန်ထမ်းအလုပ်ကိုကြည့် ငယ်စဉ်အလုပ်ဝင်စဉ်ကတော့ အဆင့်နိမ့်နိမ့်နဲ့ဝင်လုပ်ကြရင်း နှစ်ကာလကြာကြာ ကြိုးကြိုးစားစားလုပ်မှ အရာရှိကြီးဖြစ်သွားကြတယ်။ အဲဒီအခါမှ အခွင့်အလမ်း၊ အခွင့်အရေးဆိုတာတွေကို ရလာတာဖြစ်ပါတယ်။

နောက်လုပ်ရမှာက တစ်နပ်စားဉာဏ်နဲ့မလုပ်ဖို့လဲ လိုပါတယ်။ အလုပ်ရှင်တိုင်း၊ အလုပ်သမားတိုင်းဟာ မိမိကိုယ်ကိုလေးစားရပါမယ်။ မိမိအလုပ်အပေါ်မှာလဲ သစ္စာရှိရပါမယ်။ အလုပ်နဲ့ပတ်သက်လို့ အစဉ်ဖြောင့်မတ်တည်ကြည်သူဖြစ်ရပါမယ်။ အဲဒီအရည်အချင်းတွေနဲ့ ပြည့်စုံရင် ရေရှည်တည်တံ့တဲ့ နာမည်တစ်ခုရရှိမှာ ဖြစ်ပါတယ်။ "နာမည်ကောင်းတစ်ခုသည် ရွှေခါးပတ် တစ်ခုထက် ပို၍တန်ဖိုးရှိသည်"လို့ ပြင်သစ်စကားပုံက ဆိုထားတယ်။ နာမည်ကောင်းဟာ ဒီလောက်အရေးကြီးတယ်။ နာမည်ကောင်းရှိတဲ့ အလုပ်လုပ်သူဟာ ကြီးပွားချမ်းသာပါတယ်။

**အလုပ်ရဲ့ အကျိုးကျေးဇူးများ**

အကျိုးကျေးဇူးရချင်တာကတော့ အလုပ်လုပ်သူတိုင်းရဲ့ ဆန္ဒဖြစ်ပါတယ်။ ဒါပေမဲ့ ဘာအကျိုးကျေးဇူးမှမရသူကတော့ ဘာမှမလုပ်လို့ဖြစ်ပါတယ်။ အလုပ်လုပ်လို့ရမဲ့ အကျိုးကျေးဇူးတွေက များပါတယ်။

ပထမ ပညာရရှိမှာဖြစ်ပါတယ်။ အလုပ်တစ်ခုကို ကြာကြာလုပ်ကြည့်တဲ့အခါ အလုပ်ရဲ့အတွေ့အကြုံတွေ ရရှိလာပါတယ်။ အဲဒီကမှ ပညာရပါတယ်။ ပညာရလာ၊ ပြည့်ဝလာတော့ ကျွမ်းကျင်လာတယ်။ ဒါနဲ့ သူဟာ ဒီအလုပ်နဲ့ ကြီးပွားသွားတော့တယ်။ ဒီနေရာမှာ အလုပ်လုပ်သူတွေဟာ ပညာယူတတ်ဖို့လိုတယ်။

ဒုတိယ ဥစ္စာရရှိမှာဖြစ်ပါတယ်။ အလုပ်လုပ်ရင် လုပ်ခလစာဆိုတာ ရလာပါမယ်။ အလုပ်နဲ့ပတ်သက်တဲ့ အခွင့်အရေးတွေ ရလာပါမယ်။ ဥစ္စာဟာ လူရဲ့ခင်ပွန်းကြီးဖြစ်တယ်လို့ လောကနီတိကျမ်းမှာဆိုထားတယ်။ လူဟာ ဥစ္စာရှိရပါမယ်။ ဖိုးသူတော် ဦးနုစကားပုံမှာ "အလုပ်အကြံရှိမှ ဆန်ရှာရေးလှ၍ အခြေတည်ကြမည်"လို့ ဖော်ပြထားတယ်။ ဒါကြောင့် လူတိုင်း အလုပ်လုပ်ကြရပါမယ်။

တတိယ မိတ်ကောင်း၊ ဆွေကောင်း၊ ဆရာသမားကောင်းတွေရရှိမှာဖြစ်ပါတယ်။ လုပ်ငန်းခွင်ဝင်ပြီး ကြာကြာလုပ်တာနဲ့ မိတ်ဆွေ၊ ဆရာတွေနဲ့တွေ့ပြီး မိမိလုပ်ငန်းမှာ၊ မိမိဘဝမှာ ဖေးမကူညီမှုတွေ၊ ချီးမြှင့်ပေးမှုတွေ၊ အဆုံးအမတွေ ရရှိလာပါမယ်။ အဲဒါတွေဟာ ကိုယ့်ဘဝကြီးပွားရေးမှာ များစွာအထောက်အကူဖြစ်ပါတယ်။

စတုတ္ထ ပျော်ရွှင်ခြင်းကိုရမှာပါ။ "Employment bring enjoyment. အလုပ်ရှိခြင်းသည် ပျော်ရွှင်မှုကို သယ်ဆောင်လာသည်" လို့ အင်္ဂလိပ်စကားပုံတစ်ခုရှိတယ်။ ဘာမှမလုပ်ဘဲ နေကြည့်တဲ့အခါ ပျင်းလာမှာပါ။ အဲဒီတော့ ပျော်ပျော်နေချင်ရင် ကိုယ်ဝါသနာပါတာ ကိုယ်ကျွမ်းကျင်ရာ၊ ကိုယ်ပိုင်နိုင်ရာအလုပ်ကို အထက်ကဖော်ပြခဲ့တဲ့ စံချိန်စံညွှန်းတွေနဲ့အညီလုပ်ပါ။ ပျော်ရွှင်လာမှာပါ။ အလုပ်မလုပ်ခင်ကတည်းက အကျိုးအမြတ်မျှော်ပြီး မလုပ်ဖို့တော့လိုပါတယ်။ တကယ်ကြိုးကြိုးစားစားနဲ့ ဇွဲနဲ့ ရေရှည်အလုပ်လုပ်ရင် အကျိုးအမြတ်တွေဆိုတာ ရလာမှာပါ။

ပဉ္စမ လူကိုဖန်တီးတာအလုပ်ပါ။ "သင်လုပ်တဲ့အမှုကြီးငယ်တွေ၊ ပြောတဲ့စကားတွေ၊ တွေးတဲ့အတွေးတွေဟာ သင့်ရဲ့ပုံတူ ရုပ်တုတွေဖြစ်ပါတယ်။ အဲဒီရုပ်တုတွေနဲ့ သင်ဟာ ရှောင်ခွာထွက်ပြေးသွားလို့ မရပါဘူး"လို့ ပညာရှင်တစ်ယောက်က ပြောထားတယ်။ ကိုယ့်ကိုယ်ကိုယ် လှလှပပဖြစ်အောင်လဲ ထုလို့ရတယ်။ ရုပ်ဆိုးအကျည်းတန်အောင်လဲ ထုဆစ်ပုံဖော်လို့ ရပါတယ်။

အဲဒါတွေကတော့ အလုပ်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေပါ။ ဝဝလင်လင် စားချင်တယ်၊ ပျော်ပျော်ရွှင်ရွှင်နေချင်တယ်၊ ဂုဏ်ကျက်သရေရှိရှိ ရပ်တည်ချင်တယ်ဆိုရင်တော့ အလုပ်တစ်ခုခုကို အောင်မြင်ကြီးပွားတဲ့ထိ လုပ်ကြရမှာဖြစ်ပါတယ်။ စာဖတ်သူမှာ လုပ်နိုင်ကိုင်နိုင်တဲ့ အရည်အချင်းတွေ ရှိပါတယ်။ အဲဒါတွေထုတ်သုံးပါ။ နိဂုံးချုပ်အနေနဲ့ ဒီစကားပုံလေးကို လက်ဆောင်ပေးလိုက်ပါတယ်။ "As you make your bed so you must lie on it. သင့်အိပ်ရာကို သင်ခင်းထားတဲ့အတိုင်း သင်အဲဒီအပေါ်မှာ အိပ်စက်ရပေမယ်"တဲ့။

**ကိုးကား**

- **ကိုယ်ထူးကိုယ်ချွန်သမားအတွက် လက်စွဲစကားများ (မေမြင့်)**

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## အေးချမ်းသာယာ ပြည်မြန်မာ

- သာယာလှပ အေးမြမှန်စွာ
မြန်မာ့စိတ်ထား ခမ်းနားလွန်ထည်ဝါ
သမိုင်းတည်ကာ ပြည်ရွာဂုဏ်လွှမ်း
မျိုးဆက်သစ်တွေ ကြိုးစားစေ
လှမ်းလေပြည်ကျိုး ငြိမ်းချမ်းသည်နှင့်လေး။

- မြန်မာ့အစွမ်း မှတ်တမ်းကောင်းရန်
ကူညီလမ်းဖောက် စောင့်ရှောက်ဖြောင့်တန်းမှန်
ပန်းတိုင်သို့ထံ မွမ်းမံရောက်ရေး
ဖွံ့ဖြိုးဝေဆာ ပြည်မြန်မာ
စဉ်သာလက်တွဲ ယဉ်ကျေးသည်နှင့်လေး။

- ဖွဲ့ရှန်းအားမွေး ဆွေးနွေးတွေ့ဆုံ
မြန်ပြည်တိုးတက် နေ့ရက်တိုင်းဖူလုံ
ကြွယ်ဝပြည့်စုံ ပြည်ဂုဏ်မညှိုး
အမုန်းကင်းစင် ပြည်တစ်ခွင်
ကြည်လင်သန့်ရှင်း ဖွံ့ဖြိုးသည်နှင့်လေး။

- ဘဏ္ဍာပြည့်တိုး ပြည်ကျိုးဆောင်စေ
ရိုးရာဓလေ့ ပျော်မွေ့လက်ကမ်းလေ
ပညာရေးခြေ ပွင့်ဝေတင့်ဖူး
ခေတ်မီနိုင်ငံ ထူထောင်ရန်
ပြုကြံမနှေး ပျော်မြူးသည်နှင့်လေး။

- စား ဝတ် နေ ထူး ကြည်နူးစုံကြွယ်
ရတနာရှိ ပီတိသစ်တောကျယ်
ပင်လယ် မြစ်ရယ် တင့်တယ်တောင်များ
အဖိုးတန်မြေ ချစ်ပါစေ
ထိန်းလေလက်ကမ်း နိုးကြားသည်နှင့်လေး။

- ခမ်းနားထည်ဝါ ပြည်ရွာလှပေါ့တည်။
စွမ်းအားတည်ကာ ညီညာကြတော့သည်။

ဖြိုးထက်(ရေစကြို)

## ဇနုဖြူမြို့နယ်တွင် ဆောင်းဆီထွက်သီးနှံဧက ၁၇၁၅၀ စိုက်ပျိုးပြီးစီး

**ဇနုဖြူ ဖေဖော်ဝါရီ ၁၅**

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဇနုဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံဧက ၁၇၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဇနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဇနုဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာ ၁၇၁၁၁ ဧက၊ နှမ်း ခြောက်ဧက၊ မြေပဲ ၃၃ ဧက စုစုပေါင်း ဆီထွက်သီးနှံဧက ၁၇၁၅၀ ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ စိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဇနုဖြူမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံတွေအပါအဝင် အခြားသီးနှံတွေ လျာထားချက်အတိုင်း အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိမှာ ဆီထွက်သီးနှံလျာထားဧကအားလုံး စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာတွေကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးထားပါတယ်။ ဒါ့ပြင် ဆီထွက်သီးနှံနေကြာစိုက်နည်းနဲ့ ပတ်သက်ပြီး တောင်သူပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ထားပါတယ်။ တောင်သူတွေကလဲ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်ကြပါတယ်။ ပူးပေါင်းပါဝင်ကြလို့လဲ အခုလို စိုက်ပျိုးနိုင်တာပါ"ဟု ဇနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြသည်။

ဇနုဖြူမြို့နယ်တွင် ဆီထွက်သီးနှံများကို နိုင်ငံ၏ ဆီလိုအပ်ချက်ဖြည့်ဆည်းပေးရန်၊ သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ဆီများ စားသုံးနိုင်စေရန် ရည်ရွယ်ချက်များဖြင့် စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ အဆိုပါဆီထွက်သီးနှံများ အပါအဝင် အခြားသီးနှံများကို စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြကြောင်း ဇနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျော်ကျော်လင်း



## ဟိုပုန်းမြို့နယ် ဝါးဆို့ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟိုပုန်း ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက လွယ်အွန်ကျေးရွာအုပ်စု ဝါးဆို့ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က ဝါးဆို့ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဝါးဆို့ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း စတုတ္ထအကြိမ်အဖြစ် လုပ်ကွက်ငယ်လုပ်ငန်းလုပ်သူများ၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းလုပ်သူများနှင့် အသေးစား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၁၁၁ သိန်း ထုတ်ချေးပေးခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ချိုသန်းညွန့်

## မိုင်းဖြတ်မြို့နယ် ရှဲန်ဖုန်းကျေးရွာ၌ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းဖြတ် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ရှဲန်ဖုန်းကျေးရွာ၌ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရှဲန်ဖုန်းကျေးရွာ၌ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ရှဲန်ဖုန်းကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေသားလမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဇင်မာ

# နိုင်ငံတကာ သတင်းများ

## ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး အေမင်ဆာဖာဒီ ဆီးရီးယားနိုင်ငံသို့ ရောက်ရှိ

**ဒမတ်စကတ် ဖေဖော်ဝါရီ ၁၅**

ဂျော်ဒန် နိုင်ငံခြားရေးဝန်ကြီး အေမင်ဆာဖာဒီသည် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့သို့ ယနေ့တွင် ရောက်ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါခရီးစဉ်သည်ဆီးရီးယားပြည်တွင်းစစ် စတင်ခဲ့သည့် ၂၀၁၁ ခုနှစ်နောက်ပိုင်း ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦး၏ ပထမဆုံး ဆီးရီးယားခရီးစဉ်ဖြစ်သည်။

ဒမတ်စကတ် ခရီးစဉ်အတွင်း ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီးသည် ဆီးရီးယား ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ ငလျင်ကပ်ဘေးကူညီကယ်ဆယ်ရေး လုပ်ငန်းများ၌ ဂျော်ဒန်နိုင်ငံမည်သို့ပါဝင်ကူညီနိုင်မည်ကို အဓိကထားဆွေးနွေးမည်ဖြစ်သည်။


ဆီးရီးယားခရီးစဉ် ပြီးဆုံးချိန်တွင် ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီး ဆာဖာဒီသည် ဆီးရီးယားနိုင်ငံကဲ့သို့ပင် မြေငလျင်ဒဏ်ခံစားခဲ့ရသည့် တူရကီနိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၆ ရက်တွင် လှုပ်ခတ်ခဲ့သည့် မြေငလျင်များကြောင့် တူရကီနှင့် ဆီးရီးယားနိုင်ငံတို့၌ လက်ရှိအချိန်ထိ သေဆုံးသူ ဦးရေ ၃၈၀၀၀ ကျော်ရှိခဲ့ပြီဖြစ်သည်။

ဆီးရီးယားနှင့် တူရကီငလျင်ဒုက္ခသည်များအတွက် အကူအညီပစ္စည်းများ သယ်ဆောင်ထားသည့် ဂျော်ဒန် သယ်ယူပို့ဆောင်ရေး လေယာဉ်များသည် ယနေ့တွင် တူရကီနှင့် ဆီးရီးယားနိုင်ငံများသို့ ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

KKO

## ၂၀၁၅ နျူကလီးယားသဘောတူညီချက်ပြဿနာနှင့်ပတ်သက်၍ သင့်လျော်သည့်ဆုံးဖြတ်ချက်ချမှတ်ရန် အီရန်သမ္မတကို တရုတ်သမ္မတ တိုက်တွန်း



**ပေကျင်း ဖေဖော်ဝါရီ ၁၅**

အီရန် နျူကလီးယားသဘောတူညီချက် ပြဿနာနှင့်ပတ်သက်၍ သင့်လျော်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို မြန်မြန်ဆန်ဆန်ချမှတ်ရန်အီရန်သမ္မတ အက်ဘရာဟင်ရိုင်စီနှင့် ဖေဖော်ဝါရီ ၁၄ရက်တွင် တွေ့ဆုံဆွေးနွေးစဉ် တရုတ်သမ္မတ ရှီကျင့်ဖျင်က တိုက်တွန်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

၂၀၁၅ ခုနှစ် အီရန် နျူကလီးယားသဘောတူညီချက် ပြန်လည်အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများတွင် တရုတ်နိုင်ငံအနေဖြင့်အပြုသဘောဆောင်သည့်အခန်းကဏ္ဍ၌ ဆက်လက်ပါဝင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၄ ရက် ဆွေးနွေးပွဲတွင် တရုတ်သမ္မတက ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် အီရန်နိုင်ငံအနေဖြင့် ၎င်း၏အခွင့်အရေးများနှင့် အကျိုးစီးပွားများအား ကာကွယ်ရန်ကြိုးပမ်းမှုကိုလည်း မိမိတို့အားပေးထောက်ခံကြောင်း အီရန်သမ္မတနှင့်တွေ့ဆုံစဉ် တရုတ်သမ္မတက ပြောကြားခဲ့သည်။

၂၀၁၅ နျူကလီးယားသဘောတူညီချက်သည် အီရန်၏နျူကလီးယားလက်နက်ထုတ်လုပ်နိုင်စွမ်းကို လျှော့ချရေးအတွက် ယူရေနီယံသန့်စင်နိုင်စွမ်းကို ကန့်သတ်ထားပြီး အပြန်အလှန်အားဖြင့် အီရန်အပေါ် ချမှတ်ထားသော အရေးယူပိတ်ဆို့မှုများကို ရုပ်သိမ်းပေးထားကြောင်း သိရသည်။

သို့သော် သမ္မတဟောင်း ဒေါ်နယ်ထရန့် လက်ထက် ၂၀၁၈ ခုနှစ်တွင် အမေရိကန်နိုင်ငံသည် ၂၀၁၅ နျူကလီးယားသဘောတူညီချက်မှ တစ်ဖက်သတ်နုတ်ထွက်၍ အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများပြန်လည်ချမှတ်ခဲ့ရာ အဆိုပါ နျူကလီးယား သဘောတူညီချက် ပျက်ပြားလုနီးပါးဖြစ်ခဲ့ရသည်။

သို့သော် ၂၀၁၅ နျူကလီးယားသဘောတူညီချက်မှတစ်ဖက်သတ်နုတ်ထွက်ခဲ့သည့်အတွက် တရုတ်နိုင်ငံက အမေရိကန်နိုင်ငံကိုဝေဖန်ခဲ့ကြောင်း သိရသည်။

KKO

## တောင်အာဖရိက၌ ယာဉ်နှစ်စီးဝင်တိုက်မှုကြောင့် လူပေါင်း ၂၀ သေဆုံး၊ ၆၈ ဦး ဒဏ်ရာရရှိ

**ပရီတိုးရီးယား ဖေဖော်ဝါရီ ၁၅**

တောင်အာဖရိကနိုင်ငံမြောက်ပိုင်း လင်ပိုပိုပြည်နယ်၌ ခရီးသည်တင်ဘတ်စကားတစ်စီးနှင့် ဗင်ကားတစ်စီးတို့ ဝင်တိုက်ခဲ့ရာ လူပေါင်း ၂၀ သေဆုံး၍ ၆၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၁၄ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်သည် အင်န်-၁ အမည်ရှိ အဝေးပြေးလမ်းပေါ်ရှိ မြစ်ကူးတံတားတစ်စင်းပေါ်၌ ဖေဖော်ဝါရီ ၁၃ ရက် ညပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် ခရီးသည်တင်ဘတ်စကားမှာ တံတားအောက်မြစ်အတွင်းသို့ အရှိန်လွန်ထိုးကျခဲ့ကြောင်း သိရသည်။

ယာဉ် မတော်တဆမှုအတွင်း သေဆုံးသူ ဦးရေ ၂၀ အနက် သုံးဦး၏ ရုပ်အလောင်းကို ကားလမ်းပေါ်၌တွေ့ရှိခဲ့ရပြီး ၁၆ ဦးတို့၏ ရုပ်အလောင်းများကို မြစ်အတွင်းမှ ဆယ်ယူရရှိခဲ့ကြောင်း လင်ပိုပိုပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ယာဉ် မတော်တဆမှုအတွင်း ဒဏ်ရာရသူ ၆၉ ဦးအနက် တစ်ဦးမှာ ဆေးရုံပေါ်၌ သေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်မတော်တဆမှု ဖြစ်ပွားချိန်တွင် အခင်းဖြစ်ပွားရာနေရာ၌ မိုးသည်းထန်စွာရွာသွန်းနေကြောင်း လင်ပိုပိုပြည်နယ်ရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

KKO



## တိုက်ချင်းပစ်ဒုံးကျည်များကို တာဝန်ယူကိုင်တွယ်ရမည့် တပ်ဖွဲ့သစ် မြောက်ကိုရီးယားနိုင်ငံ ဖွဲ့စည်းထားဖွယ်ရှိ

**ပြုံယမ်း ဖေဖော်ဝါရီ ၁၅**




မြောက်ကိုရီးယား နိုင်ငံသည် မကြာသေးမီကမှ ပြုလုပ်ခဲ့သော စစ်အင်္ဂါစဉ် ပြန်လည်ဖွဲ့စည်းပုံအရ တိုက်ချင်းပစ်ဒုံးကျည်များကို တာဝန်ယူကိုင်တွယ်ရမည့် တပ်ဖွဲ့သစ်တစ်ဖွဲ့ ဖွဲ့စည်းထားဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ပြုလုပ်ခဲ့သော ညပိုင်းကာလစစ်ရေးပြချီတက်ပွဲတွင် မြောက်ကိုရီးယားနိုင်ငံသည် တိုက်ချင်းပစ်ဒုံးကျည်အများအပြားကို ထုတ်ဖော်ပြသခဲ့သည်။

တစ်ချိန်တည်းမှာပင် အဆိုပါ စစ်ရေးပြချီတက်ပွဲ၌ ပါဝင်ခဲ့သည့် တိုက်ချင်းပစ်ဒုံးကျည် ပစ်စင်သစ်တစ်ခုပေါ်တွင် ယခင်မတွေ့ခဲ့ဖူးသော အလံတံဆိပ်သစ်တစ်မျိုးရေးခြယ်ထားရာ မြောက်ကိုရီးယားအနေဖြင့် တိုက်ချင်းပစ်ဒုံးကျည်များ တာဝန်ယူ ကိုင်တွယ်ရေးအတွက် သီးခြားတပ်ဖွဲ့တစ်ဖွဲ့က ဖွဲ့စည်းထားပုံရကြောင်း မြောက်ကိုရီးယားနိုင်ငံအရေး ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

မြောက်ကိုရီးယား နိုင်ငံက ယခင်ပြသခဲ့သည့် တိုက်ချင်းပစ်ဒုံးကျည်များ၌ အမျိုးသားအလံပုံကိုသာ ထည့်သွင်းလေ့ရှိခဲ့သော်လည်း ယခု တိုက်ချင်းပစ် ဒုံးကျည်ပစ်စင်အမျိုးအစားသစ်ပေါ်ရှိ အလံတံဆိပ်သည် မြောက်ကိုရီးယားအနေဖြင့် တိုက်ချင်းပစ် ဒုံးကျည်တပ်ဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထားသည်ကို အတည်ပြုနေသည်ဟု ကျွမ်းကျင်သူများက ထပ်မံပြောကြားထားသည်။

ဖေဖော်ဝါရီ ၉ ရက် စစ်ရေးပြချီတက်ပွဲ၌ ပါဝင်ခဲ့သည့် တိုက်ချင်းပစ်ဒုံးကျည်များသည် ကမ္ဘာတစ်ဝန်းမည်သည့်နေရာမျိုးထိမဆို ရောက်ရှိနိုင်ကြောင်း သိရသည်။

KKO

## အလက်စကာအနီး၌ ရုရှားစစ်လေယာဉ်များကို အမေရိကန်စစ်လေယာဉ်များ ခြေရာခံစောင့်ကြည့်

**နယူးယောက် ဖေဖော်ဝါရီ ၁၅**

အလက်စကာပြည်နယ် အနီး ပျံသန်းနေသည့် ရုရှားလေတပ်မှ ဂျက်တိုက်လေယာဉ်များနှင့် မဟာဗျူဟာဗုံးကြဲလေယာဉ်များကို အမေရိကန်စစ်ဘက် မြောက်အမေရိကန် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့မှ စစ်လေယာဉ်များက ခြေရာခံစောင့်ကြည့်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အလက်စကာ ပြည်နယ်အနီး နိုင်ငံတကာဝေဟင်ပိုင်နက်အတွင်း၌ ပျံသန်းနေသည့် ရုရှားလေတပ် စစ်လေယာဉ်များကို ဖေဖော်ဝါရီ ၁၃ ရက်တွင် တိုက်လေယာဉ်များ စေလွှတ်၍ စောင့်ကြည့်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

သို့သော် အဆိုပါ ရုရှားစစ်လေယာဉ်များသည် အမေရိကန်ဝေဟင်ပိုင်နက်နှင့်ကနေဒါ ဝေဟင်ပိုင်နက်တို့ကို ချိုးဖောက်မှုမရှိခဲ့ကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်၌ ဖော်ပြထားသည်။

အလက်စကာပြည်နယ်အနီး၌ ရုရှားစစ်လေယာဉ်များ ခြေရာခံစောင့်ကြည့်ခံခဲ့ရမှု ရှိ၊ မရှိကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။


သို့ရာတွင် ရုရှားလေတပ်မှ တီယူ-၉၅ အမ်စီမဟာဗျူဟာ ဗုံးကြဲလေယာဉ်များနှင့် အက်စ်ယူ-၃၀ တိုက်လေယာဉ်များသည် ဘာရင်းပင်လယ်ဒေသ၌ ကင်းလှည့်ပျံသန်းမှုများပြုလုပ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဘာရင်း ပင်လယ်ဒေသသည် ရုရှားနှင့်အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်တို့ကြားရှိ ရေပြင်ဒေသဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## တောင်ကိုရီးယားနိုင်ငံ၏ ဒါနူရီလလေ့လာရေးအာကာသယာဉ်က လပတ်လမ်းပေါ်မှရိုက်ကူးခဲ့သော ကမ္ဘာနှင့် လဓာတ်ပုံများကို ပြန်လည်ပေးပို့ခဲ့



**ဆိုးလ် ဖေဖော်ဝါရီ ၁၅**

တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံး လလေ့လာရေးအာကာသယာဉ်ဖြစ်သည့် ဒါနူရီလလေ့လာရေး အာကာသယာဉ်သည် လပတ်လမ်းပေါ်မှတစ်ဆင့် ရိုက်ကူးခဲ့သော ကမ္ဘာနှင့်လဓာတ်ပုံများကို ပြန်လည်ပေးပို့ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၄ ရက်က ရေးသားတင်ပြထားသည်။

ဒါနူရီ လလေ့လာရေးအာကာသယာဉ်သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလလယ်ပိုင်းတွင် လပတ်လမ်း အနိမ့်ပိုင်းအတွင်း စတင်ဝင်ရောက်ခဲ့သည်။

အဆိုပါ လလေ့လာရေးအာကာသယာဉ်သည် လပတ်လမ်းပေါ်မှတစ်ဆင့် ရိုက်ကူးထားသော ကမ္ဘာနှင့် လဓာတ်ပုံများကို ထပ်မံပေးပို့ခဲ့ကြောင်း တောင်ကိုရီးယားအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါဓာတ်ပုံများကို တောင်ကိုးရီးယား အာကာသအေဂျင်စီက တွစ်တာစာမျက်နှာမှတစ်ဆင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ထုတ်ဖော်ပြသခဲ့သည်။

ဒါနူရီ လလေ့လာရေးအာကာသယာဉ်သည် နောက်ဆုံးပေးပို့ထားသည့် ကမ္ဘာနှင့် လဓာတ်ပုံများကို ဇန်နဝါရီ ၅ ရက်၊ ၁၀ ရက်နှင့် ၁၃ ရက်တို့တွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် ဒါနူရီ လလေ့လာရေးအာကာသယာဉ်ကို ပြီးခဲ့သည့်နှစ် ဩဂုတ်လ အစောပိုင်းတွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

KKO

## ဥရောပအာကာသအေဂျင်စီ၏ JUICE အာကာသယာဉ်ကို ပြင်သစ်ဂီယာနာဒေသရှိ အာကာသယာဉ်လွှတ်တင်ရေးစခန်းသို့ ပို့ဆောင်

**ပဲရစ် ဖေဖော်ဝါရီ ၁၅**

ဥရောပအာကာသအေဂျင်စီ၏ ဂျူစ် (JUICE) အမည်ရှိ ကြာသပတေးဂြိုဟ် ဂြိုလ်ရံလများလေ့လာရေးအာကာသယာဉ်ကို ပြင်သစ်ဂီယာနာဒေသရှိ အာကာသယာဉ်လွှတ်တင်ရေးစခန်းသို့ ပို့ဆောင်လိုက်ပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၄ ရက်က ရေးသားတင်ပြထား သည်။

ပြင်သစ် ဂီယာနာ ကိုရူးအာကာသယာဉ်လွှတ်တင်ရေးစခန်း၌ ဂျူစ်အာကာသယာဉ်ကို မလွှတ်တင်မီ နောက်ဆုံးအဆင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ဥရောပ အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

ဥရောပအာကာသအေဂျင်စီသည် ဂျူစ်အာကာသယာဉ်ကို ယခုနှစ် ဧပြီ ၁၃ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။




လွှတ်တင်ပြီးချိန်တွင် ဂျူစ်အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်ရှိရာသို့ ရှစ်နှစ်ကြာပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

ကြာသပတေးဂြိုဟ်ရှိရာသို့ ရောက်ရှိချိန်တွင် ဂျူစ်အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်၏ ယူရိုပါဂြိုဟ်ရံလ၊ ကတ်စတီလိုဂြိုဟ်ရံလနှင့် ဂါနီမီဒီဂြိုဟ်ရံလတို့ကို ၃၅ ကြိမ်ထိ အနီးကပ်ဖြတ်သန်းလေ့လာမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ၂၀၃၄ ခုနှစ်တွင် မစ်ရှင်၏ နောက်ဆုံးအဆင့်အဖြစ် ဂါနီမီဒီဂြိုဟ်ရံလပတ်လမ်းအတွင်း ဝင်ရောက်၍ ၎င်းဂြိုဟ်ရံလကို လှည့်ပတ်လေ့လာမည်ဖြစ်ကြောင်း သိရသည်။

KKO

## စနေဂြိုဟ်၏ ခါးပတ်ကွင်းနယ်မြေများ၌ ထူးဆန်းသည့်အမည်းရောင်အရိပ်ကွက်များ တစ်ဖန်ပြန်လည်ပေါ်ထွက်လာ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

စနေဂြိုဟ်၏ ခါးပတ်ကွင်းနယ်မြေများ၌ ထူးဆန်းသည့်အမည်းရောင်အရိပ်ကွက်များ တစ်ဖန်ပြန်လည်ပေါ်ထွက်လာပြန်ပြီဖြစ်ကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၁၄ ရက်က ရေးသားတင်ပြထားသည်။

စနေဂြိုဟ်ခါးပတ်ကွင်းများအတွင်းရှိ ထူးဆန်းသည့် အမည်းရောင်အရိပ်ကွက်များကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က ထောက်လှမ်းတွေ့ရှိထားခြင်းဖြစ်သည်။

အဆိုပါ ထူးဆန်းသောအရိပ်ကွက်များသည် ပျမ်းမျှအားဖြင့် ၁၅ နှစ်လျှင် တစ်ကြိမ်ကျ စနေဂြိုဟ်ခါးပတ်ကွင်းများအတွင်း ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

အဆိုပါ ထူးဆန်းသောအရိပ်ကွက်များ စနေဂြိုဟ်ခါးပတ်ကွင်းနယ်မြေများအတွင်း ပေါ်ထွက်လာမှုဖြစ်စဉ်ကို လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်ကပင် စတင်တွေ့ရှိခဲ့သော်လည်း မည်သည့်အကြောင်းကြောင့် ထိုဖြစ်စဉ်ပေါ်ထွက်လာရသည်ကို မသိရသေးကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဖြစ်စဉ်သည် စနေဂြိုဟ်၏ အီကွေတာမျဉ်းနှင့် နေတို့ တစ်တန်းတည်းမကျခင်နှင့် ကျပြီးကာလများ တစ်နည်းအားဖြင့် စနေဂြိုဟ်နှစ်တစ်နှစ်၏ ဆောင်းနှင့် နွေဦးကာလများတွင် ပေါ်ထွက်လာတတ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိသည့် နောက်ဆုံးလေ့လာတွေ့ရှိချက်များသည် စနေဂြိုဟ် ခါးပတ်ကွင်းနယ်မြေအတွင်းရှိ ထူးဆန်းသောအရိပ်ကွက်များ မည်သို့ပေါ်ထွက်လာသည်ကို လေ့လာရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း နာဆာသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

# HEALTH

## Paxlovid ကိုဗစ်ရောဂါကုသရေးဆေးက အိုမီခရွန်မျိုးကွဲများအတွက်လည်း ထိရောက်မှုရှိ

**နယူးယောက် ဖေဖော်ဝါရီ ၁၅**

ကိုဗစ်ရောဂါကုသရေးဆေးတစ်မျိုးဖြစ်သည့် Paxlovid ဆေးသည် အိုမီခရွန်မျိုးကွဲများဖြစ်ကြသော BA-4 နှင့် BA-5 ဗိုင်းရပ်များအတွက်လည်း ထိရောက်မှုရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၄ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ကော်လိုရာဒိုတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ရောဂါလက္ခဏာများ ပြင်းထန်နိုင်သည့် နောက်ခံအကြောင်းတရားများရှိနေသူ ကိုဗစ်လူနာဦးရေ ၂၈၀၀ တို့၏ ဆေးဝါးကုသမှုမှတ်တမ်းများကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်ရလဒ်များအရ Paxlovid ဆေးသည် အိုမီခရွန်မျိုးကွဲများဖြစ်ကြသော BA-4 နှင့် BA-5 ဗိုင်းရပ်များကြောင့် ပေါ်ထွက်လာသည့် ရောဂါလက္ခဏာများကိုလည်း လျှော့ချပေးနိုင်ဆဲဖြစ်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ Paxlovid ဆေးသည် အိုမီခရွန်မျိုးကွဲများကြောင့် ဆေးရုံတက်ရောက်ရမှုနှုန်းနှင့် သေဆုံးမှုနှုန်းတို့ကို သိသိသာသာလျှော့ချပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် Paxlovid ဆေးသည် ကုထုံးခံယူပြီးနောက်ပိုင်း ဆေးရုံအရေးပေါ်ဌာနသို့ တက်ရောက်ရမှုနှုန်းကိုလည်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကိုဗစ်ရောဂါကို ကုသရာတွင် ထိရောက်မှုရှိသောဆေးများမှာ Paxlovid နှင့် Remdesivir ဆေးနှစ်မျိုးသာ ရှိသေးကြောင်း သိရသည်။ KKO

## ကိုဗစ်ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုအကျိုးကို အသက် ၅၀ အထက် သက်ကြီးပိုင်းများ ပိုမိုရရှိ

**နယူးယောက် ဖေဖော်ဝါရီ ၁၅**

ကိုဗစ်ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှု အကျိုးကျေးဇူးကို လူငယ်များနှင့် နှိုင်းယှဉ်ပါက အသက် ၅၀ အထက် သက်ကြီးပိုင်းများက ပိုမိုရရှိခံစားကြရကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၄ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ နော့သ်ဝက်စ်သမ်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါကြောင့် သေဆုံးမှုနှုန်းများကို အခြေပြုပြီး ကိန်းဂဏန်းပုံစံတစ်ခုချ၍ ကိုရိုနာဗိုင်းရပ်ကာကွယ်ဆေးများ၏ ထိရောက်မှုကို လေ့လာခဲ့ကြသည်။

လေ့လာချက်ရလဒ်များအရ ကိုရိုနာဗိုင်းရပ် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုကြောင့် လူငယ်များအတွက် ထူးခြားမှုသိပ်မရှိသော်လည်း အသက် ၅၀ အထက် သက်ကြီးပိုင်းများတွင်မူ ကိုဗစ်ကြောင့် သေဆုံးနိုင်ခြေကို တားဆီးရာတွင် အလွန်ထိရောက်မှုရှိကြောင်း သိရသည်။

အခြားသော နိုင်ငံတကာသုတေသနပညာရှင်များကဲ့သို့ပင် နော့သ်ဝက်စ်သမ်း တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကနဦးထိုးနှံသည့် ကိုဗစ်ကာကွယ်ဆေးနှစ်လုံးကြောင့် ပေါ်ထွက်လာသော ဗိုင်းရပ်ခုခံအားစနစ်မှာ အချိန်ကြာလာသည်နှင့်အမျှ ကျဆင်းသွားသည်ကို တွေ့ရှိခဲ့ရသည်။

အလားတူ ကိုဗစ်ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုများကြောင့် အသက် ၅၀ အထက် သက်ကြီးပိုင်းများ၌ ကိုဗစ်ကြောင့် သေဆုံးနိုင်ခြေပုံမှန်ထက် ၁၁ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO



# နိုင်ငံတကာ အားကစားသတင်းများ

## လိဒ်အသင်းက နည်းပြဆန်းတိုစ်ကို စာချုပ်လျော်ကြေးပေး၍ ခေါ်ယူရန်ကြိုးပမ်း

**လန်ဒန် ဖေဖော်ဝါရီ ၁၅**

လိဒ်အသင်းသည် ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြဂျက်ဆီမက်ကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြသစ်ခန့်အပ်ရန် ရှာဖွေလျက်ရှိရာ ဆော်ဒီအာရေဗျကလပ် အယ်အီတီဟတ်အသင်းကို တာဝန်ယူကိုင်တွယ်နေသည့် နည်းပြဆန်းတိုစ်ကို စာချုပ်ဖျက်သိမ်းကြေးစတာလင်ပေါင် ၅ ဒသမ ၃ သန်းပေးချေ၍ ခေါ်ယူရန် ပြင်ဆင်နေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။


နည်းပြဆန်းတိုစ်သည် ယခင်က ပရီးမီးယားလိဂ်ကလပ် ဝုဗ်အသင်းနှင့် စပါးအသင်းတို့ကို တာဝန်ယူခဲ့ပြီး ဝုဗ်အသင်းတွင် အောင်မြင်မှုများ ရရှိခဲ့သော်လည်း စပါးအသင်းသို့ ပြောင်းရွှေ့ခဲ့ချိန်တွင် ရလဒ်ဆိုးများကြောင့် အသင်းမှထုတ်ပယ်ခံခဲ့ရသဖြင့် ဆော်ဒီအာရေဗျကလပ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် နည်းပြဆန်းတိုစ်၏ အယ်အီတီဟတ် အသင်းသည် အမှတ်ပေးပွဲ ၁၆ ပွဲကစားပြီးချိန်တွင် ရမှတ် ၃၇ မှတ်ရရှိကာ အဆင့် (၃) နေရာသို့ ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် ၎င်းသည် အသင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း လိဒ်အသင်း ဘုတ်အဖွဲ့က အသင်းအား တန်းဆင်းဇုန်မှ လွတ်မြောက်ရန်အတွက် ပရီးမီးယားလိဂ်အတွေ့အကြုံကောင်းများရှိသည့် နည်းပြဆန်းတိုစ်ကို စာချုပ်လျော်ကြေးပေးကာ ခေါ်ယူရန် ဆုံးဖြတ်ခဲ့သည်။

ယခုအခါ လိဒ်အသင်းသည် နည်းပြသစ် ခန့်အပ်နိုင်ခြင်းမရှိသေးသဖြင့် လက်ထောက်နည်းပြသုံးဦးကို အသင်း၏ ယာယီနည်းပြများအဖြစ်ခန့်အပ်ကာ ပြီးခဲ့သည့် ပွဲစဉ်နှစ်ပွဲကို တာဝန်ပေးအပ်ခဲ့ရာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့ပြီး မန်ယူအသင်းကို အိုးထရက်ဖို့ဒ်ကွင်းတွင် သရေရလဒ် စွမ်းဆောင်နိုင်ခဲ့သည့် ယာယီနည်းပြများ၏ ဦးဆောင်မှုကို နှစ်သက်မှုရှိသော်လည်း ကာလရှည်အသုံးပြုရန် အစီအစဉ်မရှိသောကြောင့် နည်းပြသစ် တစ်ဦး ခန့်အပ်ရန် ပြင်ဆင်ခဲ့ပြီး နည်းပြဆန်းတိုစ်ကို ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။ ML



## ၂၀၂၃ ကမ္ဘာ့ကလပ်ချန်ပီယံဖလားပြိုင်ပွဲကို ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်



**ရီယာ့ဒ် ဖေဖော်ဝါရီ ၁၅**

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က ၂၀၂၃ ခုနှစ် ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံဖလားပြိုင်ပွဲကို ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ပြီး လာမည့် ဒီဇင်ဘာ ၁၂ ရက်မှ ဒီဇင်ဘာ ၂၂ ရက်ထိ ကျင်းပ ပြုလုပ်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်အတွက် ကျင်းပခဲ့သည့် ကမ္ဘာ့ကလပ် ချန်ပီယံပြိုင်ပွဲတွင် ဆော်ဒီအာရေဗျကလပ် အယ်ဟိုင်လာအသင်းအနေဖြင့် ပထမဆုံးအကြိမ် ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ပြီးနောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဖေဖော်ဝါရီ ၁၄ ရက်က ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် ၂၀၂၃ ခုနှစ်အတွက် ပြိုင်ပွဲကို ဆော်ဒီအာရေဗျနိုင်ငံတွင် ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆုံးဖြတ်ချက်ကြောင့် ဆော်ဒီအာရေဗျနိုင်ငံတွင် ပြုလုပ်မည့် ကမ္ဘာ့ကလပ်ချန်ပီယံပြိုင်ပွဲကို ရာသီဥတုအခြေအနေကြောင့် အချိန်ပြောင်းလဲကျင်းပရမည်ဖြစ်သဖြင့် လာမည့် ဒီဇင်ဘာလတွင် ပြုလုပ်မည်ဖြစ်သောကြောင့် ကမ္ဘာ့ကလပ်ချန်ပီယံဖလားသမိုင်းတွင် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ချန်ပီယံရရှိမည့် အသင်းနှစ်သင်း ပေါ်ထွက်လာမည်ဖြစ်သည်။

၂၀၂၂ ခုနှစ်အတွက် ပြိုင်ပွဲကို ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း မော်ရိုကိုနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့ပြီး ဥရောပချန်ပီယံ ရီးရဲလ်မက်ဒရစ်အသင်းက ဆုဖလားရယူနိုင်ခဲ့သောကြောင့် ယခုနှစ် ဥရောပ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ချန်ပီယံဆုရယူ၍ ၂၀၂၃ ကမ္ဘာ့ကလပ်ချန်ပီယံ ပြိုင်ပွဲကို ဝင်ရောက်ကစားခွင့် ရရှိခဲ့ပါက တစ်နှစ်အတွင်း ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံဆုဖလားနှစ်ကြိမ်ထိ ရယူနိုင်သည့် ပထမဆုံးအသင်းဖြစ်လာရန် အခွင့်အရေးရှိနေကြောင်း သိရသည်။ ML

## ဆလာနီတာနာအသင်းက ဖီအိုရင်တီးနား နည်းပြဟောင်း ဆိုဆာကို နည်းပြသစ်အဖြစ် ခန့်အပ်

**ရောမ ဖေဖော်ဝါရီ ၁၅**

ဆလာနီတာနာ အသင်းသည် နည်းပြနီကိုလာကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် ယခင်စီးရီးအေကလပ်အသင်းဖြစ်သည့် ဖီအိုရင်တီးနားအသင်းကို တာဝန်ယူခဲ့သည့် နည်းပြဆိုဆာကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ကြောင်း Footballitalia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် ဆလာနီတာနာ အသင်းဥက္ကဋ္ဌ လာဗိုလီနီက နည်းပြဆိုဆာနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ရာတွင် ခြောက်လစာချုပ်ဖြင့်သာ ခန့်အပ်မည်ဖြစ်ပြီး စာချုပ်သက်တမ်းကုန်ဆုံးပါက အသင်းအနေဖြင့် စီးရီးအေတွင်ဆက်လက်ကစားရပါက နောက်ထပ်သက်တမ်း တစ်နှစ်တိုးနိုင်မည့် သဘောတူညီချက်ပါဝင်နေသကဲ့သို့ လာမည့်နာရီပိုင်းအတွင်း အပြီးသတ်စာချုပ်ချုပ်ဆို၍ တရားဝင်ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

ဆလာနီတာနာ အသင်းသည် ၂၀၂၃ ခုနှစ်အတွင်း ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်များတွင် ရမှတ် လေးမှတ်သာရရှိခဲ့ပြီး အမှတ်ပေးပြိုင်ပွဲ ၂၂ ပွဲကစားအပြီးတွင် ငါးပွဲနိုင်၊ ခြောက်ပွဲသရေ၊ ၁၁ ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၂၁ မှတ်ရရှိကာ အဆင့်(၁၆) နေရာတွင် ရပ်တည်နေသော်လည်း အဆင့် (၁၈)မှ ဗီရိုနာအသင်းနှင့် ရမှတ် လေးမှတ်သာ ကွာဟနေသောကြောင့် တန်းဆင်းဇုန် အန္တရာယ်နှင့် နီးကပ်လာချိန်တွင် နည်းပြနီကိုလာကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နည်းပြ ဆိုဆာသည် စီးရီးအေကလပ်ဖီအိုရင်တီးနားအသင်းအား ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ကိုင်တွယ်ခဲ့ရာ ပြိုင်ပွဲစုံ ၉၅ ပွဲတွင် ၄၃ ပွဲနိုင်၊ ၂၅ ပွဲသရေရရှိအောင် စွမ်းဆောင်နိုင်ခဲ့သကဲ့သို့ ၂၀၁၇ ခုနှစ်တွင် တရုတ်ကလပ် တီယန်ကျင်းအသင်း၊ ၂၀၁၉ ခုနှစ်တွင် ပြင်သစ်ကလပ် ဘော်ဒိုးအသင်း၊ ၂၀၂၀ ခုနှစ်တွင် ပိုလန်လက်ရွေးစင်အသင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ဇွန်လထိ ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော်လည်း ယခုအခါ ဆလာနီတာနာအသင်း၏ ကမ်းလှမ်းမှုကို လက်ခံ၍ စီးရီးအေသို့ ပြန်လည်ခြေချရန် ဆုံးဖြတ်ခဲ့သည်။ ML

## ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ရှုံးထွက်အဆင့်တွင် အသက်အငယ်ဆုံးကစားသမားအဖြစ် အမ်မရီ မှတ်တမ်းဝင်

**ပဲရစ် ဖေဖော်ဝါရီ ၁၅**

ပီအက်စ်ဂျီအသင်း လူငယ်ကစားသမား အမ်မရီသည် ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆) သင်းရှုံးထွက်အဆင့်ပထမအကျော့ ပွဲစဉ်အဖြစ် ကစားခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ပွဲစဉ်တွင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ရှုံးထွက်အဆင့်တွင် အသက်အငယ်ဆုံး ပါဝင်ကစားခွင့်ရရှိခဲ့သူအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း L'Equipe သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက အိမ်ကွင်းတွင် ဘိုင်ယန်မြူးနစ်အသင်းကို ၎င်းတို့အသင်းကစားသမားဟောင်း တစ်ဦးဖြစ်သည့် ကိုးလ်မန်း၏ သွင်းဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး အဆိုပါပွဲစဉ်တွင် အမ်မရီက ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့ပြီးနောက် စံချိန်မှတ်တမ်းကောင်း တစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းနှင့်ဘိုင်ယန်မြူးနစ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အမ်မရီသည် အသက် ၁၆ နှစ်နှင့် ၃၄၃ ရက်သာရှိသေးပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် ရှုံးထွက်အဆင့်တွင် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။



အမ်မရီသည် ပီအက်စ်ဂျီအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဇူလိုင်လက အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုကာ စတင်ပူးပေါင်းခဲ့သူဖြစ်ပြီး လက်ရှိနည်းပြ ဂယ်တီယာ လက်ထက်တွင် ပွဲထွက်ခွင့်များရရှိနေပြီး ပြင်သစ်လီဂူးပြိုင်ပွဲတွင် ၁၁ ပွဲထိ ပါဝင်ကစားခွင့်ရရှိခဲ့ကာ နှစ်ဂိုး သွင်းယူထားကြောင်း သိရသည်။ STA

## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားသည့် တိုက်စစ်မှူး ဂရင်းဝုဒ်ကို တူရကီကလပ် ဖီနာဘာချီအသင်းက ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- ပီအက်စ်ဂျီအသင်းအနေဖြင့် ချန်ပီယံလိဂ်ပထမအကျော့တွင် ဘိုင်ယန်မြူးနစ်ကို ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့ အဝေးကွင်းပွဲစဉ်တွင် နိုင်ပွဲရှာဖွေ၍ နောက်တစ်ဆင့်တက်ရောက်မည်ဖြစ်ကြောင်း တိုက်စစ်မှူး အမ်ဘက်ပီက ထုတ်ဖော်ပြောကြားခဲ့သည်။
- တူရကီကလပ် ဟာတာရာစပေါ်အသင်းတွင် ကစားနေသည့် နယူးကာဆယ်ကစားသမားဟောင်း ခရစ်စတီယန်အာဆူသည် တူရကီငလျင်လှုပ်ခဲ့ပြီး ကိုးရက်ကြာချိန်ထိ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။ ML

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ပူးတွဲအိမ်ရှင်အသင်းများကို တိုက်ရိုက်ဝင်ခွင့်ပြုရန် ဆုံးဖြတ်




**ဇူးရစ် ဖေဖော်ဝါရီ ၁၅**

ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အမေရိကန်အသင်း၊ မက္ကဆီကို အသင်းနှင့် ကနေဒါအသင်းတို့ကို ခြေစစ်ပွဲမကစားစေဘဲ တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်စေရန် ဆုံးဖြတ်ခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်က နောက်ဆုံးကျင်းပခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲထိ သမိုင်းတစ်လျှောက်အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အသင်းများကို အခွင့်အရေးအဖြစ် ခြေစစ်ပွဲများ မကစားစေဘဲ တိုက်ရိုက်ဝင်ခွင့်ပေးခဲ့ခြင်းဖြစ်သည်။

၁၉၃၀ ပြည့်နှစ်မှ စတင်ပြီး လေးနှစ်လျှင် တစ်ကြိမ်ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ပူးတွဲအိမ်ရှင်အဖြစ်ပြီးခဲ့သည့် ၂၀၀၂ ခုနှစ်က စတင်ခွင့်ပြုခဲ့ပြီး အဆိုပါနှစ်က တောင်ကိုရီးယားအသင်းနှင့် ဂျပန်အသင်းတို့က ပူးတွဲအိမ်ရှင်အဖြစ်ကျင်းပခဲ့ပြီး ခြေစစ်ပွဲကိုလည်း တိုက်ရိုက်ဝင်ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ သုံးနိုင်ငံပူးတွဲအိမ်ရှင်အဖြစ် ပထမဆုံးအကြိမ်ကျင်းပမည်ဖြစ်ပြီး အစောပိုင်းက ပူးတွဲအိမ်ရှင် အမေရိကန်အသင်း၊ ကနေဒါအသင်းနှင့် မက္ကဆီကိုအသင်းတို့ကို တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ပါက တိုက်ရိုက်ဝင်ခွင့်ရအသင်း များပြားလာနိုင်သည့်အတွက် မရေမရာဖြစ်နေသော်လည်း ယခုအခါ အဆိုပါသုံးသင်းကို ခြေစစ်ပွဲမကစားဘဲ တိုက်ရိုက်ဝင်ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ STA

# မန်ယူအသင်းက ဂရင်းဝုဒ်၏ အနာဂတ်နှင့်ပတ်သက်ပြီး ယခုနှစ်ဘောလုံးရာသီကုန်ဆုံးမှသာ ဆုံးဖြတ်မည်ဟုထုတ်ပြန်

**မန်ချက်စတာ ဖေဖော်ဝါရီ ၁၅**

မန်ယူအသင်းက လူငယ်ကစားသမား ဂရင်းဝုဒ်၏ အနာဂတ်နှင့် ပတ်သက်ပြီး ယခုနှစ်ဘောလုံးရာသီအကုန်မှသာ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Daily Star သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်ရှိ ဂရင်းဝုဒ်သည် မန်ယူအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး အသင်းနှင့် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ အနာဂတ်တွင် တောက်ပလာနိုင်သည့်ကစားသမားအဖြစ် သတ်မှတ်ခံထားရသော်လည်း ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလက ၎င်း၏ချစ်သူကို ကိုယ်ထိလက်ရောက် ကျူးလွန်မှုများကြောင့် ရဲတပ်ဖွဲ့၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသူ ဖြစ်သည်။

ဂရင်းဝုဒ်ကို ရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့ပြီးနောက် မန်ယူအသင်းကလည်း ၎င်းကို အသင်းကစားသမားစာရင်းမှ ချန်လှပ်ခဲ့ပြီး ယခုအခါ ဂရင်းဝုဒ်အနေဖြင့် ၎င်းရင်ဆိုင်နေရသည့်အမှုမှ ပြန်လည်လွတ်မြောက်လာပြီဖြစ်သော်လည်း မန်ယူအသင်းက အသင်းနှင့်ပူးပေါင်းခွင့် မပြုသေးခြင်းဖြစ်သည်။

ဂရင်းဝုဒ်အနေဖြင့် ၎င်းရင်ဆိုင်နေရသည့်အမှုမှ လွတ်မြောက်ခဲ့သော်လည်း မန်ယူအသင်းက ဆက်လက် စုံစမ်းစစ်ဆေးမှုများ ဆက်လက် ပြုလုပ်လျက်ရှိနေပြီး ၎င်း၏ အနာဂတ်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ခြင်းမရှိသေးဘဲ ယခုနှစ် ဘောလုံးရာသီ အကုန်မှသာ ဆုံးဖြတ်ချက် ချမှတ်မည်ဖြစ်သည်။

ဂရင်းဝုဒ်သည် မန်ယူအသင်းနှင့် ၂၀၂၅ ခုနှစ်ထိ စာချုပ်သက်တမ်း ကျန်ရှိနေသူဖြစ်ပြီး အသင်းတွင် တစ်ပတ်လုပ်ခစတာလင်ပေါင် ၇၅၀၀၀ ထိ ရရှိနေသူဖြစ်ကြောင်း သိရသည်။ STA

# Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ကစားသမား တိုက်ဂါးဝုဒ် ပါဝင်ယှဉ်ပြိုင်သွားမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်တွင် ကျင်းပသွားမည့် Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်က ပါဝင်ယှဉ်ပြိုင်မည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း yahoo sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂေါက်သီးရိုက် အားကစားလောကတွင် အအောင်မြင်ဆုံးသော ဂေါက်သီးရိုက်ကစားသမား စာရင်းတွင် ပါဝင်နေသည့် တိုက်ဂါးဝုဒ်သည် ၂၀၂၃ ခုနှစ်ဂေါက်သီးရိုက်ရာသီ၌ အောင်မြင်မှုရရှိရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်းလည်း ပြောကြားခဲ့သည်။

တိုက်ဂါးဝုဒ်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် နောက်ကျောဒဏ်ရာ ပြဿနာကြောင့် ငါးကြိမ်တိုင်တိုင် ခွဲစိတ်ကုသမှုခံယူခဲ့ရသူဖြစ်ပြီး အသက်အန္တရာယ် ခြိမ်းခြောက်နိုင်သည့် မော်တော်ယာဉ်တိမ်းမှောက်မှုဖြင့်လည်း ရင်ဆိုင်ခဲ့ရသူဖြစ်သည်။

မော်တော်ယာဉ်တိမ်းမှောက်မှုကြောင့် ခွဲစိတ်ကုသမှုများပြုလုပ်ထားခဲ့ရသူ တိုက်ဂါးဝုဒ်သည် ကြံ့ခိုင်မှုပိုင်း ပုံမှန်အခြေအနေတွင် မရှိသော်လည်း ၂၀၂၃ ခုနှစ် ဂေါက်သီးရိုက်ရာသီတွင် ဆုဖလားတစ်လုံးရရှိအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



တိုက်ဂါးဝုဒ်က "ကျွန်တော့်အနေနဲ့ ဂေါက်သီးရိုက်လောကမှာ ပြိုင်ပွဲဝင် တစ်ဦးအနေနဲ့သာ ကျင်လည်သွားချင်တယ်။ အခုလဲ ပြိုင်ပွဲပြန်ဝင်နိုင်ဖို့ ပြင်ဆင်ထားတယ်။ ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နိုင်တာနဲ့ပြိုင်ဘက်တွေကို အနိုင်ယူဖို့ပဲ ပစ်မှတ်ထားတယ်။ Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမယ်။ ဒီပြိုင်ပွဲမှာ အောင်မြင်မှုရယူနိုင်ဖို့ ရည်မှန်းထားပါတယ်။ Cut စာရင်းမှာ ပါဝင်လာနိုင်ဖို့ဆိုတာမျိုး ရည်မှန်းချက်မထားဘူး။ အနိုင်ရဖို့အတွက် ပြိုင်ပွဲထဲ ပြန်ဝင်ဖို့ဆုံးဖြတ်ထားတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# Rotterdam Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ စတီဖာနို့စ်နှင့်မျက်ဒဗျက်တက်ရောက်

**အမ်စတာဒမ် ဖေဖော်ဝါရီ ၁၅**

နယ်သာလန်နိုင်ငံတွင် ကျင်းပနေသည့် Rotterdam Open တင်းနစ်ပြိုင်ပွဲပထမအဆင့် ပွဲစဉ်များအဖြစ် ဂရိတင်းနစ်ကစားသမား စတီဖာနို့စ်က ဖင်လန်တင်းနစ်ကစားသမား ရှူဆူဗူအိုရီဖြင့်လည်းကောင်း၊ ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်က စပိန်တင်းနစ်ကစားသမားဖိုကီနာဖြင့် လည်းကောင်း အသီးသီးယှဉ်ပြိုင်ခဲ့ရာ နိုင်ပွဲကိုယ်စီရရှိခဲ့ကြပြီး ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြကြောင်း Ubitennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စတီဖာနို့စ်က ရှူဆူဗူအိုရီအား (၇-၅၊ ၆-၁) ရလဒ်ဖြင့် လည်းကောင်း၊ မျက်ဒဗျက်ကဖိုကီနာအား (၄-၆၊ ၆-၂၊ ၆-၂) ရလဒ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရခဲ့သည်။

စတီဖာနို့စ်သည် ရှူဆူဗူအိုရီကို ပထမပွဲငယ်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရပြီး Tie-break အဆင့်ထိကစားခဲ့ပြီးမှ အနိုင်ရရှိခဲ့ကာ ဒုတိယပွဲငယ်တွင် ပြတ်သားသောရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မျက်ဒဗျက်နှင့် ဖိုကီနာတို့ပွဲစဉ်တွင် မျက်ဒဗျက်သည် ဖိုကီနာကို ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စတီဖာနို့စ်သည် ၂၀၂၃ ခုနှစ် တင်းနစ်ရာသီတွင် ရှုံးပွဲတစ်ပွဲသာရှိခဲ့ပြီး ယင်းပွဲစဉ်သည်လည်း ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဂျိုကိုဗစ်အားရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

စတီဖာနို့စ်က "ပထမပွဲငယ်မှာ ပုံစံကောင်းရဖို့အတွက် ရုန်းကန်ခဲ့ရပါတယ်။ ပထမပွဲငယ်မှာပုံစံကောင်းရဖို့ ရုန်းကန်ခဲ့ရတယ်ဆိုပေမဲ့လဲ အခွင့်အရေးကောင်းတွေ ရခဲ့ပါတယ်။ အခွင့်အရေးကောင်းတွေကို အသုံးချနိုင်ခဲ့လို့ Tie-break မှာ အနိုင်ရခဲ့ပါတယ်။ ပထမပွဲငယ်မှာ ရှူဆူဗူအိုရီက (၅-၃) ရလဒ်နဲ့ ဦးဆောင်နိုင်ခဲ့တယ်။ ကျွန်တော့်အနေနဲ့ နောက်ကနေလိုက်ကစားခဲ့ရတယ်။ နောက်ကနေ လိုက်ကစားခဲ့ရပေမဲ့လဲ ကျွန်တော့်အတွက် ဝမ်းသာ ကျေနပ်စရာကောင်းတဲ့ ရလဒ်မျိုးရခဲ့ပါတယ်။ ဒုတိယပွဲငယ်ကတော့ အမှားအယွင်းမရှိဘဲ လိုချင်တဲ့ ရလဒ်မျိုးရခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။ AZL

# WBO စူပါဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်ကို ကာဇူတို လက်လွှတ်

**တိုကျို ဖေဖော်ဝါရီ ၁၅**

WBO စူပါဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာဇူတိုသည် ဂျိုရှာဖရန်ကိုနှင့် မကျေပွဲထိုးသတ်လိုသည့်အတွက်ကြောင့် WBO စူပါဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အား လက်လွှတ်ဆုံးရှုံးခံရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု Bad Left Hook သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

WBO စူပါဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဂျပန်လက်ဝှေ့သမား ကာဇူတိုအား WBO အဖွဲ့ချုပ်က ဂျပန်လက်ဝှေ့သမား နာကာတာနီနှင့် လက်ရှိချန်ပီယံဆုကို ကာကွယ်ထိုးသတ်ရန် ညွှန်ကြားလာပြီး ကာဇူတိုက WBA စူပါဖလိုင်းဝိတ်တန်းကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဂျိုရှာဖရန်ကိုနှင့် မကျေပွဲထိုးသတ်ရန်သာ ဆုံးဖြတ်ထားသည်။

WBO အဖွဲ့ချုပ်၏ ညွှန်ကြားချက်ကို ငြင်းဆန်လိုက်သည့်အတွက်ကြောင့် ကာဇူတိုအနေဖြင့် လက်ရှိချန်ပီယံဆုကို စွန့်လွှတ်ရမည်ဖြစ်ပြီး ကာဇူတိုက ဂျိုရှာဖရန်ကိုနှင့်မကျေပွဲဆင်နွှဲလိုသည့်အတွက် WBO စူပါဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ကြည်ကြည်ဖြူဖြူဖြင့် လက်လွှတ်ခံရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကာဇူတိုနှင့် ဂျိုရှာဖရန်ကိုတို့သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ဂျပန်နိုင်ငံတိုကျိုမြို့တွင် စိန်ခေါ်ပွဲထိုးသတ်ခဲ့ရာ သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

WBO နှင့် WBA တို့သည် ကာဇူတိုနှင့် ဂျိုရှာဖရန်ကိုတို့ပွဲစဉ်တွင် အနိုင်ရရှိလာသည့် ချန်ပီယံသည် နာကာတာနီနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ကြောင်း ညွှန်ကြားထားပြီး ကာဇူတိုနှင့်ဂျိုရှာဖရန်ကိုတို့ပွဲစဉ်မှာ သရေရလဒ်သာ ထွက်ပေါ်ခဲ့သည့်အတွက် နာကာတာနီဖြင့် ထိုးသတ်သွားရေးမှာ ပြတ်သားသည့် ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ထွက်ပေါ်လာခဲ့ခြင်းမရှိသည့်အတွက်ကြောင့် WBO က ကာဇူတိုအား နာကာတာနီဖြင့် ထိုးသတ်သွားရန် ညွှန်ကြားခဲ့ပြီး ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သွားရန်လည်း ညွှန်ကြားခဲ့သည်။

သို့သော်လည်း ကာဇူတိုနှင့် နာကာတာနီတို့ကြား ဆွေးနွေးမှု ပျက်ပြားခဲ့ရသလို ကာဇူတိုက ဂျိုရှာဖရန်ကိုဖြင့်သာ မကျေပွဲထိုးသတ်ရန် ဆုံးဖြတ်လာသည့်အတွက် WBO က စည်းမျဉ်းအရ ကာဇူတိုအား လက်ရှိချန်ပီယံအဖြစ်မှ ဖယ်ရှားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ AZL

# ၁၉၁၄ ခုနှစ်တွင် ပေါ်ပေါက်လာသည့် မြန်မာကာလပေါ်ဝတ္ထုကြီးများ

**ပုသိမ်အောင်သန်းဦး**

၁၉၁၄ ခုနှစ်တစ်ဝိုက်တွင် မြန်မာကာလပေါ်ဝတ္ထုများ လှိုင်လှိုင်ထွက်လာသည်။ ဝန်စာရေးဦးကြီး၊ ဦးလတ်၊ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ သခင်ကိုယ်တော်မှိုင်း စသည့်စာရေးဆရာကြီးများ အလျှိုလျှိုပေါ်ပေါက်လာခဲ့သည်။

ဝန်စာရေးဦးကြီးသည် "ချဉ်ပေါင်ရွက်သည် မောင်မှိုင်း"အပြင် မြကလေး(၁၉၁၁)၊ စကားတောင်းစား(၁၉၁၄)၊ မောင်ဘသန်း မသန်းမေ(၁၉၁၄)၊ စိန်ကလေး(၁၉၁၄)တို့ကို ရေးသားခဲ့သည်။

ထို့နောက် ဦးလတ်ပေါ်လာသည်။ ဦးလတ်သည် ၁၉၁၂ ခုနှစ်မှ ၁၉၁၆ ခုနှစ်ထိ ခုနှစ်နှစ်အတွင်း ကာလပေါ်ဝတ္ထုငါးအုပ်ရေးခဲ့သည်။ စံပယ်ပင်၊ ရွှေပြည်စိုး၊ သုံးဘုံ၊ တစ်နန်းပျော်၊ ရင်သွေးတော်တို့ဖြစ်သည်။ ရွှေပြည်စိုးဝတ္ထုမှာ ထင်ရှားခဲ့သည်။

ဤနေရာတွင် စာရေးဆရာ ဦးလတ်အကြောင်း အနည်းငယ်ဖော်ပြလိုသည်။ ဦးလတ်ကို ရွှေဘိုခရိုင် မကျည်းတုံကျေးရွာမှ အဖ ဦးမြစ်၊ မိခင် ဒေါ်ထွေးတို့က ၁၈၆၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။ အင်္ဂလိပ်လက်အောက်ခံ မြန်မာပြည်တွင် အင်္ဂလိပ်စာသင်ခွင့်ရခဲ့သည်။ မြန်မာစာပေကိုလည်း အထူးလေ့လာသင်ကြားခဲ့သည်။

ဦးလတ်သည် ဒုတိယပုလိပ်မင်းကြီးရုံးတွင် စတင်အမှုထမ်းသည်။ ၁၈၉၁ ခုနှစ်တွင် ပုလိပ်အင်စပက်တော်ဖြစ်လာသည်။ မြန်မာဆန်ဆန် ဝတ်စားဆင်ယင်တတ်ပြီး သျှောင်ကိုမစွန့်ခဲ့ပေ။ မတရားသည်ကို မနှစ်မြို့၊ မနှစ်သက်၊ အင်္ဂလိပ်ဗိုလ်ရထားပေါ်တွင် ဗိုလ်ကျ အနိုင်ကျင့်မှုကို လက်သီးဖြင့်ထိုး၊ ခြေဖြင့်ကန်သည်ထိ တုံ့ပြန်ခဲ့သူဖြစ်သည်။ ၁၉၀၉ ခုနှစ်တွင် အလုပ်မှ အထုတ်ခံရပြီး စာပေဖြင့်သာ အသက်မွေးခဲ့သူဖြစ်သည်။

၁၉၁၄ ခုနှစ်နောက်ပိုင်းတွင် ထင်ပေါ်ကျော်ကြားလာသူ နောက်တစ်ဦးမှာ လယ်တီပဏ္ဍိတဦးမောင်ကြီးဖြစ်သည်။ ဦးမောင်ကြီးသည် ဝန်စာရေးဦးကြီး၏ လမ်းစဉ်ကိုလိုက်ကာ လူကြိုက်များသော ဝတ္ထုများကို ဖန်တီးရေးသားခဲ့သည်။ သူတို့ခေတ်က ရည်းစားများစွာထားသည့် ဇာတ်လိုက်ကို ပရိသတ်က နှစ်သက်စွဲလမ်းကြဟန်ရှိသည်။

ဦးမောင်ကြီးသည် ခေတ်အလိုကျ ရည်းစားများသော မောင်သန်းညွန့်ကို ဇာတ်လိုက်ထားကာ ရေးဖွဲ့သည်။ မူလက မြန်မာ့အလင်းသတင်းစာတွင် နေ့စဉ်ဖော်ပြခဲ့သည်။ ၁၉၁၄ ခုနှစ်တွင် စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။ ဝတ္ထုအမည်မှာ "ခင်မြင့်ကြီး"ဖြစ်သည်။

ဇာတ်လမ်းမှာ သီပေါမင်းပါတော်မူပြီးနောက် အထည်ကြီးပျက်၏သား မောင်သန်းညွန့်သည် မီးရထားလမ်းတစ်လျှောက်သွားလာရင်း တောင်ငူ၊ ပဲခူး၊ ရန်ကုန်တို့၌ ရည်းစားများထားကာ ပွေရှုပ်သည့် ဇာတ်ဖြစ်သည်။ နောင်အခါ ရည်းစားများခြင်းကြောင့် ထွက်ပေါက်ရှာသည့်အနေဖြင့် ဖိုလ်ဝင်တောင်သို့ ရှောင်ပြေးပြီး ရသေ့ဝတ်ကြောင်း၊ နောက်ဆုံး တောင်ငူမြို့မှ ဦးမြသာ၊ ဒေါ်သိန်းတို့၏သမီး "ခင်မြင့်ကြီး"နှင့် လက်ထပ်ကာ ပျော်ရွှင်စွာနေထိုင်ခဲ့သည့်အကြောင်း သရုပ်ဖော်ရေးသားထားသည့် အပျော်ဖတ်ဝတ္ထုသာဖြစ်သည်။

> ❖ ရွှေတောင်ဆရာလွန်းကလောင်ဖြင့် ၁၉၀၅ ခုနှစ်တွင် "မော်လမြိုင်ရာဇဝင်ဝတ္ထု"ကို ရေးသားခဲ့သူမှာ နောင်သခင်ကိုယ်တော်မှိုင်းအမည်ဖြင့် ထင်ရှားလာသူဖြစ်သည်။ ဆရာလွန်းသည် ၁၉၁၁ ခုနှစ်တွင် သူရိယသတင်းစာတိုက်၌ အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ဆရာကြီးသည် မစ္စတာ မောင်မှိုင်းအမည်ဖြင့် "ဗိုလ်ဋီကာ"၊ "ဒေါင်းဋီကာ"၊ "မျောက်ဋီကာ"၊ "ခွေးဋီကာ"၊ "ဘွိုင်းကောက်ဋီကာ"၊ "ဂျူန်ပုံဒီပနီဋီကာ"၊ "ဒေါင်းဂဏ္ဍီ"၊ "ခွေးဂဏ္ဍီ"၊ "အာဇာနည်ဗိမာန်ဋီကာ" စသည့်စာအုပ်ကြီးများကို ရေးသားခဲ့ရုံမက "လေးချိုးပေါင်းချုပ်"စာအုပ်ကိုလည်း ရေးသားခဲ့သည်။ ❖

ဝန်စာရေးဦးကြီး၏ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းက ရောဝတီမြစ်ကြောင်းတစ်လျှောက် မိန်းမများနှင့် ပွေလိမ်ရှုပ်ခဲ့သလို လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ မောင်သန်းညွန့်ကလည်း မီးရထားလမ်းတစ်လျှောက် ပွေလိမ်ရှုပ်ခဲ့သည့် ဇာတ်လမ်းသာဖြစ်သည်။

လယ်တီပဏ္ဍိတဦးမောင်ကြီးသည် ခင်မြင့်ကြီးဝတ္ထုအပြင် မန္တလေး မောင်ခင်မောင် ကလောင်ခွဲဖြင့် သန်းသန်း၊ တင်တင်မြ စသည့်ဝတ္ထုများလည်း ရေးသားခဲ့သည်။ နောင်အခါ လယ်တီပဏ္ဍိတဦးမောင်ကြီးသည် သမိုင်းနောက်ခံဝတ္ထုများဖြစ်သည့် "နတ်သျှင်နောင်"၊ "ဗညားနွဲ့"၊ "တပင်ရွှေထီး"ဟူသည့် ဝတ္ထုရှည်ကြီးများကိုလည်း ရေးသားခဲ့သည်။

ရွှေတောင်ဆရာလွန်းကလောင်ဖြင့် ၁၉၀၅ ခုနှစ်တွင် "မော်လမြိုင်ရာဇဝင်ဝတ္ထု"ကို ရေးသားခဲ့သူမှာ နောင် သခင်ကိုယ်တော်မှိုင်းအမည်ဖြင့် ထင်ရှားလာသူဖြစ်သည်။ ဆရာလွန်းသည် ၁၉၁၁ ခုနှစ်တွင် သူရိယသတင်းစာတိုက်၌ အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ဆရာကြီးသည် မစ္စတာ မောင်မှိုင်းအမည်ဖြင့် "ဗိုလ်ဋီကာ"၊ "ဒေါင်းဋီကာ"၊ "မျောက်ဋီကာ"၊ "ခွေးဋီကာ"၊ "ဘွိုင်းကောက်ဋီကာ"၊ "ဂျူန်ပုံဒီပနီဋီကာ"၊ "ဒေါင်းဂဏ္ဍီ"၊ "ခွေးဂဏ္ဍီ"၊ "အာဇာနည်ဗိမာန်ဋီကာ"စသည့် စာအုပ်ကြီးများကို ရေးသားခဲ့ရုံမက "လေးချိုးပေါင်းချုပ်"စာအုပ်ကိုလည်း ရေးသားခဲ့သည်။

ဆရာကြီးသည် မောင်မှိုင်းရှေ့တွင် မစ္စတာတပ်ကာ မစ္စတာမောင်မှိုင်းဟူသော ကလောင်အမည်ကိုယူခဲ့သည်။ လူသွမ်း၊ လူလိမ်၊ လူမိုက်၊ မြာပွဲသူတစ်ဦးဖြစ်သည့် ဝန်စာရေးဦးကြီး၏ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းရှေ့တွင် မစ္စတာတပ်လိုက်ခြင်းကြောင့် အနောက်ဥရောပနယ်ချဲ့အင်္ဂလိပ်တို့၏ အလိုတော်ဖြည့် နိုင်ငံခြားအထင်ကြီးသူများက ဆတ်ဆတ်နာကာ တုံ့ပြန်ခဲ့ကြသော်လည်း ဆရာကြီးက အပြုံးမပျက်၊ မစ္စတာမောင်မှိုင်းကလောင်အမည်ကိုသာ အသုံးပြုကာ နယ်ချဲ့အလိုတော်ရိများကို တိုက်ခိုက်ခဲ့လေသည်။

ဋီကာများ၊ ဂဏ္ဍီများ၊ လေးချိုးကြီးများအပြင် ဆရာကြီးသည် "မှာတော်ပုံ" ဝတ္ထုကြီးကိုလည်း ရေးသားခဲ့သည်။ "မှာတော်ပုံ"ဝတ္ထုကြီးကို ဆရာကြီး၏ ဘဝအတွေ့အကြုံများကိုအခြေခံကာ ရေးသားခဲ့သည့် ဝတ္ထုကြီးဟု စာပေသုတေသီများက အကဲဖြတ်ကြသည်။

"မှာတော်ပုံ"ဝတ္ထုကြီးတွင် ကိုပေါ၊ ဦးကျော်ဒွေး၊ ခင်အုံ စသူတို့ကို ဇာတ်ကောင်ထား၍ ရေးဖွဲ့သည်။ ဆရာကြီးသည် ကိုပေါကဲ့သို့သော လူမျိုးကိုလည်း သနားသည်။ ဦးကျော်ဒွေးကဲ့သို့သော လူမျိုးကိုလည်း သနားသည်။ ခင်အုံကဲ့သို့သော လူမျိုးကိုလည်း သနားသည်။

ကိုပေါအကြောင်းကို ချစ်စိတ်ဖြင့်ပြောပြသည်။ ဦးကျော်ဒွေးအကြောင်းကို လေးစားစိတ်ဖြင့်ပြောပြသည်။ ခင်အုံအကြောင်းကို ခွင့်လွှတ်စိတ်ဖြင့် ပြောပြသည်ဟု စာရေးဆရာကျော်အောင်က မှတ်ချက်ချဖူးပါသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ၁၈၇၆ ခုနှစ်တွင် ရွှေတောင်မြို့နယ် ဝါးလယ်ရွာ၌ မွေးဖွားခဲ့သည်။ ၁၉၆၄ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကွယ်လွန်ခဲ့သည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်တွင် ပေါ်ပေါက်လာခဲ့သည့် အမျိုးသားကောလိပ်တွင် မြန်မာစာနှင့်ရာဇဝင် ပါမောက္ခအဖြစ် ထမ်းဆောင်ခဲ့သည်။ ထို့နောက် ဒဂုံမဂ္ဂဇင်းတွင် အယ်ဒီတာလုပ်သည်။ ၁၉၃၄ ခုနှစ်တွင် တို့ဗမာအစည်းအရုံးသို့ ဝင်သည်။

ငြိမ်းချမ်းရေးခေါင်းဆောင်ကြီးအဖြစ် ကမ္ဘာက အသိအမှတ်ပြုခြင်း ခံခဲ့ရသည်။ ဆရာကြီး၏ အတ္ထုပ္ပတ္တိကို ဆရာသိန်းဖေမြင့်က ရေးသားကာ မှတ်တမ်းတင်ခဲ့သည်။

**ကိုးကား**

– **မလိခ၏ မြန်မာဝတ္ထုများအညွှန်းပေါင်းချုပ်**

# လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းပြီးစီးမှု စစ်ဆေး



**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၁၅**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ဒေသထွက်ကုန်သီးနှံများ ရာသီမရွေး ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်ရန်အတွက် သမ္ဘာန်ကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းပြီးစီးမှုကို ဖေဖော်ဝါရီ ၁၄ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် သစ္စာပြည့်စုံကုမ္ပဏီမှ တာဝန်ရှိသူများ၊ သမ္ဘာန်ကျေးရွာကုန်ထုတ်လမ်းတံတားဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းအရှည် ၂ ဒသမ ၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးပေ ကိုးလက်မ မြေသားခင်းခြင်းနှင့် မြေနီကျောက်စရစ်ခင်းခြင်း၊ အရှည်ပေ ၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်ပေရှိ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောက်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကုန်ထုတ်လမ်း၊ တံတားဖြစ်မြောက်ရေးကော်မတီဝင်များကို ကုန်ထုတ်လမ်း၊ တံတားများ ရေရှည်အသုံးပြုနိုင်ရေး တန်ပိုယာဉ်များ ဖြတ်သန်းသွားလာခြင်း မပြုရန်နှင့် ကုန်ထုတ်လမ်း၊ တံတား အသုံးပြုသူ ကျေးရွာသူ၊ ကျေးရွာသားများက နည်းနည်းပျက် နည်းနည်းပြင်စနစ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၇ ဒသမ ၈၂၄ သန်းဖြင့် ကုန်ထုတ်လမ်းအရှည် ၂ ဒသမ ၆ ဖာလုံ ဖောက်လုပ်ခြင်းနှင့် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၃ ဒသမ ၉၃၇ သန်း ဖြင့် အရှည်ပေ ၂၀ ရှိ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို သစ္စာပြည့်စုံကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၂၀၆ အိမ်၊ လူ ၇၅၃ ဦးနှင့် လယ်ယာစိုက်ပျိုးရေးဧက ၅၅ ဧကတွင် စိုက်ပျိုးထားသော သီးနှံမျိုးစုံကို ရာသီမရွေး ဈေးကွက်သို့တင်ပို့နိုင်ပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းထံမှ သိရသည်။ **အထွေး**

# တောင်ကြီးမြို့နယ် ဆောင်းဗိုသရက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်းဗိုသရက်ပင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေပြီး ဆင်းရဲမှုလျော့ကျစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ဆောင်းဗိုသရက်ပင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဆောင်းဗိုသရက်ပင်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၇၂ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃၇ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်နိုင်**

# ကမာရွတ်မြို့နယ် Royal Palace Art Gallery ပန်းချီပြခန်းတွင် Contemporary Printing အွန်လိုင်းပန်းချီပြပွဲ ပြသမည်ဖြစ်



**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Royal Palace Art Gallery ပန်းချီပြခန်းတွင် Contemporary Printing အွန်လိုင်း ပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်းမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်ဆွေမြင့်က ပြောပြ၍ သိရသည်။

Contemporary Printing အွန်လိုင်းပန်းချီပြပွဲကို ဖေဖော်ဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၂၄ ရက်ထိ ပြသသွားမည်ဖြစ်ပြီး ပြပွဲတွင် ခေတ်ပြိုင်လူငယ်ပန်းချီဆရာများ ဖြစ်ကြသည့် ပန်းချီ သက်မော်၊ ပန်းချီ သက်မွန်၊ ပန်းချီ ပန်းကြည်၊ ပန်းချီ စောစတီးဗ၊ ပန်းချီ နီပိုဦး၊ ပန်းချီ သိန်းရွှေကြည်၊ ပန်းချီ ခင်ဇော်လတ်၊ ပန်းချီ အောင်နိုင်လတ်၊ ပန်းချီ ဥမ္မာတို့၏ ခဲခြစ်၊ ရေဆေး၊ ဆီဆေး၊ အခရိုင်းလတ် စသည်ဖြင့် ရေးဆွဲထားသည့် လက်ရာစုံပန်းချီကား ၄၅ ကားကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ခေတ်ပြိုင် လူငယ်ပန်းချီဆရာကိုးယောက်ရဲ့ စိတ်ကြိုက်ဖန်တီး ရေးဆွဲထားတဲ့ ပန်းချီကားတွေ စုစည်းပြသပေးမှာ ဖြစ်ပါတယ်။ သူတို့စိတ်ကြိုက်ရွေးပြီးတော့ ပေးလာတဲ့ ပန်းချီကားတွေဖြစ်တဲ့အတွက်၊ စုဆောင်းသူတွေအတွက် တန်ဖိုးတက်လာမဲ့ ပန်းချီကားတွေ ဖြစ်တယ်လို့ ပြောလိုပါတယ်"ဟု မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်ဆွေမြင့်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄× ၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံ ပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ် ငါးသိန်းမှ အများဆုံးငွေကျပ် ၂၀ ထိရှိကြောင်း သိရသည်။ ASH

# The Winter Kill ဇာတ်ကားတွင် မင်းသား ကီဖာဆူသာလန်း ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၁၅**

XYZ Films ရုပ်ရှင်ကုမ္ပဏီ၏ The Winter Kill အမည်ရှိ ဇာတ်ကား၌ မင်းသား ကီဖာဆူသာလန်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဆူသာလန်းသည် တစ်ဖန်ပြန်လည်ပေါ်ထွက်လာသော လူသတ်သမားတစ်ဦးကို ဖမ်းဆီးနိုင်ရန်ကြိုးစားခဲ့သည့် နာမည်ကျော် ရဲအရာရှိတစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

The Winter Kill ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဘင်ဖလိုရိုကာနေက ရေးသားပေးထားပြီး ဒါရိုက်တာ ဂျွန်စတဲဘာ့ဂျူနီယာက ရိုက်ကူးမည်ဖြစ်ကြောင်း၊ အဆိုပါ ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ်အတွင်း နယူးဂျာစီပြည်နယ်၌ စတင်ရန် စီစဉ်ထားသည်။

The Winter Kill ဇာတ်ကားအတွက် မင်းသား ဆူသာလန်းမှာ အသင့်လျော်ဆုံး သရုပ်ဆောင်ဖြစ်ကြောင်း ဒါရိုက်တာ စတဲဘာ့က ပြောကြားထားကြောင်း သိရသည်။

KKO



# အလွမ်းသစ်ပင် ရုပ်သံဇာတ်လမ်းတွဲကို မဟာအပလီကေးရှင်းနှင့် fortune tv ရုပ်သံလိုင်းတို့မှ ထုတ်လွှင့်ပြသသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

အလွမ်းသစ်ပင်အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲကို မဟာအပလီကေးရှင်းနှင့် fortune tv ရုပ်သံလိုင်းတို့မှ ဖေဖော်ဝါရီ ၂၂ ရက်မှစတင်ကာ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးသူ ဒါရိုက်တာ အောင်ဇော်လင်းက ပြောပြ၍ သိရသည်။

အလွမ်းသစ်ပင် ရုပ်သံဇာတ်လမ်းတွဲကို ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးထားခြင်းဖြစ်ပြီး ရုပ်သံဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်များအဖြစ် ထက်အောင်ရှိုင်း၊ နေထွဋ်၊ နန်းဆုဦးနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

"အလွမ်းသစ်ပင်ကတော့ မီနီစီးရီးလေးပါ။ အပိုင်း (၁၀) ပိုင်းလောက်ပဲ ပါဝင်ပါလိမ့်မယ်။ မြင်နေကျ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းလေးဆိုပေမဲ့ ပရိသတ်ကြိုက်မဲ့ အလှည့်အပြောင်းလေးတွေ အများကြီးပါပါတယ်။ မဟာအပလီကေးရှင်းအတွက် မဟာရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်တာဖြစ်ပါတယ်"ဟု ဒါရိုက်တာ အောင်ဇော်လင်းက ပြောပြသည်။




အလွမ်းသစ်ပင် ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းဇာတ်ညွှန်းကို ထက်မြက်နိုင်ဇင်က ရေးသားထားခြင်းဖြစ်ပြီး ညမွှေးပန်းနှင့် ငွေစင်သွန်းတို့က ဇာတ်ညွှန်းကို ပြင်ဆင်ထားခြင်းဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်မှစတင်ကာ မဟာအပလီကေးရှင်းနှင့် fortune tv ရုပ်သံလိုင်းတို့တွင် တနင်္လာနေ့မှ သောကြာနေ့ထိ ညစဉ် ည ၈ နာရီတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# The Little Bedroom ဇာတ်ကား၌ မော်ဂန်ဖရီးမင်း၊ လောရင့်ဖစ်ဘန်းနှင့် ကိတ်မာရာတို့ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၁၅**


The Little Bedroom အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ ကမ္ဘာကျော် မင်းသားကြီးများ ဖြစ်ကြသည့် မော်ဂန်ဖရီးမင်း၊ လောရင့်ဖစ်ဘန်းနှင့် မင်းသမီး ကိတ်မာရာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၄ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားသည် ပြင်သစ်စကားပြော ဆွစ်ရုပ်ရှင်ဇာတ်ကားဖြစ်သည့် La Petite Chambre ကို အင်္ဂလိပ်ဘာသာစကားပြော ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

The Little Bedroom ဇာတ်ကားကို La Petite Chambre ဒါရိုက်တာများဖြစ်ကြသည့် စတက်ဖနီချောက်နှင့် ဗာရီးနစ်ရေးမွန့်တို့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် သက်ကြီးဂေဟာပို့မည့်အရေးကို လက်မခံဘဲ ၎င်း၏သူနာပြုအကူအညီဖြင့် လွတ်လွတ်လပ်လပ်နေထိုင်ရန် ကြိုးစားခဲ့သော အဘိုးအိုတစ်ဦး၏ အဖြစ်ကို ပုံဖော်ရိုက်ကူးမည့်ဒရာမာဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကား၏ မူရင်းဇာတ်ကားဖြစ်သော La Petite Chambre သည် ဒါရိုက်တာ ဖနီချောက်နှင့် ရေးမွန့်တို့၏ ပထမဆုံးလက်ရာ ဇာတ်ကားဖြစ်ကြောင်း သိရသည်။ KKO



# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် လာဘ်ခေါ်ရွှေဇီးကွက်မောင်နှံပန်းပုရုပ်များ အရောင်းသွက်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်းသို့ အမြင့် ငါးလက်မအရွယ်အစားရှိ လာဘ်ခေါ် ရွှေဇီးကွက်မောင်နှံပန်းပုရုပ်များ ဝင်ရောက်လာပြီး အရောင်းသွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာအမှတ်တရလက်ဆောင်ပစ္စည်း အရောင်းစင်တာ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ လာဘ်ခေါ် ရွှေဇီးကွက်မောင်နှံပန်းပုရုပ်များမှာ ဆေးရောင်ခြယ်ပြီး ပိတောက်သားဖြင့်ထုလုပ်ထားကာ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ အလုပ်ရုံများမှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

"လာဘ်ခေါ် ရွှေဇီးကွက်မောင်နှံပန်းပုရုပ်တွေကတော့ ပြည်ပဈေးကွက်ကို အဓိကထားပြီး ဈေးကွက်ထဲ ဝင်လာတာဖြစ်ပါတယ်။ အမြင့် ငါးလက်မပဲရှိတဲ့အတွက် အလွယ်တကူသယ်ယူနိုင်တဲ့အပြင် လက်ရာပီပြင်တဲ့အတွက် ဈေးကွက်ထဲမှာ ကြိုက်နှစ်သက်သူများပါတယ်။ ဈေးနှုန်းကလဲ ချိုသာတဲ့အတွက် အရောင်းသွက်နေပါတယ်"ဟု ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

အဆိုပါ အမြင့် ငါးလက်မအရွယ်အစားရှိ လာဘ်ခေါ် ရွှေဇီးကွက်မောင်နှံပန်းပုရုပ်များမှာ တစ်စုံလျှင် ငွေကျပ် ၁၅၀၀၀ ခန့်ဖြစ်ပြီး ဈေးကွက်အတွင်း လက်ရှိတွင် အစုံ ၁၀၀ ခန့် ရောင်းချပြီးဖြစ်ကြောင်း သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends 77th Anniversary of Myanma Radio and TV




Senior General Min Aung Hlaing enjoys an entertainment programs staged by MRTV staff.

**Nay Pyi Taw February 15**

The 77th Anniversary of Myanma Radio and Television, the first media and the oldest department of Myanmar, was held at MRTV in Tatkon, Nay Pyi Taw this afternoon, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Present at the ceremony together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, SAC members, Union ministers, senior military officers from Office of Commander-in-Chief, deputy ministers, in service and retired MRTV staff, media persons, artistes and distinguished guests. Staff of MRTV Yangon branch and retransmission stations attended the ceremony in the form of video conferencing.

The Senior General and party were warmly welcomed by Union Minister for Information U Maung Maung Ohn and members and MRTV officials.

At the ceremony, MRTV staff staged a dance to the accompaniment of the song **The Beauty of Diamond Jubilee and Perpetuation of MRTV**. Then a documentary clip **From Successive Anniversaries to the 77th Anniversary** was screened.

In his address, the Senior General said MRTV anniversaries began from 15 February 1946 or Bamar Radio Day, on which, Rangoon Radio was turned into Burma Broadcasting Service (BBS). The name BBS was then replaced with Myanma Radio and Television (MRTV), and now it has reached its 77th Anniversary, passing the Diamond Jubilee. MRTV has been discharging its duties – to inform, educate and entertain – well in serving the interest of the national people for 77 years.



Senior General Min Aung Hlaing delivers address at the 77th Anniversary of Myanma Radio and Television.

During the childhood days, there was only Myanma Radio, and the people enjoyed its radio programs. Multiple radio programs including radio plays, stories, narratives, dramas, listeners' choice, and live football matches were so captivating. Programs such as songs for soldiers and Tatmadaw post office were so joyful and energetic for soldiers in the frontlines. Since its establishment, MRTV has won the public hearts while developing with its attractive programs and presentation styles. It is an honor for MRTV.

MRTV is the oldest public service bureau, with a time-honoured tradition. It is always dutiful and could erect a milestone while adapting itself to the advancing technological and technical knowledge till 77th Anniversary. **The functions of MTRV call for collective action, but not individual action.**

The ceremony **honors the 77th Anniversary of MRTV and stands witness to the unity and oneness of MRTV staff**. In other words, it can be said that MRTV personnel are always united and dutiful in doing their job while placing in force the interest of the country and people throughout the successive periods. And with pleasure, they are being honored for such performances and accomplishments. It is believed that they will always be dutiful towards the nation and people.

The Senior General attended the MRTV Diamond Jubilee, held after SAC had assumed responsibility, and spoke words of honor for the staff. Donations were made for the grand emergence of the Diamond Jubilee commemorative mini exhibition hall. The Senior General commissioned it in person at the pre-76th Anniversary on 1 February.



Senior General Min Aung Hlaing presents gift of honour for MRTV.

*See Page 13*



Senior General Min Aung Hlaing commissions MRTV News Channel Studio.

*From Page 12*

The exhibition serves as a safe storage for records that document MRTV's functions throughout the successive eras, old mechanical equipment and musical instruments, and accomplishments of MRTV staff, and a historical record for future generations, civil servants and ordinary citizens. History cannot be left out or erased. Moreover, MRTV News Channel and MRTV DTH were also launched.

Since its assumption, the State Administration Council has been rebuilding the State amid the high infection of Covid-19 pandemic and unrests and violent attacks. Currently, infection of the pandemic plunges into the least level, and MRTV, State-owned daily newspapers, efforts of Information and Public Relations Department and publications raised the public awareness on a wider scale. The Senior General recounted that he himself reviews the TV, radio and newspapers and gives guidance to staff for effectively educating the people. Currently, although some countrie are still facing infection of the pandemic and high rate of death, Myanmar encounters least infection of the disease with no death news. It is because health staff, management organizations, State-owned media and local people make concerted efforts in unison for battling the disease. As such, the Senior General expressed his thanks to all walks of life and all State-owned media including MRTV for their endeavours.

At present, the State Administration Council has served State responsibilities for two years under the Constitution (2008). But, events of unrests, murdering, setting fire and blowing up do not remarkably decline within two years. Some big countries trying to influence over Myanmar without wish to see peace and stability, unity and development of Myanmar and internal traitors attempting to focusing on the personal and organizational interests turning a blind eye to the public interests are committing the utter devastation of the naiton with momentum.

The Senior General underscored that he gently manages holding talks with ethnic armed organizations for restoring the perpetual peace, one-sidedly suspending the long time ceaefire, inviting all to walk along the NCA track, inviting those who evaded for terror acts to report back and releasing those under punishment in amnesty. However, youths are instigated, intimidated and coercioned in the dishonest ways and then pushed to the wrong ways so as to destroy the State. So, it is necessary to continuously lead the youths to have correct attitude and knowledge. Relevant ministries including Ministry of Information and regional organizations are to do so with momentum.

The Senior General noted that it is important to educate and share knowledge with the people. It is more important for turning out able and educated persons. Today's youths will shouldering the State duties in the future and shape the State. Primarily, although parents and teachers are responsible for nurturing them, if media continuously disseminate educative and knowledge measures, it will be the best effective. Hence, the government is enhancing the education sector for the people to complete the KG+9 scheme. Mainly, media sector needs to strive for ensuring correctness of attitudes, concepts and movements of the people in order to ensure perpetual peace of the nation, development and socioeconomic life in cooperation with relevant departments.

While serving the State responsibilities under the State constitution, the State Administration Council is implementing the roadmap and objectives on the peace and stability of the State, perpetual peace, prosperity and food security of the nation, development of socio-economic life, strengthening of genuine, disciplined multiparty democratic system and building the Union based on democracy and federalism. elled throne. Moreover, religious objects and jewelleries donated by well-wishers across the nation have been enshrined. Further tasks are being undertaken in building the Sasana Beikman, building the stone plaque chamber Ceties after carving te stone inscriptions on Pitakat treatises, constructing the platform, Thudhamma public rest houses and other religious edifices, and beautifying the precinct of the park. Hence, the Senior General urged TV, radio and newspapers including MRTV to urge the well-wishers to make donatons for constrution of the great walls of the Buddha image and religious edifices.

The MRTV News Channel has been launched in a new version from the reserve studio and the government spent MMK 1,150 million from the funds of the country to build a new newsroom and to install modern equipment. The newsroom will be inaugurated as an exclusive studio after the ceremony tion, beliefs and efforts of current staff.

The MRTV has firmly adopted a policy of conserving Myanmar culture and traditions and the broadcasting industry can capture the mind of the masses. MRTV staff are urged to continue to take measures to instill national cultural characteristics which should be preserved by national races in the mind of the public and to enable citizens to possess modern visions.

It should be appreciated that the Ministry of Information has performed its original and additional duties while trying to offer as much assistance as it can for resumption of normal activities of the entertainment industry and wellbeing of individuals in the industry.

Efforts must be exerted with goodwill more concertedly than before to improve the quality of daily news and programs of the MRTV, which has been in existence along with the history of the


Senior General Min Aung Hlaing hears report on MRTV functions.

The Senior General stressed the need to inform the people about efforts of the State for the interests of the nation and the people through media sector.

At present, Maravijaya Buddha Image is being built in the Maravijaya Buddha Park in Dekkhinathiri Township of Nay Pyi Taw with the aim of showing flourishing Theravada Buddhism in Myanmar to the world, ensuring peace and prosperity of the nation, developing the region through the visits of local and foreign pilgrims and contributing to development of the State. So far, the part-4 of the Buddha has been coveyed onto the jew-

and will be used for broadcasting soon.

I am proud of the MRTV as it has been a splendid and famous television station in the world because it has been serving the interests of the people and the country through media services and has been broadcasting in various languages including 20 languages of the national races. New generation MRTV staff are required to perform their historical responsibilities dutifully in the same way as former staff of the MRTV did in successive eras. It should be noted that the long-term success of the MRTV in the future depends on the benevolence, convic-

country, to realize the objectives to inform, educate and entertain the public by creating new contents, to enhance the development of capabilities of staff without losing sight of latest developments of international broadcasting industry, to offer public services in the interest of the country and the people and to continue to exist as a reliable broadcasting station for the country and the people. May the MRTV continue to move forward successfully and proudly from its 77th Anniversary to upcoming centuries.

Then, the Senior General presented honorary prizes and *See Page 14*



Senior General Min Aung Hlaing cordially converses with MRTV staff.

# Minbu solar power plant project to generate 260 megawatts



Solar panels seen at the project.

**Minbu February 15**

Coordination measures are being undertaken to generate 260 megawatts of electricity from Minbu solar power plant project in Magway Region, said assistant director U Min Thant of Magway Region government office.

The project is being implemented not far from Minbu-An road in Minbu Township of Magway Region. To do so, GEP (Myanmar) Co Ltd and Electric Power Generation Enterprise signed in the PPA agreement on 20 March 2016.

"Oridinally, the project will be implemented with the first, second and third phases. In this regard, the first phase will generate 40 megawatts of electricity from 27 June 2018, and electricity is being fed to the national grid via 230 KV Mann-An cable line. The second, third and fourth phases will generate 260 megawatts instead of 130 megawatts on schedule, and so, officials coordinate generating 220 megawatts of electricity instead of 220 megawatts," said U Min Thant.

The power plant is being built on 836 acres of land with US$297 million of investment. Currently, the ground clearing and land preparations are being undertaken for implementation of the second phase.

ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# China spy balloon: Three unidentified objects possibly benign, says US

**Washington February 15**

The White House has said there is no indication three flying objects blasted out of the sky over the weekend by the US military are linked to alleged Chinese spying.

The objects may be "tied to commercial or research entities and therefore benign", spokesman John Kirby said.

US and Canadian officials have not yet located or recovered any wreckage from the three downed aircraft.

Beijing earlier accused the US of "a trigger-happy overreaction".

China has denied one of its balloons, which was destroyed by a US fighter jet earlier this month off South Carolina, was being used for espionage, saying it was merely a weather-monitoring airship that had blown off course.

At Tuesday's daily news conference, Mr Kirby said it will be difficult to determine the purpose or origin of the three other objects that were destroyed over Alaska, Canada and Michigan until the debris is found and analysed.

"We haven't seen any indication or anything that points specifically to the idea that these three objects were part of the PRC's [People's Republic of China] spying programme," the White House National Security Council told reporters, "or that they were definitively involved in external intelligence collection efforts".

A "leading explanation" being considered by US intelligence, he added, was that "these could be balloons that were simply tied to commercial or research entities and therefore benign".

But he noted that no company, organisation or government had yet laid claim to the objects. BBC

# Cyclone Gabrielle: Hundreds rescued from rooftops as New Zealand grapples with damage

**Wellington February 15**

New Zealand officials say at least four people, including a child, have died in the devastation of Cyclone Gabrielle, which has caused significant flooding and landslides across the North Island.

On Wednesday, officials confirmed a child's body was found in Hawke's Bay, one of the worst-affected regions.

Rescue helicopters there had rescued about 300 people stranded on rooftops.

The cyclone has moved away from New Zealand but about 10,500 people were still displaced on Wednesday.

Prime Minister Chris Hipkins on Wednesday evening said there were also "several people missing for whom the police do hold grave concerns."

Meanwhile, a magnitude 6.0 earthquake was widely felt across the country late on Wednesday. There were no immediate reports of damage or casualties from the quake, which struck off the coast of the North Island near the capital Wellington.

BBC

*From Page 13*

MMK 7.7 million cash rewards for MRTV staff for their efforts to successfully organize the 10th ASEAN Quiz (Regional Level) on a grand scale as a national level event and Tushin Hnwe Pyaw music festival commemorating the 75th Anniversary Diamond Jubilee Independence Day to the union minister for information.

Then, the Senior General accepted the commemorative emblem and souvenirs for the 77th Anniversary of the MRTV presented by the union minister.

Then, the Senior General and party enjoyed "Athit Taphan Khit Thadan MRTV" and "Shin Than Nay Mye MRTV" musical performance by MRTV staff.

Afterwards, the MRTV News Channel Studio was inaugurated in the second part of the ceremony and the Senior General and party sprinkled scented water over the signboard at the entrance to the studio. Then, the Senior General, together with deputy prime ministers and union ministers General Mya Tun Oo, Lt-Gen Soe Htut, Admiral Tin Aung San and U Win Shein, cut a ribbon to inaugurate the studio. Afterward, A video clip about the studio was played for the guests. Then, the Senior General inspected the studio and discussed salient points about the studio with officials.

The Senior General and party interestingly looked around the MRTV broadcasting rooms, English and other programmes being broadcast by Myanma Radio (English FM Channel, extended broadcasting and extended broadcasting of Thabye Radio, Convergence News Room, MRTV HD room and MRTV News room, Master Control Room, MRTV HD News Studio, MRTV News, Radio Tape Library, Radio News Room and Auditorium. After hearing reports by the Union minister for information and officials, the Senior General stressed the need for MRTV to try to become a role model and the best in the media industry, broadcast modern programmes but maintain Myanmar's traditions and customs, air programmes in the fluent Myanmar language as well as in fluent English so that listeners can copy, and fulfil the requirements of the staff and left necessary instructions.

MRTV was first established and named Burma Broadcasting Service-BBS on 15 February 1964. Then, it was variously named passing the British era, World War II, the Japanese era and the parliamentary democracy era. It was named the Information and Broadcasting Department on 16 March 1972. Colour TV was introduced on 3 June 1980, and colour TV programmes started on 1 November. After being merged with the Radio Broadcasting Service, it was named Myanmar Television and Radio Department – MTRD on 24 January 1991. Then, the name was changed into MRTV on 22 November 1997.

Now there are MRTV-HD and MRTV-News as well as MRTV-NRC, MRTV-Farmer's, Hluttaw Channel and MRTV Sports Channel airing their programmes in 11 ethnic languages namely Kachin, Kayah, Sakaw Kayin, eastern Po Kayin, western Po Kayin, Chin (Gyo), Chin (Laizo), Mon, Rakhine, Shan and Wa. Programmes are also broadcast online including the MRTV website and in partnership with private companies. Myanma Radio programmes are aired daily from 5am to 11pm in 11 ethnic languages. Moreover, there are Myanma Radio English FM Channel and Thabye Radio programmes.

Since its emergence in 1964, MRTV has been operating with the aim of providing information, knowledge and entertainment. Now MRTV is 77 years old and standing tall as a State-run media. 100

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အနာဂတ်ရုရှားရေတပ်စီမံကိန်း 22350M မှ ဖရီဂိတ်စစ်သင်္ဘောများ စူပါတာဝေးပစ်လေယာဉ်ပစ်ဒုံးကျည်များ သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်



အနာဂတ်ရုရှားရေတပ်သည် အဆင့်မြှင့်တင်ထားသော စီမံကိန်း 22350M မှ ထွက်ရှိလာမည့် ဖရီဂိတ်စစ်သင်္ဘောများသည် Poliment-Redut လေကြောင်းရန်ကာကွယ်ရေးစနစ်များ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်ရာ စူပါတာဝေးပစ်လေယာဉ်ပစ်ဒုံးကျည်များကို သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်ပြီး အများဆုံးအကွာအဝေး ကီလိုမီတာ ၄၀၀ ထိ ပစ်မှတ်များကို တိုက်ခိုက်မည်ဖြစ်ကြောင်း ယခုနှစ် ဖေဖော်ဝါရီလဆန်း Tass သတင်းဌာနက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် Poliment-Redut ဒုံးပစ်လောင်ချာများသည် တိုက်ခိုက်မှုအကွာအဝေး ကီလိုမီတာ ၁၅၀ ရှိသောဒုံးကျည်များကို ပစ်ခတ်နိုင်သည်ဟုသတင်းရင်းမြစ်က ဖော်ပြသည်။

ဝေဟင်ပစ်မှတ်များကို ကြားဖြတ်တိုက်ခိုက်နိုင်စွမ်း သုံးဆခန့်ရှိခြင်းကြောင့် NATO တာဝေးပျံ လေကြောင်းချိတ်ဆက်ရေးသုံးလေယာဉ်များ၊ အစောပိုင်းကြိုတင်သတိပေးရေးလေယာဉ်များကို ထိန်းချုပ်ဖျက်ဆီးနိုင်ပြီး လေကြောင်းရန်ကာကွယ်ရေးကို ပိုမိုထိရောက်စွာစုစည်းတိုက်ပွဲဝင်နိုင်စေမည်ဖြစ်ကာ တာတိုနှင့်တာလတ်ပစ်လေယာဉ်ပစ်ဒုံးကျည်များကို သယ်ဆောင်လာနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

တာဝေးပစ်လေယာဉ်ပစ်ဒုံးကျည်များကို သင်္ဘောပေါ်ရှိ 3S14 စွယ်စုံသုံးဒုံးပစ်လောင်ချာများမှ တပ်ဆင်ပစ်လွှတ်နိုင်မည်ဖြစ်သည်။ စီမံကိန်း 22350M ၏ဦးဆောင်စစ်ရေယာဉ် ဖရီဂိတ် Admiral Gor-shkov သည် ဒုံးကျည် ၁၆ စင်းအတွက် ဒုံးပစ်လောင်ချာနှစ်စုံကို သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။

စီမံကိန်း 22350M အောက်ရှိ ပဋ္ဌမမြောက် စစ်ရေယာဉ်ဖြစ်သော Admiral Amelko မှစတင်၍ ဖရီဂိတ်စစ်သင်္ဘောများသည် ဒုံးကျည် ရှစ်စင်းစီ ပါရှိသော လောင်ချာလေးစုံဖြင့် တပ်ဆင်အသုံးပြုသွားနိုင်မည်ဖြစ်သည်။

Severnaya Verf သင်္ဘောကျင်းတွင် စီမံကိန်း 22350M မှ ဦးဆောင်ဖရီဂိတ်ကို သင်္ဘောလှော်လမ်းအသစ်တစ်ခုစတင်လုပ်ဆောင်ပြီးနောက် ချက်ချင်းဆိုသလိုပင် ၂၀၂၃ ခုနှစ်တွင် ပြုလုပ်သွားနိုင်ရေးစီစဉ်ထားခဲ့သည်။

စီမံကိန်းအရ အဆင့်မြှင့်တင်ထားသော စီမံကိန်း 22350M ဖရီဂိတ် ၁၂ စင်းကို တည်ဆောက်သွားမည်ဟု မျှော်မှန်းထားသည်။ ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနသည် စီမံကိန်းအမှတ် 22350M မှ ဖရီဂိတ်ခြောက်စီးဆက်တိုက် တည်ဆောက်နိုင်ရန် Army 2023 နိုင်ငံတကာလက်နက်ပြပွဲတွင် သင်္ဘောတည်ဆောက်သူများနှင့် စာချုပ်ချုပ်ဆိုနိုင်ရေးစီစဉ်ထားသည်။

စီမံကိန်း 22350M မှ ဖရီဂိတ်စစ်သင်္ဘောများသည် ၎င်းတို့၏အတန်းအစားတွင် ရုရှားနိုင်ငံ၏အဆင့်မြင့်စစ်သင်္ဘောများဖြစ်လာမည်လည်းဖြစ်သည်။ ဖရီဂိတ်စစ်သင်္ဘောများသည် ရန်သူရေငုပ်သင်္ဘောများ၊ လေယာဉ်များနှင့် စစ်သင်္ဘောများကို ထိရောက်စွာတိုက်ခိုက်နိုင်သည့် ဘက်စုံသုံးတိုက်ခိုက်ရေးသင်္ဘောများလည်းဖြစ်ပြီး ကီလိုမီတာ ၁၅၀၀ ကျော်အကွာအဝေးမှ မြေပြင်နှင့် ကမ်းရိုးတန်းအခြေစိုက်ပစ်မှတ်များကိုလည်း တိုက်ခိုက်နိုင်စွမ်းရှိစေမည်ဖြစ်သည်။ ၎င်းစစ်သင်္ဘောများသည် တန်ချိန် ၄၅၀၀ ကိုရွှေ့ပြောင်းနိုင်ပြီး 29knots ထိ အရှိန်မြှင့်ခုတ်မောင်းနိုင်သည်။ ၎င်းတို့သည် Onyx နှင့် Kalibr ခရုဇ်ဒုံးကျည်များနှင့် Poliment-Redut လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များ တပ်ဆင်အသုံးပြုမည်ဖြစ်သည်။

စီမံကိန်း 22350M တွင် တန်ချိန် ၈၀၀၀ ရွှေ့ပြောင်းနိုင်သောကျယ်ဝန်းသည့်ကိုယ်ထည်တစ်ခုပါရှိပြီး သင်္ဘောဖျက်ခရုဇ်ဒုံးကျည်များ၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးစစ်ပွဲနှင့် Poliment-Redut လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များအတွက် ဒေါင်လိုက်ပစ်လွှတ်နိုင်သည့် VLS ဒုံးပြွန် ၆၄ ခု တပ်ဆင်ထားသည်။

ဒီဇိုင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားသော်လည်း နောက်ပိုင်းတွင်၂၀၂၃ ခုနှစ်သို့ ရောက်ရှိခဲ့ပြီး လာမည့် ၂၀၂၄ ခုနှစ်တွင် ပထမဆုံးသင်္ဘောကို စတင်တည်ဆောက်နိုင်မည်ဟု မျှော်မှန်းထားသည်။ သင်္ဘော ၁၂ စီးထိ တည်ဆောက်ရန်စီစဉ်ထားပြီး တစ်စီးစီတွင် Kalibr, Onyx, နှင့် Tsirkon ခရုဇ်ဒုံးကျည် ၆၄ စင်းထိ သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။

**Future Russia Navy Project 22350M frigates to carry super long-range missiles ကို ဘာသာပြန်ဆိုထားပါသည်။**

## အနောက်နိုင်ငံများက ယူကရိန်းသို့ လက်နက်များဆက်လက်မပံ့ပိုးပါက ရုရှားအနိုင်ရနိုင်ကြောင်း ပိုလန်သမ္မတပြော

အနောက်နိုင်ငံများက လာမည့်သီတင်းပတ်များအတွင်း ယူကရိန်းသို့ လက်နက်များ ဆက်လက်မပံ့ပိုးပါက ယူကရိန်းပဋိပက္ခတွင် ရုရှားအနိုင်ရနိုင်ကြောင်း ပိုလန်သမ္မတ Andrzej Duda က ပြောကြားခဲ့သည်။

"ဟုတ်ပါတယ် ယူကရိန်းက အရေးပေါ်အကူအညီမရရင် သူတို့(ရုရှား)အနိုင်ရသွားနိုင်ပါတယ်"ဟု ဖေဖော်ဝါရီ ၁၁ ရက်က ပြင်သစ်သတင်းစာ Le Figaro က ပိုလန်သမ္မတ Andrzej Duda ကို တွေ့ဆုံမေးမြန်းခန်းတွင် ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံ အာဏာပိုင်များသည် ခေတ်မီစစ်ဘက်ဆိုင်ရာအခြေခံအဆောက်အအုံများမရှိသော်လည်း ၎င်းတို့တွင်လူများရှိသည်ဟု ၎င်းက ရှင်းပြသည်။ "လာမဲ့သီတင်းပတ်တွေမှာ ယူကရိန်းကိုစစ်လက်နက်ပစ္စည်းတွေ ထပ်မံမပို့ဘူးဆိုရင် ရုရှားသမ္မတဗလာဒီမာပူတင်က အနိုင်ရသွားနိုင်ပါတယ်။ သူအနိုင်ရနိုင်ပြီး ဘယ်အနေအထားနဲ့ ပဋိပက္ခကိုရပ်တန့်မယ်ဆိုတာ ကျွန်တော်တို့မသိပါဘူး"ဟု Duda က ပြောကြားခဲ့သည်။

အနောက်နိုင်ငံများမှ ယူကရိန်းကို လက်နက်ပစ္စည်းများ အဆောတလျင်ပံ့ပိုးပေးနေလျှင် ပဋိပက္ခ၏ရလဒ်ကို ပြောင်းလဲနိုင်မည်မဟုတ်ဟု ရုရှားနိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ Maria Zakharova က တယ်လီဂရမ်တွင် မှတ်ချက်ပေးရေးသားထားသည်။

ယူကရိန်းအစိုးရနှင့် ၎င်း၏နိုင်ငံရပ်ခြားကျောထောက်နောက်ခံများသည် ရှုံးနိမ့်မည်စိုးရွံ့၍ စစ်လက်နက်များပို့ဆောင်နေခြင်းသည် ယူကရိန်းနိုင်ငံကို ကူညီနေခြင်းမဟုတ်ဘဲ ပိုမိုဆိုးရွားစေမည်သာဖြစ်ကြောင်း၊ ၎င်းတို့လုပ်ရပ်များအတွက် ရလာမည့်အကျိုးဆက်သည် နှောင်တဖြစ်စေနိုင်ကြောင်း Zakharova က ရေးသားခဲ့သည်။

ဇန်နဝါရီလက ယူကရိန်းသို့ ပင်မတိုက်ပွဲဝင်တင့်ကားများစွာ ပေးပို့မည်ဟု ကတိပြုခဲ့သော NATO အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့ကတိကဝတ်များကိုဖြည့်ဆည်းပေးရန်အတွက် လုံလောက်သောသံချပ်ကာအကာအကွယ်စနစ်(ပစ္စည်း)လုံလုံလောက်လောက်မရှိခြင်းအတွက် ရုတ်တရက်လွဲမှားမှုများဖြစ်ပေါ်ခဲ့သည်ဟု ယခုသီတင်းပတ်အစောပိုင်းက Wall Street Journal တွင် ရေးသားဖော်ပြခဲ့သည်။



၎င်း၏ Leopard 2 တင့်ကား ၁၄ စီးသည် မတ်လနှောင်းပိုင်းတွင် ယူကရိန်းသို့ ရောက်ရှိမည်ဟု ဂျာမနီက ပြောကြားခဲ့ကြောင်း၊ ဂျာမနီနိုင်ငံသည် တပ်တော်ဝင်ဖျက်သိမ်းခံရသည့် Leopard 1 တင့်ကားအစီး ၁၈၀ ခန့်ကို ပြန်လည်မွမ်းမံပြင်ဆင်ပြီး ရွှေ့တန်းသို့ပို့ဆောင်ရန် ဝယ်ယူထားကြောင်းလည်း ကြေညာခဲ့သည်။

ဥရောပနိုင်ငံများကြားတွင် ယူကရိန်း၏ အကြီးမားဆုံးကျောထောက်နောက်ခံဖြစ်သည့် ပိုလန်နိုင်ငံသည် ၎င်း၏အိမ်နီးချင်းနိုင်ငံကို Leopard 2 ၁၄ စီးနှင့် အဆင့်မြှင့်တင်၊ ပြုပြင်မွမ်းမံထားသော ဆိုဗီယက်ခေတ်ထုတ် T-72 တင့်ကားအစီး ၆၀ ပေးအပ်သွားမည်ဟု ကတိပြုခဲ့သည်။

သို့သော်လည်း သံချပ်ကာ၊ တင့်ကားများကို ယူကရိန်းထံပေးပို့ရန် ဂျာမနီကို ဖိအားပေးခဲ့ကြသော နယ်သာလန်နှင့် ဒိန်းမတ်ကဲ့သို့သော နိုင်ငံများကလည်း ၎င်းတို့ကိုယ်တိုင်က Leopard 2 တင့်ကားများကို ခွဲထုတ်မပေးနိုင်ကြောင်း အခိုင်အမာပြောကြားထားပြီးဖြစ်သည်။

ထို့ပြင် ဖင်လန်နိုင်ငံက တင့်ကားအနည်းငယ်သာ ပံ့ပိုးပေးနိုင်သည်ဟု ပြောကြားခဲ့သော်လည်း NATO အဖွဲ့သို့ ဝင်ရောက်ပြီးမှသာ ဖြစ်နိုင်ခြေများမည်ဟုဆိုသည်။

ယူကရိန်းသမ္မတ ဇီလန်စကီး၏ တောင်းဆိုမှုအသစ်ဖြစ်သည့် F-16 တိုက်လေယာဉ်များ ပံ့ပိုးပေးသွားရန်အချက်အပေါ် အနောက်နိုင်ငံများက ငြင်းဆိုထားကြောင်း သိရသည်။

ဒွန်းဘက်စ်ဒေသတွင် ရုရှားနှင့် ပဋိပက္ခပြင်းထန်မှုကြောင့် ယူကရိန်းတပ်ဖွဲ့များသည် လက်နက်ခဲယမ်းများ ပြတ်လပ်လုနီးပါးဖြစ်နေကြောင်း Bloom-berg သို့ ဖေဖော်ဝါရီ ၉ ရက်တွင် ဇီလန်စကီး၏ ရုံးလက်ထောက်အကြီးအကဲ Igor Zhovkva က ပြောကြားခဲ့သည်။

**Polish leader warns of Russian victory ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ "News Channel Studio"နှင့်ပတ်သက်သည့် Video Clip ကို ကြည့်ရှုအားပေးစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုသေဆုံးမှုများနေသေးသည်ကို တွေ့ရသော်လည်း မိမိတို့နိုင်ငံ၌ အနည်းငယ်မျှသောကူးစက်မှုများသာရှိပြီး သေဆုံးမှုမရှိတော့ခြင်းသည် ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးစားဆောင်ရွက်မှု၊ စီမံအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ စီမံဆောင်ရွက်မှု၊ နိုင်ငံပိုင်မီဒီယာများ၏ စဉ်ဆက်မပြတ်နည်းမျိုးစုံဖြင့် အသိပညာပေးမှု၊ ပြည်သူအားလုံးက ပူးပေါင်းလုပ်ဆောင်မှုများကြောင့်ပင်ဖြစ်သဖြင့် အားလုံးကို ကျေးဇူးတင်သကဲ့သို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအပါအဝင် နိုင်ငံပိုင်မီဒီယာအားလုံးကိုလည်း မှတ်တမ်းတင်ကြောင်းကို ပြောလိုပါကြောင်း။

လက်ရှိအခြေအနေတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရနိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့သည်မှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊သို့သော်လည်း နှစ်နှစ်တာကာလလုံးဖြစ်ခဲ့သည့် ဆူပူအကြမ်းဖက်မှုများ၊လူသတ်မီးရှို့၊ဖောက်ခွဲဖျက်ဆီးမှုများသည် သိသိသာသာလျော့နည်းကျဆင်းသွားခြင်းမရှိသေးကြောင်း၊ မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုကို မလိုလားသည့်ဩဇာခံဖြစ်အောင် အစမှလုပ်ချင်ကြသည့် ပြည်ပနိုင်ငံကြီးများနှင့်ပြည်သူအကျိုးကို မျက်ကွယ်ပြုကာ မိမိတို့ပုဂ္ဂိုလ်ရေးနှင့်အဖွဲ့အစည်းအကျိုးစီးပွားကိုသာ ရှေးရှုနေကြသည့် ပြည်တွင်းမှ သစ္စာဖောက်များနှင့် ပြည်ပြေးများသည် နိုင်ငံတော်အလုံးစုံပျက်သုဉ်းရေးကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နေဆဲဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုကို တစ်ဖက်သတ်ကာလရှည်ကြာရပ်စဲထားပေးခဲ့ခြင်း၊ NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းရန် ဖိတ်ခေါ်ခြင်း၊အလားတူအကြမ်းဖက်လုပ်ရပ်များကြောင့် ကြောက်လန့်ပြီး ရှောင်တိမ်းနေကြသူများကို ပြန်လည်သတင်းပို့ကြရန် ဖိတ်ခေါ်ခြင်း၊ ပြစ်ဒဏ်ကျခံနေရသူများကို လွတ်ငြိမ်းချမ်းသာခွင့် ပြုခဲ့ခြင်းများဖြင့် ပျော့ပျောင်းညင်သာစွာ ဆောင်ရွက်နေပါကြောင်း၊ သို့သော်လည်း အထူးသဖြင့် လူငယ်များကို သွေးထိုးမြှောက်ပင့်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းစသည့် မရိုးသားသည့်နည်းလမ်းများဖြင့် စည်းရုံးသိမ်းသွင်းပြီးလမ်းမှားသို့တွန်းပို့ကာ နိုင်ငံတော်ကို ဖျက်ဆီးနေကြဆဲဖြစ်သောကြောင့် ပြည်သူများနှင့် လူငယ်များ အတွေးအခေါ် မှန်ကန်ပြီး အသိပညာမြင့်မားလာစေရေး ဆက်လက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ပြန်ကြားရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများက ဆက်လက်ပြီး ဆောင်ရွက်သွားကြရန်မှာကြားလိုပြီး အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ယခုအချိန်တွင် ပြည်သူကို အသိပညာဗဟုသုတပေးနိုင်ရန် အရေးကြီးပါကြောင်း၊ အထူးသဖြင့် လူငယ်လူရွယ်များကို လမ်းမှားမရောက်စေရေး၊ ပညာတတ်သားကောင်းရတနာတွေဖြစ်လာစေရေးသည်လည်း ပိုမိုအရေးကြီးပါကြောင်း၊ ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြမည့်၊ နိုင်ငံတော်ကြီးကို ထုဆစ်ပုံဖော်ကြမည့်၊ လက်ဆင့်ကမ်းတာဝန်ယူကြမည့်သူများဖြစ်နေခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ အဓိကအားဖြင့် မိဘ၊ ဆရာများတွင် တာဝန်ရှိသည်ဟုဆိုရမည်ဖြစ်သော်လည်း မိမိတို့မီဒီယာများက စဉ်ဆက်မပြတ်အသိပညာပေး၊ ဗဟုသုတများဖြန့်ဝေပေးနေပါက ပိုမိုထိရောက်စေမည်ဖြစ်ပါကြောင်း၊ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို ဘက်ပေါင်းစုံက မြှင့်တင်ပေးလျက်ရှိပြီး KG+9 ပြီးမြောက်အောင် သင်ယူကြစေရေးအားပေးလုပ်ဆောင်လျက်ရှိပါကြောင်း၊ အဓိကမှာ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုကို အတွေးအခေါ် အယူအဆနှင့်အလုပ်အကိုင်များမှန်ကန်စေရေးတို့အတွက် မီဒီယာပိုင်းက ကြိုးစားအားထုတ်ဆောင်ရွက်သွားကြရန် အခြားသက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စစ်မှန်စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက်၊ နိုင်ငံတော်၏ ရှေ့ရေးအတွက်ဆောင်ရွက်နေကြောင်းကို ပြည်သူလူထုသိရှိစေရေး ပြန်ကြားရေးကဏ္ဍမှ အလေးထား ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

မိမိတို့နိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာထွန်းလင်းတောက်ပလျက်ရှိနေသည်ကို ကမ္ဘာကိုပြသနိုင်ရန်၊တိုင်းပြည်အေးချမ်းသာယာမှုရှိရန်နှင့်ပြည်တွင်းပြည်ပဘုရားဖူးများ လာရောက်ကြပြီး ဒေသတိုးတက်စည်ကားစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဉယျာဉ်တော်ကြီးအတွင်း၌ **"မာရဝိဇယ"** ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆိုပါက ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)ကို ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတစ်ဝန်းလုံးက ကုသိုလ်ရှင်များလှူဒါန်းသည့် ဌာပနာတော်များကိုလည်း ထည့်လှူပူဇော်ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း သာသနာ့ဗိမာန်တော်ကြီးတည်ဆောက်ရေး၊ ပိဋကတ်ကျမ်းစာများကို ကျောက်စာတော်များ ထုဆစ်ပူဇော်ပြီး ကျောက်စာရုံစေတီတော်များ တည်ဆောက်ရေး၊ ရင်ပြင်တော်များ၊ သုဓမ္မာဇရပ်များနှင့် အခြားသောသာသနိကအဆောက်အအုံများ တည်ဆောက်ရေး၊ ဗုဒ္ဓဉယျာဉ်တော်ကြီး သာယာလှပစေရေးတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ထိုကဲ့သို့ခမ်းနားထည်ဝါသည့် ဗုဒ္ဓအမွေအနှစ်ကြီး တည်ထားကိုးကွယ်ရန်ဆောင်ရွက်နေသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံတံတိုင်းတည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အအုံများအတွက် လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများက လှူဒါန်းနိုင်ရေးအတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအပါအဝင် တီဗီ၊ ရေဒီယို၊ သတင်းစာများက နှိုးဆော် တိုက်တွန်းပေးနေသည်ကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း။

**MRTV News Channelကို အသွင်သစ်၊အမြင်သစ်၊ပုံစံသစ်နှင့် အရန်စတူဒီယိုက ပူးပေါင်းထုတ်လွှင့်ခဲ့ရာမှ ယခုအခါ စတူဒီယိုအသစ်ကို နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကျပ် သန်း ၁၁၅၀ (ငွေကျပ်သန်းတစ်ထောင့်တစ်ရာငါးဆယ်) အသုံးပြုကာ သတင်းထုတ်လွှင့်ခန်းနှင့်ခေတ်မီစက်ပစ္စည်းများတပ်ဆင်ပြီးဖြစ်ပြီး ယခုအခမ်းအနားအပြီးတွင် ဆက်လက်ဖွင့်လှစ်ပေးမည်ဖြစ်သည့်အတွက် သီးသန့်စတူဒီယိုအဖြစ်စတင်အသုံးပြုပြီး ထုတ်လွှင့်နိုင်တော့မည်ဖြစ်**ပါကြောင်း။

**နိုင်ငံနှင့် ပြည်သူ့အကျိုးကို မီဒီယာနှင့် ဝန်ဆောင်မှုပေးနေသည့် MRTV သည် တိုင်းရင်းသားဘာသာစကားအမျိုးအမည် ၂၀ နှင့် ဘာသာစကားများစွာထုတ်လွှင့်နိုင်မှုကြောင့် ကမ္ဘာ့အလယ်တွင် ထူးခြား၊ ထင်ရှားသည့် ရုပ်သံလွှင့်ဌာနကြီးအဖြစ် ရပ်တည်နေသည်ကိုလည်း သိရှိရသည့်အတွက် ဂုဏ်ယူ...** [sic: see next line]

နိုင်ငံနှင့် ပြည်သူ့အကျိုးကို မီဒီယာနှင့် ဝန်ဆောင်မှုပေးနေသည့် MRTV သည် တိုင်းရင်းသားဘာသာစကား အမျိုးအမည် ၂၀ နှင့် ဘာသာစကားများစွာ ထုတ်လွှင့်နိုင်မှုကြောင့် ကမ္ဘာ့အလယ်တွင် ထူးခြား၊ ထင်ရှားသည့် ရုပ်သံလွှင့်ဌာနကြီးအဖြစ် ရပ်တည်နေသည်ကိုလည်း သိရှိရသည့်အတွက် ဌာနနှင့်ထပ်တူ ဂုဏ်ယူပါကြောင်းလည်းပြောကြားလိုပါကြောင်း၊ ခေတ်အဆက်ဆက်တွင် MRTV၏ ဝန်ထမ်းဟောင်းများက သူ့ခေတ်သူ့အခါအလိုက် တာဝန်ကျေပွန်ခဲ့ကြသကဲ့သို့ မျိုးဆက်သစ်ဝန်ထမ်းများကလည်း သမိုင်းပေးတာဝန်များကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် MRTV အနေဖြင့် အနာဂတ်တွင် ရေရှည်တည်တံ့အောင်မြင်သည့် ဌာနကြီးအဖြစ် ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေး ယနေ့တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၏ စိတ်စေတနာနှင့် ခံယူချက်၊ ယုံကြည်ချက်၊ ကြိုးစားဆောင်ရွက်မှုများအပေါ်၌ တည်ရှိနေသည်ဆိုသည်ကိုလည်း သတိပြုကြရမည်ဖြစ်ပါကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာများခိုင်မာစွာ စောင့်ထိန်းခဲ့သည့်မှုရှိပြီးဖြစ်ပါကြောင်း၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်းဆိုသည်မှာ လူများ၏စိတ်ကို ဖမ်းစားနိုင်စွမ်းရှိပြီး တိုင်းရင်းသားများထိန်းသိမ်းအပ်သည့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ပြည်သူလူထု၏ စိတ်နှလုံးထဲတွင် ရှိနေစေရေး ဆက်လက်ဆောင်ရွက်ပေးရန် မှာကြားလိုပါကြောင်း၊ တစ်ဖက်ကလည်း နိုင်ငံသူ၊နိုင်ငံသားများ ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ရေး အမြင်ရှိအောင်လည်း လုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့်လည်း မူလလုပ်ငန်းတာဝန်များအပြင် သီးခြားပေးအပ်လာသည့် လုပ်ငန်းတာဝန်များအပေါ် ကြိုးစားထမ်းဆောင်နေသကဲ့သို့ နိုင်ငံအတွင်း၌ အနုပညာလုပ်ငန်းများပုံမှန်အခြေအနေအတိုင်း ပြန်လည်လုပ်ကိုင်နိုင်စေရေးနှင့် **စာမျက်နှာ ၁၉ သို့**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Studio အတွင်း စိတ်ဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစဉ်။**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား **MRTV** ၏ လုပ်ငန်းစဉ်များကို ဆန်းစစ်ကြည့်ပါက တစ်ဦးတစ်ယောက် တစ်ဖွဲ့တည်းဖြင့်လုပ်ဆောင်၍မရဘဲ အားလုံးပူးပေါင်းလုပ်ဆောင်မှုဖြင့်သာ အကောင်အထည်ဖော်ဆောင်ရွက်ရသည်ကို တွေ့မြင်ရမည်ဖြစ်. . .

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား **MRTV** အတွက် (၇၇)နှစ်ပြည့်မြောက်သည့်နေ့အဖြစ် သတ်မှတ်ဂုဏ်ပြုခြင်းဖြစ်သကဲ့သို့ **MRTV** ဝန်ထမ်းများ၏ စည်းလုံးညီညွတ်မှု၊ တစ်စိတ်တစ်ဝမ်းတည်းဖြစ်မှုတို့ကိုလည်း သက်သေပြခြင်းပင်ဖြစ်. . .

**စာမျက်နှာ ၁၈ မှအဆက်**

အနုပညာလောကသားများ၏ စားဝတ်နေရေးကိစ္စများ အဆင်ပြေစေရေး တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ပေးနေသည်ကိုလည်း အသိအမှတ်ပြုပြောကြားလိုပါကြောင်း။

နိုင်ငံတော်၏ သမိုင်းကြောင်းနှင့်အတူ ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် နေ့စဉ်တင်ဆက်နေသည့် သတင်းနှင့်အစီအစဉ်များ ပိုမိုအရည်အသွေးကောင်းမွန်စေရေး၊ Content ပိုင်းဆိုင်ရာ အသစ်အသစ်များ ဖန်တီးထုတ်လုပ်ပြီး သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊အသိပညာမျှဝေပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် ရည်မှန်းချက်များအောင်မြင်အောင် ကြိုးစားဆောင်ရွက်ပေးကြရန်၊ နိုင်ငံတကာရုပ်သံလုပ်ငန်းများ၏ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးမှုများကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာပြီး ယှဉ်တွဲလိုက်ပါ ဆောင်ရွက်နိုင်ရေးနှင့် ဝန်ထမ်းများ၏စွမ်းဆောင်ရည်များတိုးမြှင့်လာစေရေးအတွက် ဝန်ထမ်းအားလုံး၏ စွမ်းဆောင်နိုင်မှုအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ပြီး တိုးတက်အောင်လုပ်ဆောင်ကြရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ပြည်သူအကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ပေးစွမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြပြီး နိုင်ငံတော်နှင့် ပြည်သူတို့က အားကိုးအားထားပြုရသည့် ဌာနကြီးတစ်ခုဖြစ်အောင် ယခင်ကထက် ပိုမိုစည်းလုံးသည့်၊ ပိုမိုညီညွတ်သည့် စိတ်ကောင်းစေတနာအပြည့်ဖြင့် သယ်ပိုးစွမ်းဆောင်ပေးကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ၇၇ နှစ်ပြည့်မြောက်သည့်နေ့မှသည် ရွှေ့ရာစုနှစ်ပေါင်းများစွာအထိ အောင်မြင်မှုများနှင့်အတူ လျှောက်လှမ်းပြီး ဂုဏ်ယူဝင့်ကြွားစွာ ရှင်သန်ရပ်တည်နိုင်ပါစေကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **10th ASEAN Quiz (Regional Level) ပြိုင်ပွဲ**ကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ စီစဉ်ကျင်းပနိုင်မှုနှင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် **"တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" Season-2**ကို အောင်မြင်စွာစီစဉ်တင်ဆက်နိုင်မှုတို့အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် ဂုဏ်ပြုဆုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၇၇ သိန်းကို ချီးမြှင့်ပေးအပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ **"အသစ်တစ်ဖန် ခေတ်သဏ္ဌာန် MRTV"** တေးသီချင်း၊ **"ရှင်သန်နေမည် MRTV"**တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား "News Channel Studio" ဖွင့်လှစ်ခြင်းကို ဆက်လက်ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက အဝင်ဆိုင်းဘုတ်ငယ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဦးဝင်းရှိန်တို့နှင့်အတူ "News Channel Studio"ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် "News Channel Studio" နှင့် ပတ်သက်သည့် Video Clipကို ကြည့်ရှုအားပေးပြီး Studio အတွင်း လှည့်လည်ကြည့်ရှုကြကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရေဒီယိုထုတ်လွှင့်ခန်းများ၊ Myanma Radio (English FM Channel)အင်္ဂလိပ်ပိုင်းသတင်းနှင့်အစီအစဉ်များထုတ်လွှင့်နေမှု၊ တိုင်းရင်းသားရုပ်သံထုတ်လွှင့်လျက်ရှိမှု၊သပြေရေဒီယိုအသံလွှင့်ချိန်တိုးချဲ့ထုတ်လွှင့်လျက်ရှိမှုများကိုလည်းကောင်း၊ Convergence News Room၊ MRTV HD၊ MRTV News ထုတ်လွှင့်ခန်းများနှင့် Master Control Room၊ MRTV HD News Studio နှင့် MRTV News၊ Radio Tape Library၊ Radio News Room၊Auditorium တို့ကိုလည်းကောင်း ကဏ္ဍတစ်ခုချင်းစီအလိုက် စိတ်ဝင်စားစွာ လိုက်လံကြည့်ရှု၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကဏ္ဍအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြမှုများအပေါ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် မီဒီယာကဏ္ဍတွင် ရှေ့ဆောင်စံပြအဖြစ်ရှိနေရမည်ဖြစ်ပြီး အမြင့်ဆုံးမှ ရပ်တည်နေရမည်ဖြစ်ကြောင်း၊ ခေတ်နှင့်လျော်ညီသည့် ထုတ်လွှင့်မှုပုံစံဖြစ်ရမည်ဖြစ်သကဲ့သို့ မြန်မာမှုထုံးတမ်းစဉ်လာများကိုလည်း ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ မြန်မာစာ၊မြန်မာစကားကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာဌာန်ကရိုဏ်းကျကျဖြင့် ပြောဆိုတင်ဆက်နိုင်ရမည်ဖြစ်ကြောင်း၊ အင်္ဂလိပ်ပိုင်းအစီအစဉ်များကိုလည်း အသံအနေအထားမှန်ကန်စွာဖြင့် ဆောင်ရွက်ပြီး နားထောင်သူများက အတုယူနိုင်ရန်လိုကြောင်း၊ ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများနှင့်လုပ်ငန်းတာဝန်များကို ပျော်ရွှင်စွာဖြင့် ကျေပွန်အောင် ထမ်းဆောင်နိုင်ရေးအတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားဆွေးနွေးပြောကြားသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် "ဗမာ့အသံ" (Burma Broadcasting Service-BBS) အမည်ဖြင့် စတင်တည်ထောင်ခဲ့ကြောင်း၊ထို့နောက် အင်္ဂလိပ်ခေတ်၊ ဒုတိယကမ္ဘာစစ်ကာလ၊ဂျပန်ခေတ်၊ပါလီမန်ဒီမိုကရေစီခေတ်များတွင်နေရာပြောင်းရွှေ့ပြီး အမည်နာမမျိုးစုံဖြင့်ဖြတ်သန်းခဲ့ကြောင်း၊ ၁၉၇၂ ခုနှစ် မတ် ၁၆ ရက်တွင် ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာနအဖြစ် အမည်ပြောင်းလဲခဲ့ကြောင်း၊ ၁၉၈၀ ပြည့်နှစ် ဇွန် ၃ ရက်တွင် ရောင်စုံရုပ်မြင်သံကြားကို စမ်းသပ်ထုတ်လွှင့်ခဲ့ရာမှ နိုဝင်ဘာ ၁ ရက်မှစ၍ ရုပ်မြင်သံကြားအစီအစဉ်များကို ရောင်စုံဖြင့် ထုတ်လွှင့်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းနောက်မူလရေဒီယိုအသံလွှင့်လုပ်ငန်းနှင့်ပူးပေါင်းပြီး ၁၉၉၀ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် မြန်မာ့ရုပ်မြင်သံကြားနှင့်အသံလွှင့်ဦးစီးဌာန (Myanmar Television and Radio Department –MTRD) အမည်ဖြင့်ပြင်ဆင်ခဲ့ပြီး ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)အမည်ကို ပြောင်းလဲကာ ယနေ့တိုင်ခေါ်ဝေါ်သတ်မှတ်ခဲ့ကြောင်း။

ယခုအခါ MRTV-HD၊ MRTV-News တို့အပြင် တိုင်းရင်းသားဘာသာ ၁၁ မျိုးဖြင့်ထုတ်လွှင့်နေသည့် တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (MRTV-NRC)၊ တောင်သူလယ်သမားရုပ်သံလိုင်း(MRTV-Farmer's)၊ လွှတ်တော်ရုပ်သံလိုင်း (Hluttaw Channel)နှင့် အားကစားရုပ်သံလိုင်း(MRTV Sports Channel) တို့ကိုမြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှတိုးချဲ့ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းကို ကချင်၊ ကယား၊ စကောကရင်၊အရှေ့ပိုးကရင်၊အနောက်ပိုးကရင်၊ချင်း(ချိုး)၊ ချင်း(လိုင်ဇိုး)၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် "ဝ"ဘာသာစသည့် တိုင်းရင်းသား ၁၁ မျိုးဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည့်အပြင် MRTV Website အပါအဝင် Online ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း၍ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများကိုလည်းကောင်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့အသံရေဒီယိုအနေဖြင့်ရေဒီယိုအစီအစဉ်များကို နေ့စဉ်နံနက် ၅ နာရီမှ ည ၁၁ နာရီထိ ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ တိုင်းရင်းသားဘာသာ ၁၇ မျိုးဖြင့်လည်း ထုတ်လွှင့်ပေးလျက်ရှိသည်။ ထို့ပြင် အင်္ဂလိပ်ဘာသာဖြင့် Myanma Radio English FM Channel နှင့် သပြေရေဒီယိုတို့ကို တိုးချဲ့ထုတ်လွှင့်ပေးလျက်ရှိသည်။

ယနေ့အချိန်တွင် သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်၊ဖျော်ဖြေပေးရန်စသည့်ရည်ရွယ်ချက်များဖြင့် ၁၉၄၆ ခုနှစ်မှ စတင်ရှင်သန်ပေါက်ဖွားလာခဲ့သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV သည် ၇၇ နှစ်တိုင်ခဲ့ပြီဖြစ်ပြီး ခေတ်အဆက်ဆက်တွင် တိုးတက်ပြောင်းလဲမှုများနှင့် နိုင်ငံပိုင်မီဒီယာကြီးတစ်ခုအဖြစ် မားမားမတ်မတ် ရပ်တည်လျက်ရှိကြောင်း သတင်းရရှိသည်။

ကိုဗစ်-၁၉ ရော... ...ခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထ... ...ပါသည်။

# ထိုင်း-မြန်မာ နှစ်နိုင်ငံအကြား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဒုတိယဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Mongkol Visitstump ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ထိုင်း-မြန်မာ နှစ်နိုင်ငံအကြား လေကြောင်းပို့သန်းမှု၊ ရထားပို့ဆောင်ရေးလုပ်ငန်းဖွံ့ဖြိုးရေးဆောင်ရွက်နေမှု၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများနှင့် အနာဂတ်ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Mongkol Visitstump ကို လက်ခံတွေ့ဆုံစဉ်။**



# စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက မြန်မာ့မီးရထားစက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးက ထုတ်လုပ်ပြင်ဆင်မှုဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ၊စီမံ)က မြင်းကောင်ရေ ၁၂၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်းသစ်များ တပ်ဆင်ထုတ်လုပ်မှုများနှင့် စမ်းသပ်မောင်းနှင်ပြီးစီးမှုများ၊ ဒီဇယ်လျှပ်စစ်ရထားတွဲ (DEMU)စမ်းသပ်တည်ဆောက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက စက်ခေါင်းသစ်ထုတ်လုပ်တပ်ဆင်မှုလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာများ အလေးထားဆောင်ရွက်ရန်၊ တပ်ဆင်ထုတ်လုပ်ရန် ကျန်ရှိနေသည့် စက်ခေါင်းများ သတ်မှတ်အချိန်ဇယားနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအတွင်း မြင်းကောင်ရေ ၁၂၀၀ အား ဒီဇယ်လျှပ်စစ် စက်ခေါင်းသစ် လေးခေါင်းတပ်ဆင်ထုတ်လုပ်ပြီးစီးနေမှုများနှင့်ဒီဇယ်လျှပ်စစ်ရထားတွဲ(DEMU) စမ်းသပ်တည်ဆောက်နေမှုများကိုလည်းကောင်း၊ တပ်ဆင်ထုတ်လုပ်ပြီးစီးသည့် စက်ခေါင်းသစ် တစ်ခေါင်း စမ်းသပ်မောင်းနှင်မှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)၌ မြန်မာ့မီးရထားကျွမ်းကျင်အင်ဂျင်နီယာ ဝန်ထမ်းများက မြင်းကောင်ရေ ၁၂၀၀ အားရှိ ခေတ်မီ ဒီဇယ်လျှပ်စစ် စက်ခေါင်းသစ်များကို ကိုယ်တိုင်ထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိရာ စက်ခေါင်းသစ် လေးခေါင်း တည်ဆောက်ပြီးစီးပြီဖြစ်ကာ ပဉ္စမမြောက် စက်ခေါင်းသစ်ကို ဆက်လက်တည်ဆောက်လျက်ရှိပြီး ၂၀၂၃ ခုနှစ် မတ်လတွင်ပြီးစီးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စက်ခေါင်းသစ်များကို မြန်မာ့မီးရထားလမ်းပိုင်းများရှိ လူစီးရထားခရီးစဉ်များတွင် အသုံးပြုပြေးဆွဲသွားမည်ဖြစ်ပြီး စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)မှ ကနဦးတွင်တောင်ပေါ်လမ်းပိုင်းပြေးဆွဲရထားများနှင့် ကုန်ရထားခရီးစဉ်များတွင် အသုံးပြုနိုင်မည့်မြင်းကောင်ရေ ၂၀၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်းသစ် ၁၀ ခေါင်းကို ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တို့တွင် တပ်ဆင်ထုတ်လုပ်ခဲ့ပြီး လမ်းပိုင်းများတွင် အသုံးပြုပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




# မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီးအတွင်းရောက်ရှိနေသည့် တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် မကွေးမြို့နယ် မိကျောင်းရဲကျေးရွာရှိ တိုက်နယ်ဆေးရုံ၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူစုစုပေါင်း ၇၅၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါဦးရေ ၂၀၀၊ ခွဲစိတ်ရောဂါ ၅၁ ဦး၊ ကလေးရောဂါ ၃၁ ဦး၊ သားဖွားမီးယပ်ရောဂါဦးရေ ၃၀၊ အရိုးရောဂါ ၁၃၅ ဦး၊ နား၊ နှာခေါင်း၊လည်ချောင်းရောဂါ ၃၇ ဦး၊ မျက်စိရောဂါ ၁၈၀ ဦး၊ သွားရောဂါ ၂၆ ဦးနှင့် အထွေထွေရောဂါ ၆၁ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ခြောက်ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၂ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၁၇ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၈၆ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၈၇ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ ၁၄ ဦးကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ၚင်းအပြင် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို သွေးတိုးရောဂါနှင့် ဆီးချို၊ သွေးချိုရောဂါများအကြောင်း ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများဆောင်ရွက်ပေးပြီး ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများအား စားရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မကွေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➢ ➢ ➢

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့တွေ့ဆုံဆွေးနွေး



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းတို့ သဘောတူညီချက်များကို အပြန်အလှန်လဲလှယ်ကြစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး နိုင်ဝင်းလှ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် နိုင်ဗညားလယ်၊ နိုင်အောင်မငေးနှင့်ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဒေသဖွံ့ဖြိုးရေးကိစ္စများ၊ မွန်စာပေသင်ကြားရေးကိစ္စများနှင့် အထွေထွေကိစ္စရပ်များဆွေးနွေးခဲ့ကြပြီး သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောတူညီချက်များရယူနိုင်ရန် ဆွေးနွေးညှိနှိုင်းကြပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ကြသည်။ ယင်းနောက် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ကြပြီး ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည့် ကမ္ဘာ့ရေးရာ၊ မြန်မာရေးရာနှင့်တိုင်းရင်းသားရေးရာစာအုပ်များကို လက်ဆောင်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရတနာပုံတက္ကသိုလ်၏ ၂၃ နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် သွေးလှူဒါန်းပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၅**

မန္တလေး အမရပူရမြို့နယ်ရှိ ရတနာပုံတက္ကသိုလ်၏ ၂၃ နှစ်မြောက်နှစ်ပတ်လည် အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို အဆိုပါတက္ကသိုလ်တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များ၊စာတမ်းရှင်များ၊သွေးလှူရှင်ကျောင်းသား၊ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရတနာပုံတက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမတွင်ကျင်းပသည့် ရတနာပုံတက္ကသိုလ်ကြက်ခြေနီအသင်းက ကြီးမှူး၍ ကျောင်းသား၊ကျောင်းသူများ၏ စုပေါင်းသွေးလှူဒါန်းပွဲသို့ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သွေးလှူဘဏ်မှတာဝန်ရှိသူများ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက သွေးလှူရှင် ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးနေမှုများနှင့် သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာအတွက် ဝုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကို ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရတနာပုံတက္ကသိုလ် ပြည်ထောင်စုခန်းမတွင် ကျင်းပသည့် သုတေသနစာတမ်းဖတ်ပွဲသို့ ရောက်ရှိကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကုန်ထုတ်ဓာတုဗေဒဌာနနှင့် ဓာတုဗေဒဌာနတို့မှသုတေသနစာတမ်းရှင်များ၏စာတမ်းများဖတ်ကြားမှုများကို အားပေးခဲ့ကြောင်းနှင့်သုတေသနစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ဝိဇ္ဇာ၊သိပ္ပံဘာသာရပ်ဆိုင်ရာသုတေသနစာတမ်း ၉၂ စောင်ကို ဖတ်ကြားသွားမည်ဖြစ်သည်။




ဆက်လက်၍ မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ ဗိဝိတဒါနသံဃာ့ဆေးရုံကြီး(ကန်တော်ကြီး)၏ စီမံခန့်ခွဲရေးဗဟိုကော်မတီအစည်းအဝေးကို ဆေးရုံကြီး၏ အစည်းအဝေးခန်းမတွင် ယနေ့မွန်းလွဲပိုင်းကကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်သည်။

အဆိုပါအစည်းအဝေးတွင် ဗိဝိတဒါနသံဃာ့ဆေးရုံကြီး(ကန်တော်ကြီး)၏ စီမံခန့်ခွဲရေး ဗဟိုကော်မတီအစည်းအဝေးအလှည့်ကျသဘာပတိအဖြစ်တင်မြှောက်ခဲ့သည့် ပါမောက္ခ ဒေါက်တာမြမောင်က ဆေးရုံကြီးစတင်ဖွင့်လှစ်ကုသပေးနေသည့်အချိန်မှစ၍ ယနေ့ထိ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ကြုံတွေ့နေရသည့်အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ဗိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် သဒ္ဓါတရားထက်သန်စွာဖြင့် စေတနာအလျောက် လုပ်အားဒါနပေးနေကြသူများဖြစ်သည့်အတွက် အလွန်မွန်မြတ်သူများဖြစ်ပါကြောင်းနှင့် လိုအပ်သည်များကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဗိဝိတဒါနသံဃာ့ဆေးရုံကြီး(မန္တလေး) စီမံခန့်ခွဲရေးဗဟိုကော်မတီဝင်များ၊အကျိုးဆောင်ဆရာဝန်ကြီးများက စီမံအုပ်ချုပ်ရေး၊ ကုသရေး၊ဘဏ္ဍာငွေရရှိရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိလုပ်ငန်းများနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည့်အပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ ထုတ်ယူနိုင်

**သတင်းကြေညာချက်**

၁။ ၂၀၂၃ ခုနှစ် မတ် ၈ ရက်မှ ၁၈ ရက်ထိကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုခွင့်လျှောက်ထားကြသော ကျောင်းသား၊ကျောင်းသူများသိရှိရန် အောက်ပါအတိုင်းကြေညာအပ်ပါသည်-

(က) တိုင်းဒေသကြီး၊ပြည်နယ်များရှိ စာစစ်ဌာနအသီးသီးတွင်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် တနင်္လာနေ့မှစ၍ ထုတ်ယူကြရပါမည်။

(ခ) အခြေခံပညာအထက်တန်းကျောင်း၊(ကျောင်းခွဲ)နှင့် (တွဲဖက်)အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card)များကို မိမိတို့ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရပါမည်။

(ဂ) ပြင်ပမှဖြေဆိုသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card)များကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှ ထုတ်ယူကြရပါမည်။

၂။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card)များ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (၆၁)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန (၆၁)ကြိမ်မြောက် မဟာ ဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၆၁)ကြိမ်မြောက်မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသောဆရာတော်ကြီးများ၊ စာအောင်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က သမ္ဗောဒနီယသာသနီယဩဝါဒကထာဖတ်ကြားပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဓမ္မာစရိယ၊ ပါဠိပထမပြန်၊ နိကာယ်စာမေးပွဲအထူးအောင် သံဃာတော်များ၊ သီလရှင်များနှင့် အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်အထူးအောင်ပုဂ္ဂိုလ်များကို အောင်လက်မှတ်များဆက်ကပ်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဆရာတော် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းပြီး ပြည်ထောင်စုဝန်ကြီး၊ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများက စာအောင်သံဃာတော်များကို လှူဖွယ်ပစ္စည်းများနှင့် ဘွဲ့လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပသည့် (၆၁)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင် အခမ်းအနားသို့ စာအောင်သံဃာတော် ၂၆၉ ပါး၊ သီလရှင် အပါး ၃၀ နှင့် လူပုဂ္ဂိုလ် ကိုးဦးတို့ကို ဘွဲ့လက်မှတ်များနှင့် အောင်လက်မှတ်များ ဆက်ကပ်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

☆ **ကျောဖုံးမှအဆက်**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန် စသည့်ရည်ရွယ်ချက်လေးရပ်ဖြင့် တည်ထားကိုးကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။


ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီး စုစုပေါင်းအလေးချိန်မှာ တန် ၁၇၀၀ ရှိပြီး ဇန်နဝါရီ ၂၆ ရက် မင်္ဂလာအချိန်တွင် ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပြီးဖြစ်သည်။

ရတနာပလ္လင်တော်ထက်သို့ဆက်လက်ပင့်ဆောင်ပူဇော်ရန်ကျန်ရှိသည့်မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)အား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်တွင်ကျင်းပပြုလုပ်ခဲ့ပြီး ပင့်ဆောင်ရေးလုပ်ငန်းစဉ်များအလိုက် ပင့်ဆောင်ခဲ့ရာ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၂ နာရီ ၄၃ မိနစ်တွင် ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အစိတ်အပိုင်းများကို ရတနာပလ္လင်တော်ထက်၌ ထိဆက်ပင့်ဆောင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ယနေ့နံနက် ၁ နာရီ ၃၅ မိနစ်ခန့်တွင် ဆင်းတုတော်အပိုင်း(၄)အား ဆင်းတုတော်(၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးထံသို့ Skid Rail များ အသုံးပြု၍ စတင်ပင့်ဆောင်ပူဇော်ခဲ့ရာ နံနက် ၇ နာရီ ၂၀မိနစ်ခန့်တွင် ထိဆက်ပင့်ဆောင်နိုင်ခဲ့သည်။ ယင်းနောက် ရတနာပလ္လင်တော်ပေါ်သို့ နေရာချထားခြင်းအား Hydraulic Jack များအသုံးပြု၍ ဆက်လက်ဆောင်ရွက်ခဲ့ရာ ဆင်းတုတော်အပိုင်း (၁/၂/၃)တို့ကို တွဲဆက်ထားသည့် အစိတ်အပိုင်းကြီး၊ ရတနာပလ္လင်တော်၊ ဆင်းတုတော်အပိုင်း(၄)တို့အား တစ်ခုနှင့်တစ်ခုကိုက်ညီမှုရှိစေရန် တစ်လက်မချင်း အချိန်ယူ၍ အသေးစိတ်ဆောင်ရွက်ခဲ့ရပြီး ညနေ ၄ နာရီ ၅ မိနစ်တွင် ပလ္လင်တော်ပေါ်၌ ဆင်းတုတော်ကြီး၏ အစိတ်အပိုင်းအားလုံးကို အောင်မြင်စွာနေရာချထားနိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ဆင်းတုတော်ကြီး၏ အစိတ်အပိုင်းများအား တွဲဆက်ခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

အဆိုပါ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်နည်းတူ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ ကျင်းပပြုလုပ်နိုင်မည့် သံဃာအပါး ၁၂၀၀ နှင့် လူပရိသတ်များ ဝင်ဆံ့နိုင်သော သာသနာ့ဗိမာန်တော်ကြီး၊ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါ သိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထုဆစ်ပူဇော်ထားရှိသည့် ကျောက်စာရုံစေတီတော်များ၊ ရေပန်းရင်ပြင်တော်များ၊ ဘုရားကြီးရင်ပြင်တော်၊ သုဓမ္မာဇရပ်များအပြင် အခြားသော သာသနိက အဆောက်အအုံများကိုလည်း ထည့်သွင်း တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။



**မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ညချမ်းချိန်ခါများတွင် အများပြည်သူ ကြည်ညိုသပ္ပာယ်ဖွယ် မီးများထွန်းညှိ၍ အလင်းပေးပူဇော်ထားရှိမှုကို တွေ့ရစဉ်။**

မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်းများ၊ သာသနိကအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများကို တည်ဆောက်ရေးဆိုင်ရာ တာဝန်ရှိသူများက နေ့ညမပြတ် ကြိုးပမ်းတည်ဆောက်လျက်ရှိပြီး ညချမ်းချိန်ခါများတွင်လည်း အများပြည်သူ ကြည်ညိုသပ္ပာယ်ဖွယ် မီးများထွန်းညှိ၍ အလင်းပေးပူဇော်ထားရှိကြောင်း သတင်းရရှိသည်။

---


## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ အသိပေးနှိုးဆော်

➤ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားတွင် မြို့နယ်ကိုယ်စားပြု ဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ်အမျိုးအမည်ဖော်ပြချက်တို့ကို ထပ်တိုးထည့်သွင်းရိုက်နှိပ်လျက် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ကို ၂၀၂၀ ခုနှစ် ဇူလိုင် ၁ ရက်နေ့မှစတင်၍ မှတ်ပုံတင်မော်တော်ယာဉ်များတွင် ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

➤ လက်ရှိတွင် ကနဦးမှတ်ပုံတင်ယာဉ်များ၊ နယ်ဝင်၊ အမည်ပြောင်း၊ လိပ်စာပြောင်း၊ အင်ဂျင်ပြောင်း၊ ဆေးရောင်ပြောင်း၊ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်၊ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်ပျောက်ယာဉ်များနှင့် နှစ်လဲသက်တမ်းတိုးမော်တော်ယာဉ်များအားလုံးကို ဖောင်းကြွနံပါတ်ပြားအသစ်များ မပျက်မကွက်ပြောင်းလဲတပ်ဆင်ပေးလျက်ရှိပါသည်။

➤ မော်တော်ယာဉ်များအားလုံး ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ခြင်းကို အချိန်တိုအတွင်း မြန်ဆန်စွာ ရာနှုန်းပြည့်ပြီးစီးစေရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာယာဉ်များ၊ အငှားပြေးဆွဲသည့်တင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ ကုန်တင်ယာဉ်များအားလုံးသည် ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အပြီး သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ကြရန်ဖြစ်ပါသည်။

➤ ထို့ပြင် ပုဂ္ဂလိကမော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် နှစ်လဲသက်တမ်းတိုးချိန်တွင်ဖြစ်စေ၊သက်တမ်းတိုးချိန် မတိုင်မီဖြစ်စေ သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များအမြန်ပြောင်းလဲတပ်ဆင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# လားရှိုးမြို့နယ်၊ အမ်းမြို့နယ်နှင့် မောင်တောမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် မန်အိုင်ကျေးရွာအုပ်စု နမ့်စံလွယ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ သက်ကြီးဘိုးဘွားများနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် လားရှိုးပြည်သူ့ဆေးရုံကြီးမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများက အဆိုပါကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၃၀ နှင့် ဒေသခံပြည်သူ ဦးရေ ၆၀၀ တို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ECG စက်၊ Ultrasound စက်များဖြင့် ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရခိုင်ပြည်နယ် အမ်းမြို့နယ်နှင့် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူ ၇၇၇ ဦးတို့ကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျေးရွာဘုန်းတော်ကြီးကျောင်းများ၌ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ECG စက်၊ Ultrasound စက်များဖြင့် ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ရောဝတီတိုင်းဒေသကြီးအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၆၀ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၁၉၈၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

# ရေးမြို့နယ် တောင်ဘုံကျေးရွာအနီး တောင်ဘုံ-အာယုတောင်သွား ကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားတစ်စင်းကို အကြမ်းဖက်မှုကိုလိုလားသည့် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် ရေးမြို့နယ် တောင်ဘုံကျေးရွာအနီး တောင်ဘုံ-အာယုတောင်သွား ကားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားတစ်စင်းအား အကြမ်းဖက်မှုကိုလိုလားသည့် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။



အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် တံတားပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၁ နာရီတွင် မွန်ပြည်နယ် ရေးမြို့နယ် တောင်ဘုံကျေးရွာအနီး တောင်ဘုံ-အာယုတောင်သွား ကားလမ်းပေါ်ရှိ အလျား ၃၈ ပေ၊ အနံ ၁၈ ပေခန့်ရှိ သံကူကွန်ကရစ်တံတား တစ်စင်းအား အကြမ်းဖက်မှုကိုလိုလားသည့် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပေါက်ကွဲမှုကြောင့် တံတား၏ ဝဲယာလက်ရန်း နှစ်ဖက်၊ ကမ်းကပ်ခုံ၊ တံတား၏ အလယ်တည့်တည့်တို့တွင် အနည်းငယ်ပျက်စီးခဲ့ပြီး ယာဉ်ဖြတ်သန်းသွားလာမှုများ ပြတ်တောက်ခဲ့ခြင်း မရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့်တံတားကို တာဝန်ရှိသူများက အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ဖေဖော်ဝါရီ ၁၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ငါးဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၇၅ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၄၃၅၃ ဦး |

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဖေဖော်ဝါရီ ၁၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၁၂၇ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ငါးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။


ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်နေ သူသူဟန်သည် ၎င်းအသုံးပြုသည့် "Thu Thu Han" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက်နေ မြတ်ထွန်းနှင့် မေရှိမြင့် (ခ)Demo တို့သည် ၎င်းတို့အသုံးပြုသည့် "Myat Htun" Facebook အကောင့်နှင့် "Demo" Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အရာတော်မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်ကို PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ရက်စက်စွာ မိုင်းခွဲတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ပြီး ကျောင်းသူ တစ်ဦးသေဆုံးခဲ့ရ

ကျောင်းကားမိုင်းဆွဲတိုက်ခိုက်ခံရမှု ဖြစ်စဉ်နေရာပြပုံ




**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (အရာတော်)တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခန်းဆုံးစာမေးပွဲဖြေဆိုပြီး ပြန်လာသည့် ကျောင်းသား၊ ကျောင်းသူများ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်ကို PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ ရက်စက်စွာမိုင်းခွဲတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ပြီး ကျောင်းသူ တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နေ့လယ်ပိုင်းက အရာတော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (အရာတော်)တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခန်းဆုံးစာမေးပွဲဖြေဆိုပြီး ပြန်လာသည့် ကျောင်းသား၊ ကျောင်းသူများ လိုက်ပါလာသော မော်တော်ယာဉ်သည် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် အရာတော်မြို့၏ အထွက် အနောက်မြောက်ဘက် မီတာ ၁၅၀၀ ခန့်အကွာသို့အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်ရီမုမိုင်းဖြင့် အကြောင်းမဲ့ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ကျောင်းသူ တစ်ဦးသေဆုံးပြီး ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။



အဆိုပါ မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အရာတော်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း၊ ယခုကဲ့သို့ NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတကာဥပဒေများ၊ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ကာ ကလေးသူငယ်များ၏ ပညာသင်ကြားရေးကို နည်းမျိုးစုံဖြင့် နှောင့်ယှက်တိုက်ခိုက်မှုများသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်သဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**PDF အမည်ခံ အကြမ်းဖက်သမားများ၏ မိုင်းခွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ကျောင်းသူ တစ်ဦး သေဆုံးခဲ့မှု မှတ်တမ်းဓာတ်ပုံ။**












**PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ရက်စက်စွာ မိုင်းခွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ ကျောင်းသား၊ ကျောင်းသူများ မိုင်းထိမှန်ဒဏ်ရာရရှိခဲ့မှုမှတ်တမ်းဓာတ်ပုံ။**

# မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုထိန်းချုပ်ရေးအစီအစဉ်ကြောင့် ရေနံလုပ်ငန်းများအထိနာလာနိုင်



ဝါရှင်တန် ဖေဖော်ဝါရီ ၁၅

အမေရိကန်အစိုးရအဖွဲ့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံချက်အရ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုများကို ထိန်းချုပ်ရေးအစီအစဉ်များ ချမှတ်လာပြီး ၎င်းအစီအစဉ်များသည် ရေနံလုပ်ငန်းရှင်များကို အထိနာစေမည့်အစီအစဉ်များဖြစ်ကြောင်း အမေရိကန်ရေနံလုပ်ငန်းရှင်များအုပ်စုက ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ဖေဖော်ဝါရီ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်အနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများကို လုပ်ပိုင်ခွင့်အာဏာ အလွန်အကျွံပေးထားခြင်းနှင့် ပတ်သက်၍လည်း အမေရိကန်ရေနံလုပ်ငန်းရှင်များအုပ်စုက ဝေဖန်မှုများပြုလုပ်ခဲ့ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများကို လုပ်ပိုင်ခွင့်အာဏာ အလွန်အကျွံပေးခြင်းကြောင့် ရေနံလုပ်ငန်းရှင်များကိုအထိနာစေမည့် စည်းကမ်းဥပဒေများ ထွက်ပေါ်လာခြင်းဖြစ်ပြီး စီးပွားရေးကဏ္ဍကို ထိခိုက်စေမည့် စည်းကမ်းဥပဒေများကို ဖြေလျှော့ပေးသင့်ကြောင်း အမေရိကန် ရေနံလုပ်ငန်းရှင်များအဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"အမေရိကန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီက မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု ထိန်းချုပ်ရေးအစီအစဉ်အရ ရေနံလုပ်ကွက်တွေမှာ အာရုံခံစနစ်တွေတပ်ဆင်သွားမဲ့အစီအစဉ်ဟာ ရေနံတူးဖော်ရေးကုမ္ပဏီရဲ့ လုပ်ကိုင်နိုင်စွမ်းကို ထိန်းချုပ်လိုက်သလို ဖြစ်သွားလိမ့်မယ်။ ရေနံလုပ်ငန်းဟာ နိုင်ငံရဲ့ အရေးပါတဲ့စီးပွားရေးဖြစ်တဲ့အတွက် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုထိန်းချုပ်ရေးရဲ့ အစီအစဉ်အရ ရေနံလုပ်ငန်းရှင်တွေကို အထိနာလာစေနိုင်သလို နိုင်ငံရဲ့စီးပွားရေးကိုလဲ အထိနာလာစေပါတယ်"ဟု အမေရိကန် ရေနံအင်စတီကျူးဒုတိယဥက္ကဋ္ဌ မက်ချီယာရိုလာက ပြောကြားခဲ့သည်။

ခိုင်းဆက်

# ဗြိတိန်နိုင်ငံတွင် ၁၀ ရက်တာကာလအတွင်း စံချိန်တင် မြေငလျင်ခြောက်ကြိမ်လှုပ်ခတ်

လန်ဒန် ဖေဖော်ဝါရီ ၁၅

ဗြိတိန်နိုင်ငံတွင် ပြီးခဲ့သော ၁၀ ရက်တာကာလအတွင်း စံချိန်တင် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး မြေငလျင်ပြင်းအားများမှာလည်း ၃ ဒသမ ၂ မဂ္ဂနီကျူးနှင့် ၃ မဂ္ဂနီကျူးရှိခဲ့ကြောင်း ဗြိတိန်ဘူမိဗေဒစစ်တမ်းအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု GYMM သတင်းဌာနက ဖေဖော်ဝါရီ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်သည် North Sea ဧရိယာများတွင် အဓိကလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ၁၀ ရက်အတွင်း မြေငလျင် ခြောက်ကြိမ်ထိ လှုပ်ခတ်ခဲ့ခြင်းမှာ ဗြိတိန်နိုင်ငံတွင် ဖြစ်လေ့ဖြစ်ထမရှိသည့် အခြေအနေတစ်ရပ်ဖြစ်ကြောင်း၊ နောက်ဆုံးလှုပ်ခတ်ခဲ့သည့်မြေငလျင်သည် ဖေဖော်ဝါရီ ၁၃ ရက်က လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြေငလျင်ပြင်းအားမှာ ၃ ဒသမ ၂ မဂ္ဂနီကျူးရှိခဲ့ကြောင်း ဗြိတိန်ဘူမိဗေဒစစ်တမ်းအဖွဲ့က ထုတ်ပြန်ခဲ့သည်။

"ပြီးခဲ့တဲ့ ၁၀ ရက်တာကာလအတွင်း စံချိန်တင်မြေငလျင်လှုပ်ခတ်မှုနဲ့ရင်ဆိုင်ခဲ့ရတယ်။ ၁၀ ရက်တာကာလအတွင်း မြေငလျင်ခြောက်ကြိမ်ထိ လှုပ်ခတ်ခဲ့တယ်။ တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးသေးတဲ့အခြေအနေဖြစ်ပါတယ်။ ဘူမိပြောင်းလဲမှုအခြေအနေ ဖြစ်ပေါ်လာတဲ့အတွက် မြေငလျင်နဲ့ပတ်သက်ပြီး အချိန်ပြည့်စောင့်ကြည့်သွားဖို့ လိုအပ်နေပါတယ်"ဟု ဗြိတိန် ဘူမိဗေဒစစ်တမ်းအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြေငလျင်လှိုင်းဒဏ်သင့်ခဲ့ရသော နေအိမ်များစုမှာ ဟက်ပ်စတက်နယ်မြေနှင့် မန့်လက်စလေနယ်မြေမှနေအိမ်များဖြစ်ကြောင်း၊ ဗြိတိန်နိုင်ငံသည် မြေငလျင်ကြောလွတ်သည့် ကျွန်းစုနိုင်ငံဖြစ်ပြီး မြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့်အခြေအနေများလည်း ဖြစ်ပေါ်လေ့မရှိသလို ပြီးခဲ့သည့် ၁၀ ရက်အတွင်း မြေငလျင် ခြောက်ကြိမ်လှုပ်ခတ်မှုတွင်လည်း ပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း ဗြိတိန်ဘူမိဗေဒစစ်တမ်းအဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ ခိုင်းဆက်

# အာဂျင်တီးနားနိုင်ငံ၌ မိုးခေါင်ရေရှားမှုကြောင့် ကောက်ပဲသီးနှံပို့ကုန်ပမာဏ ၂၃ ရာခိုင်နှုန်းလျော့နည်းနိုင်

ဗျူနိုအေးရိစ် ဖေဖော်ဝါရီ ၁၅

အာဂျင်တီးနားနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် ကောက်ပဲသီးနှံများ အထွက်နှုန်းကျဆင်းပြီး ယခုနှစ်တွင် ယခင်နှစ်ကထက် ပို့ကုန်ပမာဏ ၂၃ ရာခိုင်နှုန်းလျော့နည်းသွားနိုင်ကြောင်း ဗျူနိုအေးရိစ်ကောက်ပဲသီးနှံဖလှယ်ရေး အစီရင်ခံစာအရသိရသည်ဟု Buenos Aires Herald သတင်းဌာနက ဖေဖော်ဝါရီ ၁၄ ရက်တွင် ထုတ်ပြန်ထားကြောင်း သိရသည်။

ယခင်နှစ်က ဖြစ်ပွားခဲ့သော မိုးခေါင်ရေရှားမှုသည် အာဂျင်တီးနားနိုင်ငံ၏ နှစ်ပေါင်း ၆၀ အတွင်း အဆိုးရွားဆုံးမိုးခေါင်ရေရှားမှုဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများနှောင့်နှေးကာ သီးနှံအထွက်နှုန်းများကျဆင်းခဲ့ပြီး ငွေကြေးဖောင်းပွခဲ့မှုများကြောင့် တောင်သူများထိခိုက်မှုများခံစားခဲ့ရကြောင်း သိရသည်။



အာဂျင်တီးနားနိုင်ငံသည် ကမ္ဘာပေါ်တွင် ပြုပြင်ပြီး ပဲပိစပ်ထိပ်တန်းတင်ပို့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စပါးနှင့် ဂျုံတင်ပို့မှုတွင် တတိယအများဆုံး တင်ပို့သည့်နိုင်ငံဖြစ်ကြောင်း၊ ယခင်နှစ်မိုးခေါင်ရေရှားခဲ့မှုကြောင့် သီးနှံများထိခိုက်မှုရှိခဲ့သဖြင့် လယ်ယာကဏ္ဍမှတင်ပို့ဝင်ငွေသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၃၃ ဒသမ ၃၉ ဘီလီယံထိ ကျဆင်းသွားဖွယ်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်ကျန်ရာသီတွင်မိုးရွာသွန်းမှုပုံမှန်မဖြစ်ပါက စိုက်ပျိုးရေးလုပ်ငန်းများ နှောင့်နှေးမှုဖြစ်လာနိုင်ပြီး အကျိုးသက်ရောက်မှု ပိုမိုဆိုးရွားလာနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခင်နှစ် စက်တင်ဘာလက ဗျူနိုအေးရိစ်ကောက်ပဲသီးနှံဖလှယ်ရေးအစီရင်ခံစာတွင် ပြောင်းတန်ချိန် ၄၈ သန်းနှင့် စပါးတန်ချိန် သန်း ၅၀ ထွက်ရှိရန် ခန့်မှန်းထားသော်လည်း ယခုအစီရင်ခံစာတွင် ပြောင်းတန်ချိန် ၃၈ သန်းနှင့် စပါးတန်ချိန် ၄၄ ဒသမ ၅ သန်းသာ ထွက်ရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ AZH

# ကာဗွန်ထုတ်လွှတ်သောကားများရောင်းချခြင်းကို ဥရောပသမဂ္ဂက ၂၀၃၅ ခုနှစ်မှစ၍ ပိတ်ပင်မည်

ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၁၅

ဥရောပသမဂ္ဂသည် ကာဗွန်ထုတ်လွှတ်သော ဓာတ်ဆီနှင့်ဒီဇယ်အသုံးပြုသောကားများရောင်းချမှုကို လာမည့် ၂၀၃၅ ခုနှစ်မှ စတင်၍ ပိတ်ပင်မည်ဆုံးဖြတ်ချက်ကို ဖေဖော်ဝါရီ ၁၄ ရက်က နောက်ဆုံးအတည်ပြုခဲ့သည်ဟု ဥရောပသမဂ္ဂက သတင်းထုတ်ပြန်ခဲ့ကြောင်း France 24 သတင်းဌာနက ဖေဖော်ဝါရီ ၁၄ ရက်တွင် ရေးသားဖော်ပြထားသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကာဗွန်ထုတ်လွှတ်သောကားများကို ပိတ်ပင်ရေးနှင့်ပတ်သက်သောဥပဒေကို ဥရောပပါလီမန်၏ အကြီးဆုံးအဖွဲ့ဖြစ်သော ကွန်ဆာဗေးတစ်ပါလီမန်မှ ကန့်ကွက်မှုများ ရှိနေသော်လည်း မကြာမီကျင်းပမည့် ဥရောပသမဂ္ဂဝန်ကြီးအဆင့်အစည်းအဝေးတွင် ၎င်းဥပဒေကို စတင်အသက်သွင်းသွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂမှ ထုတ်ပြန်သောသတင်းများအရ သိရသည်။

ဥရောပနိုင်ငံများရှိ ကားထုတ်လုပ်သူများကို ကာဗွန်မထုတ်လွှတ်သော လျှပ်စစ်ကားများအဖြစ် ပြောင်းလဲရန် လုံလောက်သောအချိန်ကာလတစ်ခု ပေးထားပြီး ရင်းနှီးမြှုပ်နှံမှုများကို တရုတ်နှင့် အမေရိကန်နိုင်ငံတို့နှင့် အပြိုင်ဆောင်ရွက်နိုင်ရန် အဆိုပါဥပဒေကြမ်းကို ထောက်ခံသူများက တိုက်တွန်းထားကြောင်း သိရသည်။

ယခုကြိုးပမ်းမှုသည်ဂေဟစနစ်အသွင် ကူးပြောင်းရေးအတွက် သမိုင်းဝင် ကြိုးပမ်းမှုဖြစ်ကြောင်း ဥရောပသမဂ္ဂသယ်ယူပို့ဆောင်ရေးကော်မတီဥက္ကဋ္ဌ Karima Delli က ပြောကြားပြီး ၂၀၅၀ ပြည့်နှစ်တွင် ဥရောပသမဂ္ဂ၏ ဖန်လုံအိမ်ဓာတ်ငွေ့လုံးဝမထုတ်လွှတ်သော စီးပွားရေးအစီအစဉ်အတွက် ပံ့ပိုးမှုတစ်ခုလည်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုအခါ ဥရောပသမဂ္ဂနိုင်ငံများအတွင်း ကာဗွန်ညစ်ညမ်းမှုအားလုံး၏ ၁၅ ရာခိုင်နှုန်းခန့်ကို ကားများမှ ထုတ်လွှတ်နေခြင်းဖြစ်ပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းအားလုံး၏ လေးပုံတစ်ပုံခန့်ရှိကြောင်း သိရသည်။

AZH

# နယူးဇီလန်နိုင်ငံတွင် ဂါဘရီရယ်လ်လီဆိုင်ကလုန်းမုန်တိုင်းအန္တရာယ်ကြောင့် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်

ဝယ်လင်တန် ဖေဖော်ဝါရီ ၁၅

နယူးဇီလန်အစိုးရအဖွဲ့သည် ဂါဘရီရယ်လ်လီ ဆိုင်ကလုန်းမုန်တိုင်းအန္တရာယ်နှင့် ပတ်သက်ပြီး အခြေအနေပိုမိုဆိုးရွားလာသည့်အတွက် နိုင်ငံတော်အဆင့် အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်ပြီဖြစ်ကြောင်းထုတ်ပြန်ကြေညာခဲ့သည်ဟု Live-mint သတင်းဌာနက ဖေဖော်ဝါရီ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂါဘရီရယ်လ်လီ ဆိုင်ကလုန်းမုန်တိုင်းကြောင့် နိုင်ငံတစ်ဝန်းရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုများဖြစ်ပေါ်နေပြီး ပျက်စီးဆုံးရှုံးမှုနှုန်းမြင့်မားလာခြင်းကြောင့် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း၊ ဂါဘရီရယ်လ်လီ ဆိုင်ကလုန်းမုန်တိုင်း အန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရသည့် နယ်မြေများမှာ နော့သလန်းနယ်မြေ၊ အော့ကလန်မြို့၊ တိုင်ရာဝီတီနယ်မြေ၊ ဘေအော့ဖ်ပလင်တီ မဲခဲနဘေးနယ်မြေ၊ ဝေကိုတိုနယ်မြေနှင့် ဟောကက်စ်ဘေးနယ်မြေတို့ဖြစ်ကြောင်း နယူးဇီလန်အစိုးရအဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"မုန်တိုင်းကြောင့် ရင်ဆိုင်နေရတဲ့ သဘာဝဘေးအန္တရာယ်ဟာ မကြုံဖူးသေးတဲ့ သဘာဝဘေးအန္တရာယ်မျိုးဖြစ်ပါတယ်။ မုန်တိုင်းကြောင့် နေရာအနှံ့အပြားမှာ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုတွေ၊ မြေပြိုကျမှုတွေ ဖြစ်ပေါ်နေပါတယ်။ အခြေခံအဆောက်အအုံ တော်တော်များများပျက်စီးခဲ့တယ်။ မုန်တိုင်းအခြေအနေတည်ငြိမ်သွားမှ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုနဲ့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ပြည်သူတွေကိုလဲ လိုအပ်တာဖြည့်ဆည်းပေးသွားမှာပါ"ဟု နယူးဇီလန်ဝန်ကြီးချုပ် ခရစ်ဟစ်ပ်ကင်းက ပြောကြားခဲ့သည်။

ဂါဘရီရယ်လ်လီ ဆိုင်ကလုန်းမုန်တိုင်းအန္တရာယ်တုံ့ပြန်ရေး အစီအစဉ်များကို နိုင်ငံတော်အဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး မုန်တိုင်းအခြေအနေတည်ငြိမ်သွားလျှင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နယူးဇီလန်နိုင်ငံတွင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး သမိုင်းတစ်လျှောက် တတိယအကြိမ်မြောက် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခိုင်းဆက်

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလုပ စိမ်းမြမြ

# နည်းဗျူဟာမြောက် နျူကလီးယားတပ်ဖွဲ့ များကိုပြသလိုက်သော မြောက်ကိုရီးယား



မြောက်ကိုရီးယားနိုင်ငံသည် ဖေဖော်ဝါရီ ၈ ရက်တွင် ပြုံယမ်းမြို့ ကင်အီဆွန်းရင်ပြင်၌ စစ်ရေးပြအခမ်းအနားပြုလုပ်ခဲ့ကြောင်း နိုင်ငံပိုင်ကိုရီးယားဗဟိုသတင်းအေဂျင်စီ (KCNA) က ထုတ်ပြန်ခဲ့သည်။ ပြုံယမ်းမှရရှိသောစစ်ရေးပြအစမ်းလေ့ကျင့်နေသည့်ဂြိုဟ်တုဓာတ်ပုံများအရ ပြင်ပမှကျွမ်းကျင်ပညာရှင်များနှင့် ထောက်လှမ်းရေးအရာရှိများက မြောက်ကိုရီးယားနိုင်ငံသည် ဖေဖော်ဝါရီ ၈ ရက်တွင် ကျရောက်သည့် ကိုရီးယားပြည်သူ့တပ်မတော် (KPA) ထူထောင်မှု (၇၄) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ည ၈ နာရီ မိနစ် ၃၀ မှ ၁၀ နာရီ မိနစ် ၃၀ ထိ စစ်ရေးပြအခမ်းအနားကို ပြုလုပ်ခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ဇနီးဖြစ်သူ ရီဆိုဂျူ သမီးဖြစ်သူတို့နှင့်အတူ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ သမီးဖြစ်သူသည် ဖေဖော်ဝါရီ ၇ ရက်က KPA အရာရှိများနှင့်တွေ့ဆုံစဉ်ကတည်းက ကင်ဂျုံအန်နှင့်အတူ ပါရှိလာခဲ့သည်။ ယခင်နှစ် နိုဝင်ဘာလအတွင်း တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည် (ICBM) ပစ်လွှတ်စဉ်က သမီးဖြစ်သူကို ပြည်သူများရှေ့မှောက်သို့ ပထမဆုံးပွဲထုတ်ခဲ့သည်။ သမီးဖြစ်သူသည် ကင်ဂျုံအန်၏နေရာတွင် ဆက်ခံသူဖြစ်လာမလားဆိုသော ထင်ကြေးပေးမှုများလည်း ဖြစ်ပေါ်လာခဲ့သည်။

ကင်ဂျုံအန်သည် စစ်ရေးပြအခမ်းအနား၌ မိန့်ခွန်းပြောကြားခဲ့ခြင်းမရှိသော်လည်း "နျူကလီးယားကို နျူကလီးယားလက်နက်"ဖြင့် တုံ့ပြန်သွားမည်ဖြစ်ကြောင်း အခမ်းအနား၌ ထုတ်ဖော်ပြသခဲ့သည်။ ကင်အီဆွန်းရင်ပြင်၌ ICBM စစ်ကြောင်းချီတက်လာစဉ် ပြည်သူများသည် ယုံကြည်မှုအပြည့်အဝဖြင့် ဂုဏ်ယူဝင့်ကြွားစွာ အားပေးခဲ့ကြသည်။ အထူးသဖြင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ (DKPA) ၏ စစ်ရေးစွမ်းဆောင်ရည်နှင့် နျူကလီးယား တိုက်ခိုက်ရည် စွမ်းဆောင်ရည်များ တိုးတက်လာမှုကို သရုပ်ပြသခဲ့သည်။ KCNA ထုတ်ပြန်သောဓာတ်ပုံများအရ စစ်ရေးပြအခမ်းအနား၌ Hwasong-17 ICBMs ၁၁ စင်းကို ထုတ်ဖော်ပြသခဲ့သည်။ ထို့ပြင် မြောက်ကိုရီးယားသည် ဒေါင်လိုက်ဒုံးပစ်စင်(TELs) များနှင့်အတူ ကျည်ထိပ်ဖူးအခွံများထဲတွင်ထည့်ထားသော ICBM နှင့်အခြားသော ICBMs များကို ထုတ်ဖော်ပြသခဲ့သည်။

စစ်ရေးပြအခမ်းအနား၏ ရည်ရွယ်ချက်သည် ဒါဇင်ပေါင်းများစွာရှိသည့် မြောက်ကိုရီးယား၏ အသစ်ကျပ်ချွတ် ICBMs များကိုထုတ်ဖော်ပြသသွားရန်ပင်ဖြစ်သည်။ နျူကလီးယားဆွေးနွေးပွဲများ ရပ်ဆိုင်းထားစဉ် ပြုံယမ်း၏ ICBM စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်းကို ဝါရှင်တန်သို့ အသိပေးလိုက်ခြင်းဖြစ်သည်။ မြောက်ကိုရီးယားက ထုတ်လုပ်ထားသော ICBMs များအနေဖြင့် ကျည်ထိပ်ဖူးမျိုးစုံ သယ်ဆောင်နိုင်စွမ်းရှိမည်ဆိုလျှင် အမေရိကန်၏ ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်သည် ပြုံယမ်း၏ ICBMs များကို ကြားဖြတ်ဟန့်တားနိုင်စွမ်းရှိမည်မဟုတ်ကြောင်း ပြင်ပမှ ကျွမ်းကျင်ပညာရှင်များက ကောက်ချက်ချပြောဆိုထားသည်။ ကျွမ်းကျင်ပညာရှင်များ၏ သုံးသပ်ချက်သည် တောင်ကိုရီးယားနိုင်ငံကို စိုးရိမ်ပူပန်မှုပိုမိုမြင့်တက်လာစေသည်။

ဆိုလိုသည်မှာ မြောက်ကိုရီးယား၏ နျူကလီးယားဒုံးကျည်များသည် အမေရိကန်ပြည်မကြီးကို ပစ်မှတ်ထားချိန်ရွယ်ထားမည်ဆိုလျှင် အမေရိကန်အနေဖြင့် တောင်ကိုရီးယားနိုင်ငံကို အကာအကွယ်ပေးနိုင်တော့မည်မဟုတ်ချေ။ သို့သော် မြောက်ကိုရီးယား ICBMs များသည် အမေရိကန်၏ ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်များကို အမှန်တကယ် ဖောက်ထွင်းသွားမလားဆိုသောအချက်မှာလည်း ရှင်းရှင်းလင်းလင်း မသိရှိရပေ။ ဝါရှင်တန်အနေဖြင့်လည်း မြောက်ကိုရီးယား၏ ဒုံးကျည်စွမ်းဆောင်ရည်များကို တုံ့ပြန်နိုင်ရန် ဒုံးကျည်ကာကွယ်ရေးစနစ်များကို တိုးချဲ့တည်ဆောက်လျက်ရှိသည်။

မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်လုံးဝဖြုတ်သိမ်းသွားရေးဆိုသော အမေရိကန်၏ လိုလားချက်သည် လုံးဝဖြစ်လာနိုင်မည်မဟုတ်ကြောင်း ကင်ဂျုံအန်သည် ဝါရှင်တန်သို့ အတိအလင်း သတင်းစကားပေးပို့ထားပြီးဖြစ်သည်။ မြောက်ကိုရီးယား၏ နျူကလီးယားနှင့်ဒုံးကျည်စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်လာမှု ဟန့်တားသွားမည်ဆိုသော အမေရိကန်၏မူဝါဒသည် အောင်မြင်မှုရရှိလိမ့်မည်မဟုတ်ချေ။ မြောက်ကိုရီးယား၏ ICBM စွမ်းဆောင်ရည်များသည် ဆက်လက်တိုးတက်လျက်ရှိသောကြောင့် လက်ရှိအချိန်တွင် အမေရိကန်က စတင်ဆွေးနွေးညှိနှိုင်းရတော့မည့်အလှည့်ရောက်ရှိလာပြီဟုဆိုသည်။ ဒုံးကျည်စမ်းသပ်မှုများအပါအဝင် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများတွင် သမီးဖြစ်သူကို ပွဲထုတ်လာခြင်းသည် ကင်မျိုးဆက်အုပ်ချုပ်ရေးစနစ်၏ စတုတ္ထမျိုးဆက် လုံခြုံရေးဆိုင်ရာ အာမခံချက်အတွက် နျူကလီးယားလက်နက်များ ဖွံ့ဖြိုးတိုးတက်ရန် အခိုင်အမာဆုံးဖြတ်ထားဖွယ်ရာရှိနေသည်။

ICBM စွမ်းဆောင်ရည်များ ထုတ်ဖော်ပြသသည့်အပြင် မြောက်ကိုရီးယား၏ နည်းဗျူဟာမြောက်စစ်ဆင်ရေးတပ်ဖွဲ့များသည် စစ်ရေးပြအခမ်းအနားတွင် ပထမဆုံးအကြိမ်ထွက်ပေါ်လာခဲ့သည်။ ဆိုရလျှင် မြောက်ကိုရီးယားသည် ရှေ့တန်းစစ်မျက်နှာများတွင် နည်းဗျူဟာမြောက်လက်နက်များ တပ်ဖြန့်ချထားသွားဖွယ်ရာရှိသည်။ ထို့ကြောင့် နည်းဗျူဟာမြောက်နျူကလီးယား စစ်ဆင်ရေးတပ်ဖွဲ့များသည် တောင်ကိုရီးယားနိုင်ငံကို တိုက်ခိုက်ရေးအတွက် နှစ်နိုင်ငံနယ်စပ်အနီးသို့ ရွှေ့ပြောင်းတပ်ဖြန့်ချထားသွားနိုင်မည်ဖြစ်သည်။

လွန်ခဲ့သောနှစ်က အကြိမ်ကြိမ်စမ်းသပ်ပစ်ခတ်ခဲ့သော မြောက်ကိုရီးယား၏ KN-23 တာတိုပစ်ပဲ့ထိန်းဒုံးကျည်(ICBMs)များကိုလည်း ပဲ့ထိန်းသေနတ်များ၊ ဘက်စုံသုံးရော့ကတ်လောင်ချာများနှင့် တင့်ကားများကဲ့သို့သော အခြားဒုံးကျည်များနှင့်အတူ စစ်ရေးပြအခမ်းအနား၌ ခင်းကျင်းပြသခဲ့သည်။ ဖေဖော်ဝါရီ ၈ ရက်တွင်ပြုလုပ်ခဲ့သော စစ်ရေးပြအခမ်းအနားသည် အမေရိကန်နိုင်ငံကို ထိပ်တိုက်ရင်ဆိုင်သွားမည့် ကင်ဂျုံအန်၏ ပြတ်သားသောရည်မှန်းချက်ကို ဖော်ပြလျက်ရှိသည်။

ကင်ဂျုံအန်သည် စစ်ရေးပြအခမ်းအနား၌မိန့်ခွန်းပြောကြားခြင်းအားဖြင့် အမေရိကန်နှင့် တောင်ကိုရီးယားတို့ကို ၎င်း၏သဘောထားကို အသိပေးနိုင်သော်လည်း စစ်ရေးပြအခမ်းအနားတွင် အမေရိကန်၊ တောင်ကိုရီးယားအာဏာပိုင်များနှင့် ကျွမ်းကျင်ပညာရှင်များကို ဒုံးကျည်နည်းပညာအပေါ် ပိုမိုအလေးထားနိုင်စေရန် မိန့်ခွန်းပြောကြားခဲ့ခြင်းမရှိပေ။ အာဏာယှဉ်ပြိုင်ပွဲ၌ မြောက်ကိုရီးယား၏ ပြတ်သားသောသဘောထားကိုသိရှိထားသည့် တောင်ကိုရီးယားနှင့် အမေရိကန်တို့အနေဖြင့် ဒေသတွင်းပဋိပက္ခများ ဖြေရှင်းနိုင်ရေးအတွက် မြောက်ကိုရီးယားအပေါ်



ထားရှိသောမူဝါဒများကို ပြုပြင်ပြောင်းလဲသွားရန် လိုအပ်လာပြီဖြစ်သည်။

ထို့ပြင် ကင်ဂျုံအန်သည် ဖေဖော်ဝါရီ ၇ ရက်တွင်ပြုလုပ်သည့် KPA ထူထောင်မှု (၇၅)နှစ်မြောက် အခမ်းအနား၌ စစ်ဘက်ထိပ်တန်းတာဝန်ရှိသူများကို မိန့်ခွန်းပြောကြားခဲ့သည်။ KPA ၏ ၇၅ နှစ်ကြာသမိုင်းကြောင်းသည် မုန်တိုင်းထန်သော နေ့ရက်များကြုံတွေ့ခဲ့ရသော်လည်း အောင်မြင်မှုများစွာ ရရှိခဲ့ကြောင်း ကင်ဂျုံအန်က ပြောကြားခဲ့သည်။ ကင်ဂျုံအန်သည် စစ်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ကိုရီးယားအလုပ်သမားပါတီ (WPK) အစည်းအဝေးတက်ရောက်ပြီးနောက် စစ်ရေးပြအခမ်းအနားသို့ သမီးဖြစ်သူနှင့်အတူ တက်ရောက်ခဲ့သည်။

နိုဝင်ဘာလအတွင်း မြောက်ကိုရီးယား၏ Hwasong-17 အမျိုးအစား တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်သုတေသနပြုတည်ဆောက်ခဲ့သည့် သိပ္ပံပညာရှင်များ၊ နည်းပညာရှင်များနှင့် ကင်ဂျုံအန်တို့ အတူတကွဓာတ်ပုံရိုက်စဉ်ကလည်း သမီးဖြစ်သူကို ပွဲထုတ်ခဲ့သေးသည်။ လက်ရှိအချိန်တွင်လည်း မြောက်ကိုရီးယားတပ်မတော်တပ်ထူထောင်မှု နှစ်ပတ်လည်အခမ်းအနား၌လည်း ကင်ဂျုံအန်သည် သမီးဖြစ်သူကို ထပ်မံပွဲထုတ်လာခဲ့သဖြင့် သမီးဖြစ်သူသည် ကင်မျိုးဆက် ဆက်ခံသူဖြစ်လာမည်ဟု သတင်းများထွက်ပေါ်လာခဲ့သည်။

အမျိုးသားဘုံရန်သူများကို ချေမှုန်းခဲ့သည့် မြောက်ကိုရီးယားတပ်မတော်၏ တိုက်ခိုက်ခဲ့မှုသမိုင်းကြောင်းနှင့်စပ်လျဉ်း၍ ကင်ဂျုံအန်က မိမိကိုယ်သာအားကိုး၍ အင်အားကိုအင်အားချင်း အန်တုသွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ၎င်း၏ဆန္ဒကို အပြည့်အဝ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ အင်အားကို တရားနည်းလမ်းတကျတည်ဆောက်ထားကြောင်း၊ ခက်ခဲကြမ်းတမ်းသော အောင်မြင်မှုသည် တိုင်းပြည်၏ ဂုဏ်သိက္ခာကိုမြှင့်တင်နိုင်ခဲ့ကြောင်း၊ အမှီအခိုကင်းသော ကိုယ်ပိုင်စွမ်းအားတည်ဆောက်မှုသည်သာလျှင် ကိုယ်ပိုင်ကာကွယ်ရေးအတွက် အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း ကင်ဂျုံအန်က ပြောကြားခဲ့သည်။

ကင်ဂျုံအန်သည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ဖခင်ဖြစ်သူ ကင်အီဆွန်ထံမှ တိုင်းပြည်အုပ်ချုပ်မှုအာဏာလွှဲပြောင်းလက်ခံပြီးကတည်းကပင် ၎င်း၏အာဏာတည်မြဲစေရန်နှင့် ဒေသတွင်း၌ တောင်ကိုရီးယားနှင့်အမေရိကန်ကို ထိပ်တိုက်ရင်ဆိုင်နိုင်စေရန် စစ်ရေးစွမ်းဆောင်ရည်များကို တစိုက်မတ်မတ်မြှင့်တင်လျက်ရှိသည်။ ကင်ဂျုံအန်လက်ထက်တွင် မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားစမ်းသပ်မှု လေးကြိမ်နှင့် ရေငုပ်သင်္ဘောတင်ပဲ့ထိန်းဒုံးကျည် (SLBMs) များကဲ့သို့သော ပဲ့ထိန်းဒုံးကျည် အစီအစဉ်များကို ဆက်တိုက်လုပ်ဆောင်လျက်ရှိသည်။ လက်ရှိအချိန်ထိ မြောက်ကိုရီးယားနိုင်ငံတွင် နျူကလီးယားကျည်ထိပ်ဖူး ဒါဇင်ပေါင်းများစွာ ပိုင်ဆိုင်ထားပြီဖြစ်သည်ဟုယုံကြည်ရပြီး လာမည့်နှစ်များအတွင်း ရာပေါင်းများစွာ ထုတ်လုပ်သွားမည်ဟု မျှော်မှန်းရသည်။ မြောက်ကိုရီးယားအနေဖြင့် ထိုသို့ နျူကလီးယားကျည်ထိပ်ဖူးများ ပိုင်ဆိုင်လာမည်ဆိုလျှင် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ကလည်း ပိုမိုတုံ့ပြန်ဆောင်ရွက်လာဖွယ်ရာရှိနေသည်။

**ကိုးကား**

- **(1)North Korea Displays ICBMs, Tactical Nuclear Units at Military Parade by The Diplomat.**
- **(2)Kim Jong Un Stirs Up Loyalty of KPA Officers Ahead of Military Parade by The Diplomat.**

**ဝင်းဇင်(သုတေသန)**

# ပွင့်ဖြူမြို့နယ်အတွင်းရှိ တောင်သူများ နွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရန် မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေး




**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ နွေသီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို ယနေ့နံနက်ပိုင်းက တောင်မုန်းမြောင်းမကြီးနှင့်မြောက်မုန်းမြောင်းမကြီးတို့မှ တစ်ဆင့် ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွန်းအောင်က ပြောပြ၍ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းကစတင်၍ တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ လယ်ယာမြေများကို စိုက်ပျိုးရေဖြန့်ဝေပေးနေပြီဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ဒေသခံတောင်သူတွေ ရာသီအလိုက်သီးနှံတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့နဲ့ စိုက်ပျိုးရေလုံလောက်စွာ ရရှိဖို့အတွက် နှစ်စဉ်မဲဇလီရေလွှဲဆည်ကနေ ဆည်ရေတွေကို တောင်မုန်းမြောင်းမကြီးနဲ့ မြောက်မုန်းမြောင်းမကြီးတို့ကတစ်ဆင့် လယ်ယာမြေစိုက်ခင်းတွေအရောက် စနစ်တကျ ဖြန့်ဝေပေးလျက်ရှိပါတယ်။ အခုနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ဒေသခံတောင်သူတွေ နွေစပါး၊ နွေနှမ်းနဲ့ အခြားနွေသီးနှံစိုက်ပျိုးနိုင်ဖို့အတွက် ဒီနေ့မနက်ပိုင်းကစပြီး ဆည်ရေ ဖြန့်ဝေပေးထားပါတယ်" ဟု ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွန်းအောင်က ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါး၂၉၁၄၈ ဧက၊ နွေနှမ်း ၂၇၁၉၃ ဧကနှင့် အခြားနွေသီးနှံ ၃၆၈၇ ဧက စုစုပေါင်း နွေသီးနှံ ၆၀၄၂၈ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွန်းအောင်က ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရွှေဘိုခရိုင်တွင် ဆောင်းနေကြာ ၆၄၆၆ ဧက စိုက်ပျိုးပြီးစီး

**ရွှေဘို ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာ ၆၄၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနေကြာလျာထားဧက ၅၇၃၀ ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဆောင်းနေကြာ ၆၄၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ဆောင်းနေကြာလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်အတွင်းမှာ ဆောင်းနေကြာဧက ၅၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတာ။ ဒါပေမဲ့ ဆောင်းနေကြာဧက ၆၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့တယ်။ ဆောင်းနေကြာစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးစိုက်နိုင်ခဲ့တယ်။ ဒီနှစ်ဆောင်းမှာလဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ဆောင်းနေကြာသီးနှံ စိုက်ပျိုးထားရှိမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၄၄၈ ဧက၊ ကျောက်မြောင်းမြို့တွင် ၁၃၈ ဧက၊ ဝက်လက်မြို့နယ်တွင် ၄၄၃၉ ဧက၊ ခင်ဦးမြို့နယ်တွင် ၁၄၄၁ ဧကတို့ဖြစ်ကြောင်း၊ ရွှေဘိုခရိုင်တွင် ဆောင်းနေကြာ စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နည်းပညာပေးသင်တန်းများ၊ နေကြာမျိုးစေ့များပံ့ပိုးပေးအပ်ခြင်း၊ ယူရီးယားဓာတ်မြေဩဇာများ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေဘိုခရိုင်အတွင်း နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အချိန်မှီတင် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



# လဲချားမြို့နယ် ဟဲဆိုင်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လဲချား ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟဲဆိုင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လဲချားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးမြင့်ဝေ၊ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက ကော်မတီဝင်များနှင့်အတူ ဟဲဆိုင်ကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လဲချားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။

ဟဲဆိုင်ကျေးရွာ၌ အလျား ၄၂ ပေ၊ အနံ ၂၇ ပေ၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်း၊ စုစုပေါင်း ငွေကျပ် ၁၃ သန်း အသုံးပြု၍ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဇူလိုင်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက ပြောပြ၍ သိရသည်။

**အေးသူ**

# မိတ္ထီလာမြို့နယ် အိုင်ကြီးလည်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိုင်ကြီးလည်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်နှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များနှင့်အတူ အိုင်ကြီးလည်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အိုင်ကြီးလည်ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် တစ်မိုင်နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မရှိ မြေသားတင်ချင်းကျောက်ခင်းခြင်းလုပ်ငန်းနှင့် Slab Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၈၂ ဒသမ ၈၄၇ သန်း အသုံးပြု၍ တင်ဒါအောင်မြင်သည့် လင်းလက်ပြည့်စုံအောင်ကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက အိုင်ကြီးလည်ကျေးရွာရှိ ဒေသခံတောင်သူများ၏ သွားလာရေး အဆင်ပြေချောမွေ့လာမည့်အပြင် ဒေသမှထွက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# လင်းခေးမြို့နယ် နောင်ခေါက်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လင်းခေး ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန် ရည်ရွယ်၍ နောင်ခေါက်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်က လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊ မိသားစုစားဝတ်နေရေးအခက်အခဲများ လျော့နည်းစေရန် VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များထံ ကျေးရွာမတည်ရန်ပုံငွေကျပ်သိန်း ၁၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာကော်မတီဝင်များက နောင်ခေါက်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၇၅သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၅သိန်း၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁၀သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၂၀ ကို VRFP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ကို၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစ၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ ကျေးရွာငါးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# လူသေဆုံးမှုအများဆုံးသော ငလျင်များအကြောင်း

မေဇင်ထွန်း

သဘာဝဘေးအန္တရာယ်များကြောင့် လူနှင့်သက်ရှိများ သေဆုံးရသူ အရေအတွက်သည် ၂၀ ရာစုအစောပိုင်းနှစ်များကထက် ယနေ့တွင် တဖြည်းဖြည်းနည်းပါးလာသည်။ ကမ္ဘာကြီးကို ပိုမိုကြံ့ခိုင်လာအောင် ထိန်းသိမ်းမှုများ ပြုလုပ်လာကြသည့်အတွက်လည်း သေဆုံးသူအရေအတွက် လျော့နည်းလာခြင်းဖြစ်သည်။ သို့သော်လည်း မြေငလျင်ကြောင့် လူအများအပြား အသက်ဆုံးရှုံးနိုင်သေးသည်ကို သတိပြုရပေမည်။ ၂၀၀၀ ပြည့်နှစ်မှစ၍ ငလျင်ကြောင့် နှစ်စဉ်သေဆုံးသူဦးရေသည် သောင်းနှင့်ချီပြီး သေကျေစေခဲ့ကာ ၂၀၀၄ ခုနှစ် ဆူမားတြားငလျင်၊ ဆူနာမီနှင့် ၂၀၁၀ ပြည့်နှစ် Port-au-Prince ငလျင်တို့သည် လူသေဆုံးမှုအများဆုံးဖြစ်ခဲ့သောနှစ်များအဖြစ် မှတ်တမ်းဝင်ခဲ့ကာ မြေငလျင်ကြောင့် သောင်းနှင့်သန်းနှင့်ချီပြီး သေဆုံးခဲ့ရမှုများရှိသည်။ ထိုကဲ့သို့ လူသေဆုံးမှုအများဆုံးဖြစ်ခဲ့သော ထိပ်တန်းငလျင်များကို ဗဟုသုတအနေဖြင့် ဖော်ပြပေးသွားမည်ဖြစ်ပြီး အောက်တွင်ဖော်ပြထားသော ငလျင်များသည် အမေရိကန်အမျိုးသားသမုဒ္ဒရာနှင့် လေထုစီမံခန့်ခွဲရေး၊ အမျိုးသားဘူမိရုပ်ပိုင်းဆိုင်ရာဒေတာစင်တာ (NGDC) မှ လူသေဆုံးမှုခန့်မှန်းချက်များကိုအခြေခံကာ ဖော်ပြထားခြင်းသာဖြစ်သည်။



**တရုတ်နိုင်ငံ Shaanxi စီရင်စု(ပြင်းအား ၈ မဂ္ဂနီကျူ)**

သမိုင်းတစ်လျှောက် လူအသေအပျောက်အများဆုံးဖြစ်ခဲ့သောငလျင်သည် တရုတ်နိုင်ငံရှိ Shaanxi စီရင်စု၌ ၁၅၅၆ ခုနှစ်က လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ပြင်းအား ၈ မဂ္ဂနီကျူအဆင့်ရှိကာ ခရိုင် ၉၇ ခု ကျော် ထိခိုက်ခဲ့သည်။ ဧရိယာမိုင်ပေါင်း ၅၂၀ ကျယ်သောစီရင်စု၏ ဧရိယာအတော်များများသည် ပျက်စီးသွားခဲ့ရပြီး အချို့သောခရိုင်များတွင် ခရိုင်လူဦးရေ၏ ၆၀ ရာခိုင်နှုန်းထိ သေဆုံးခဲ့သည်ဟု ခန့်မှန်းထားသည်။ ထိုသို့သော သဘာဝကပ်ဘေးငလျင်ကြောင့် အဆောက်အအုံပေါင်းများစွာနှင့် အခြေခံအဆောက်အအုံများ ဆုံးရှုံးခဲ့ရသည့်အပြင် လူ ၈၃၀၀၀၀ သေဆုံးခဲ့သည်ဟု လေ့လာတွေ့ရှိရသည်။



**ဟေတီနိုင်ငံ ပို့အော်ပရင့်စ်မြို့တော် (ပြင်းအား ၇ မဂ္ဂနီကျူ)**

ဒုတိယသေဆုံးသူ အများဆုံးစာရင်းဝင်ငလျင်သည် ဟေတီနိုင်ငံ ပို့အော်ပရင့်စ်မြို့တော်တွင် ၂၀၁၀ ပြည့်နှစ်က လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး သေဆုံးသူအရေအတွက်ကို အငြင်းပွားနေဆဲဖြစ်သည်။ ဟေတီအစိုးရက လူပေါင်း ၃၁၆၀၀၀ သေဆုံးခဲ့ကြောင်း ထုတ်ပြန်ခဲ့သော်လည်း အချို့သောရင်းမြစ်များက ၂၂၀၀၀၀ အောက်နည်းပါးသည်ဟု ဆိုထားသည်။ ဟေတီနိုင်ငံတွင် လှုပ်ခတ်ခဲ့သောငလျင်သည် ပြင်းအား ၇ မဂ္ဂနီကျူရှိကြောင်း သိရသည်။



**တူရကီနိုင်ငံ Antakya မြို့ (ပြင်းအား ၇ ဒသမ ၅ မဂ္ဂနီကျူ)**

တူရကီနိုင်ငံရှိ Antakya မြို့၌ ၁၁၅ ခုနှစ်တွင် ပြင်းအား ၇ ဒသမ ၅ မဂ္ဂနီကျူရှိသော ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် မြို့အနီးတွင်ရှိသော ရှေးဟောင်းအဆောက်အအုံများစွာပျက်စီးခဲ့ရပြီး ပတ်ဝန်းကျင်ဒေသများတွင်လည်း ဆိုးဆိုးရွားရွားပျက်စီးမှုများကိုဖြစ်စေခဲ့သည်။ ဆီးရီးယားနိုင်ငံ၏မြို့တစ်မြို့ဖြစ်သော Apamea သည်လည်း ထိုငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပွားခဲ့ပြီး လက်ဘနွန်နိုင်ငံ၏ ဘေရွတ်မြို့တော်တွင် ဆိုးရွားစွာပျက်စီးခဲ့ရသည်။ လက်ဘနွန်ကမ်းရိုးတန်းတွင် ထိုငလျင်ကြောင့် ဒေသန္တရဆူနာမီလှိုင်းလုံးကြီးတစ်ခုလည်း ဖြစ်ပေါ်ခဲ့သည်။ အဆိုပါ ငလျင်ကြောင့် လူဦးရေ ၂၆၀၀၀၀ သေကျေခဲ့ရကြောင်း သိရသည်။



**ဘိုင်ဇန်တိုင်းအင်ပါယာ(ပြင်းအား ၇ မဂ္ဂနီကျူ)**

ဘိုင်ဇန်တိုင်းအင်ပါယာဧရိယာကို ဆိုးရွားစွာ ပျက်စီးစေခဲ့သော ငလျင်သည် ၅၂၅ ခုနှစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး လူဦးရေ ၂၅၀၀၀၀ သေဆုံးခဲ့သည်ဟုဆိုထားသည်။ ဘိုင်ဇန်တိုင်းအင်ပါယာဆိုသည်မှာ ရောမအင်ပါယာ၏ ဂရိဘက်ပိုင်းအခြမ်းဖြစ်ပြီး အလယ်ခေတ်တိုင်အောင် ကြွင်းကျန်ရစ်ခဲ့သောအပိုင်းဖြစ်သည်။ ၎င်း၏မြို့တော်မှာ ကွန်စတန်တီနိုပယ်လ်ဖြစ်ပြီး ယနေ့ခေတ် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့နေရာဖြစ်သည်။ ထိုငလျင်ကြောင့် ဘိုင်ဇန်တိုင်းအင်ပါယာ၏ အဆောက်အအုံအများအပြား ပျက်စီးခဲ့ရသည့်အပြင် ငလျင်ကြောင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်ခဲ့ရကာ ထိုအချိန်တွင် လေပြင်းတိုက်ခတ်မှုကြောင့်ပျက်စီးဆုံးရှုံးမှုများ ပြင်းထန်ခဲ့ရပြီး ငလျင်ပြင်းအားမှာ ၇ မဂ္ဂနီကျူရှိကြောင်း လေ့လာတွေ့ရှိရသည်။



**တရုတ်နိုင်ငံ၏ Tangshan ဆိပ်ကမ်းမြို့ (ပြင်းအား ၇ ဒသမ ၅ မဂ္ဂနီကျူ)**

တရုတ်နိုင်ငံ၏ ဆိပ်ကမ်းမြို့ဖြစ်သော Tangshan တွင် ၁၉၇၆ ခုနှစ်က ပြင်းအား ၇ ဒသမ ၅ မဂ္ဂနီကျူရှိသော ငလျင်လှုပ်ခတ်ခဲ့ရာ လူ ၂၄၂၇၆၉ ဦး သေဆုံးခဲ့သည်။ ငလျင်လှုပ်ခတ်နိုင်သည်ကို ကြိုတင်သိသော်လည်း ငလျင်အန္တရာယ်ကိုအလွန်အမင်းလျှော့တွက်ခဲ့သည်ဟု အစီရင်ခံချက်တွင်ဖော်ပြထားသည့်အပြင် ဆောက်လုပ်ထားသည့်လူနေအဆောက်အအုံနှင့် အခြေခံအဆောက်အအုံအားလုံးနီးပါးသည် ငလျင်ဒဏ်ကိုထည့်သွင်းစဉ်းစားခြင်း မရှိဘဲ ဒီဇိုင်းဆွဲတည်ဆောက်ထားခြင်းဖြစ်သဖြင့် ငလျင်လှုပ်ခတ်သည့်အချိန်တွင် မြို့၏အဆောက်အအုံအားလုံး၏ ၈၅ ရာခိုင်နှုန်း ပြိုကျပျက်စီး ခဲ့ကြောင်း ခန့်မှန်းထားခဲ့ကြသည်။ Tangshan တွင် ဆောက်လုပ်ထားသော အဆောက်အအုံများသည် ကြီးမားသောအုတ်တိုက်များဖြင့် တည်ဆောက်ထားသဖြင့် ငလျင်ကြောင့် ကြီးမားသောအုတ်တိုက်များပြိုကျကာ လူများပိမိသဖြင့် သေဆုံးမှုများပြားခဲ့သည်။



**အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကမ်းလွန်(ပြင်းအား ၉ ဒသမ ၁ မဂ္ဂနီကျူ)**

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကမ်းလွန်ရှိ အိန္ဒိယသမုဒ္ဒရာတွင် ၂၀၀၄ ခုနှစ်က ပြင်းအား ၉ ဒသမ ၁ မဂ္ဂနီကျူရှိသော ငလျင်လှုပ်ခတ်ခဲ့ပြီး ထိုငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီလှိုင်းလုံးကြီးများ ဖြစ်ပေါ်ခဲ့ကာ လှိုင်းလုံးများ၏အမြင့်သည် ၁၅ မီတာမှ မီတာ ၃၀ ထိ မြင့်တတ်ခဲ့သည်။ ဒေသတွင်း နိုင်ငံပေါင်း ၁၄ နိုင်ငံသည်လည်း ဆိုးဆိုးရွားရွား ထိခိုက်ခံစားခဲ့ရကာ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့သည် ငလျင်ဒဏ်ကို အဆိုးရွားဆုံးခံရသောနိုင်ငံများဖြစ်ခဲ့သည်။ ငလျင်ကြောင့် လူ ၂၂၇၈၉၉ ဦး သေဆုံးခဲ့ရသည်။ ထိုအချိန်က အင်ဒိုနီးရှားနိုင်ငံတွင် ဆူနာမီသတိပေးစနစ်မရှိသဖြင့် ဆိုးရွားစွာသေကျေပျက်စီးခဲ့သည်။



**ဂျပန်နိုင်ငံ တိုကျိုမြို့(ပြင်းအား ၇ ဒသမ ၉ မဂ္ဂနီကျူ)**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၁၉၂၃ ခုနှစ် ပြင်းအား ၇ ဒသမ ၉ မဂ္ဂနီကျူရှိသော ငလျင်လှုပ်ခတ်ခဲ့ရာ လူ ၁၄၂၈၀၇ ဦး သေကျေခဲ့ရပြီး လူပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ မြို့၏အုတ်အဆောက်အအုံထက်ဝက်ကျော်နှင့် အများပိုင်အခြေခံအဆောက်အအုံများ၏ ၁၀ ရာခိုင်နှုန်းပြိုကျပျက်စီးခဲ့ပြီး အမြင့် ၁၂ မီတာရှိသော ဆူနာမီလှိုင်းလုံးများလည်းဖြစ်ပေါ်ခဲ့ကာ ကြီးမားသောမီးလောင်ကျွမ်းမှုလည်း ဖြစ်ပွားခဲ့သည်။ မီးလောင်ကျွမ်းချိန်တွင် ဖြစ်ပေါ်လာခဲ့သော ကြီးမားသည့်လေဆင်နှာမောင်းနှင့် လောင်ကျွမ်းနေသော မီးလျှံများပေါင်းစပ်ကာ မြို့အတွင်း လျင်မြန်စွာ မီးပျံ့နှံ့သွားခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှု များပြားခဲ့ရသည်။ ထို့ကြောင့် လူအသေအပျောက်များသော သဘာဝငလျင်များသည် လူသားတို့၏ သမိုင်းတစ်လျှောက်တွင် အမြဲတစေ ခြိမ်းခြောက်မှုတစ်ခုကဲ့သို့ ဖြစ်နေကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- **What were the world's deadliest earthquakes ကို ဘာသာပြန်ဆိုပါသည်။**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန ပထမအကြိမ် အိတ်ဖွင့်လေလံကြော်ငြာ

၁။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်(၁)နှစ်အတွက် အောက်ပါအသားဆိုင်များ ရောင်းချလုပ်ကိုင်ခွင့်များနှင့် အခွင့်အရေးအရပ်ရပ်ဆိုင်ရာလုပ်ကိုင်ခွင့်လိုင်စင်များကို ပထမအကြိမ် အိတ်ဖွင့်လေလံ ရောင်းချသွားမည်ဖြစ်ပါသည်-

| စဉ် | အခွင့်အရေးအမျိုးအစား | လေလံတင်ရောင်းချမည့်ရက် | နေရာ |
|---|---|---|---|
| (က) | ဝက်သားဆိုင်(၁၀၀)ဆိုင် | ၆-၃-၂၀၂၃ | မြို့တော်ခန်းမ |
| (ခ) | ဝက်သားဆိုင်(၃၇)ဆိုင်နှင့် ဆိတ်သားဆိုင်(၈၇)ဆိုင် | ၇-၃-၂၀၂၃ | ॥ |
| (ဂ) | အမဲသားဆိုင်(၇၉)ဆိုင် | ၈-၃-၂၀၂၃ | ॥ |
| (ဃ) | ရေချိုး/အိမ်သာအသုံးပြုခ ကောက်ခံခွင့်(၄၅)နေရာ | ၉-၃-၂၀၂၃ | ॥ |
| (င) | စက်ဘီး/ဆိုင်ကယ်အပ်နှံခ ကောက်ခံခွင့်(၄၈)နေရာ | ၁၀-၃-၂၀၂၃ | ॥ |
| (စ) | ထီးတိုင်စိုက်ထူကောက်ခံခွင့် (၁) နေရာ | ၁၀-၃-၂၀၂၃ | ॥ |
| (ဆ) | မန္တလေး (၆)မြို့နယ်လမ်းဘေး ဈေးကောက်ကောက်ခံခွင့်(၆)နေရာ | ၁၀-၃-၂၀၂၃ | ॥ |
| (ဇ) | ဆိပ်ကမ်းခွန်(ယာဉ်ရပ်နားနှင့် လမ်းဘေးဈေးကောက် ကောက်ခံခွင့် (၂)နေရာ | ၁၀-၃-၂၀၂၃ | ॥ |
| (ဈ) | ယာဉ်ရပ်နား(ကန့်သတ်) ကောက်ခံခွင့်(၆)နေရာ | ၁၀-၃-၂၀၂၃ | ॥ |
| (ည) | ပြည်ကြီးမင်္ဂလာယာဉ်ရပ်နား စခန်းအတွင်း ဂိုဒေါင်ငှားရမ်း လုပ်ကိုင်ခွင့် (၂)နေရာ | ၁၀-၃-၂၀၂၃ | ॥ |

၂။ အထက်ဖော်ပြပါ လုပ်ကိုင်ခွင့်များအား လေလံဆွဲဝယ်ယူသူများသည် လေလံလျှောက်လွှာများကို လေလံယှဉ်ပြိုင်မည့် အမျိုးအစားအလိုက် သတ်မှတ်ထားသည့်ကြေးပေးသွင်း၍ဝယ်ယူကာ လျှောက်လွှာ၌ သတ်မှတ်ထားသောစည်းကမ်းများနှင့်အညီ ပါရှိရမည့် စာရွက်စာတမ်းများပူးတွဲလျက် တင်ပြပြီး လေလံကြမ်းခင်းဈေး၏ (၁၀%)စားပွဲတင်စပေါ်ငွေကို လေလံတင်ရောင်းချမည့်ရက်မတိုင်မီ (၃)ရက်ကြိုတင်၍ အခွန်ဌာနသို့ တင်သွင်းထားရှိရမည်။ လျှောက်လွှာရောင်းချမှုနှင့်စပေါ်ငွေလက်ခံမှုနောက်ဆုံးရက်မှာ (၂၈-၂-၂၀၂၃)ရက်နေ့ (၁၃း၀၀)နာရီဖြစ်ပါသည်။ သိရှိလိုသည်များရှိပါက ဖုန်း ၀၂-၄၀၃၆၁၇၁ (လိုင်းခွဲ-၁၅၃)၊ ၀၉-၄၀၂၅၂၂၀၈၅၊ ၀၉-၉၇၄၄၆၅၂၉၁ နှင့် ၀၉-၄၀၂၅၃၁၁၁၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**




## ငပုတောမြို့နယ်တွင် ဆောင်းသီးနှံဟင်းသီးဟင်းရွက်၊ ဖူးစားပြောင်းနှင့် ငရုတ် ၃၃၉၃ ဧက စိုက်ပျိုးပြီးစီး



**ငပုတော ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်၊ ဖူးစားပြောင်းနှင့် ငရုတ် ၃၃၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၄၉၉ ဧက၊ ငရုတ် ၁၈၂ ဧကနှင့် ဖူးစားပြောင်း ၇၁၂ ဧက စုစုပေါင်းဆောင်းသီးနှံ ၃၃၉၃ ဧကကို စိုက်ပျိုးခဲ့ရာ ဖေဖော်ဝါရီ ၁၄ ရက်တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဆောင်းသီးနှံများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့ စသည့်ဌာနများပူးပေါင်းဆောင်ရွက် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက် ၂၄၉၉ ဧက အပါအဝင် ဆောင်းသီးနှံသုံးမျိုးကို လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာတော့ ဆောင်းသီးနှံသုံးမျိုးစလုံး လျာထားချက်အတိုင်း စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုစိုက်ပျိုးပြီးစီးပြီဖြစ်တဲ့ ဆောင်းသီးနှံတွေလျာထားချက်အတိုင်း အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ကို ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ကြိုတင်တွေ့ဆုံဆွေးနွေးဆောင်ရွက်ခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနနဲ့ အခြားဌာနတွေကလဲ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ သင်တန်းပေးခြင်း၊ စိုက်ပျိုးမည့် သီးနှံအမျိုးအစားများ ရွေးချယ်မှု မှန်ကန်စေရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေးသင်တန်းပေးခြင်း၊ ပိုးသတ်ဆေးသုံးစွဲနည်းစနစ်များမှန်ကန်စေရေးတောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးပြီးအပင်များ အပင်အားဆေးနှင့်ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်ရန် သင်တန်းပေးခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## အုတ်တွင်းမြို့နယ် တလုပ်ကုန်းကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**အုတ်တွင်း ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တလုပ်ကုန်းကျေးရွာရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအတွက် သွားလာမှုလွယ်ကူစေရန်ရည်ရွယ်၍ ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်မာမြင့်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ တလုပ်ကုန်းကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ကျေးရွာတွင်းလမ်း ရေရှည်အသုံးပြုနိုင်ရေး ကျေးရွာသူ၊ ကျေးရွာသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

အုတ်တွင်းမြို့နယ် တလုပ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှ သုံးစွဲခွင့်ရရှိငွေကျပ် ၁၀၅ ဒသမ ၆၄ သိန်း အသုံးပြုပြီး အရှည်ပေ ၁၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံ အင်ဂျင်နီယာများ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၉၉ အိမ်၊ လူဦးရေ ၄၅၀ တို့၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ကိုညို**

# မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကရိယာများအသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး) - ဖုန်း - ၀၉ ၆၉၁ ၂၃၁၆၃၉၊ ၀၉ ၆၆၉၂၅၉၉၅၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

# နဲ့ ဖြည့်စွမ်းထား






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

## အကူဝန်ထမ်း မ (၁) ဦး အလိုရှိသည်

(၁) ထမင်းချက်/သန့်ရှင်းရေး
(၂) လစာ- ၁၅၀၀၀၀ိ/
(၃) မှတ်ပုံတင်မူရင်း/မိတ္တူ၊
အိမ်ထောင်စုဇယားမူရင်း/မိတ္တူ။
(၄) လိပ်စာ- ၂၆ B လမ်း၊ ၈၀×၈၁ ကြား။
ဖုန်း- 09-897963260
တုံစမ်းချိန်- နံနက် (၈)နာရီမှ (၄)နာရီအတွင်း

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊မဟာအောင်မြေမြို့နယ်၊အထက(ခွဲ)တံငါ(မြောက်)တွင် တာဝန်ထမ်းဆောင်နေသော ဒေါ်ကေသီခိုင်(၉/ဇဒန(နိုင်)၁၂၀၂၈၃) လ/ထ မူပြ၏ ဖခင် ဦးမြင့်ရွှေ (၅/ဇဒန(နိုင်)၀၁၀၅၉၇) နှင့် ဦးမြင့်ဆွေ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမြင့်ရွှေ(ခ)ဦးမြင့်ဆွေ(၅/ဇဒန(နိုင်)၀၁၀၅၉၇)**

## စာအုပ်စာပေ လှုမိတ်ဆွေ

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့၊ လမ်းခွကျေးရွာအုပ်စု၊ လမ်းခွကျေးရွာနေ မြင့်မြင့်ကျော် (၅/ကသန(နိုင်)၁၂၀၈၀၅)၏(ဖခင်)ဦးကျော်လေး(၅/ကသန(နိုင်)၀၁၄၆၃၆)နှင့် ဦးကျော်ကျော်၊ (မိခင်) ဒေါ်နုနုဝင်း(၅/ကသန(နိုင်)၀၈၀၂၀၅) နှင့် ဒေါ်နုဝင်း တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးကျော်လေး(ခ)ဦးကျော်ကျော် (၅/ကသန(နိုင်)၀၁၄၆၃၆)**
**ဒေါ်နုနုဝင်း(ခ)ဒေါ်နုဝင်း (၅/ကသန(နိုင်)၀၈၀၂၀၅)**

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်နေ ထွန်းထွန်းနိုင် (ဘ) ဦးရောင်ဝမ်း(၉/ခအဇ(နိုင်)၀၀၆၃၄၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

## မီး သတိပြု

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ပျော်ဘွယ်မြို့နယ်၊ မြင်းတဲကျေးရွာအုပ်စု၊ ကျီးတိုင်ကုန်းကျေးရွာ တွင်ရှိသော တိုးပွားနိုင်ကုမ္ပဏီ မှတ်ပုံတင်အမှတ် (၁၃၅၄၆၉၁၆၅) အနေဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။




မှတ်ပုံတင်အမှတ်
(၀၀၆၈၀/၂၀၂၂)

အထက်ဖော်ပြပါ **ရွှေတောင်သူ** မြေပဲဆီ၊ နှမ်းဆီ၊ ဟင်းသီးဟင်းရွက်ဆီ၊ စားအုန်းဆီ နှင့် ဆီအမျိုးမျိုး ကုန်အမှတ်တံဆိပ် အမှတ်အသားဖြင့် (၁၉.၁၂.၂၀၂၂) ရက်နေ့တွင်ရန်ကုန်မြို့၊စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်အမှတ် (၀၀၆၈၀/၂၀၂၂) ဖြင့်မှတ်ပုံတင်သွင်းပြီး စားသုံးဆီအမျိုးမျိုး တို့ကိုပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တစ်ဝှမ်းတွင် ဖြန့်ဖြူး ရောင်းချလျက်ရှိရာ အများပြည်သူတို့ ယုံကြည် စိတ်ချစွာ ဝယ်ယူအားပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ တိုးပွားနိုင်ကုမ္ပဏီ၏ ကုန်အမှတ်တံဆိပ်ဖြစ်သော **ရွှေတောင်သူ** မြေပဲဆီ၊နှမ်းဆီ၊ ဟင်းသီးဟင်းရွက်ဆီ၊ စားအုန်းဆီ နှင့် ဆီအမျိုးမျိုး ကုန်အမှတ်တံဆိပ်အား အများပြည်သူ ထင်ယောင်ထင်မှား ဖြစ်စေရန် တံဆိပ်အမှတ်အသားကိုသွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ တုပ၍ သုံးစွဲခြင်းမပြုကြရန် နှင့် တွေ့ရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

Toe Pwar Naing Company Limited
09-797214437
ကျီးတိုင်ကုန်းကျေးရွာ၊ မြင်းတဲကျေးရွာအုပ်စု၊ ပျော်ဘွယ်မြို့နယ်၊မန္တလေးမြို့။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

❖ ယနေ့နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဆိုသည့် အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိ...

❖ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံ၍ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသော နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရကလည်း နိုင်ငံသူ၊ နိုင်ငံသားများအားလုံး စားရေရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစွာရရှိရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးတို့ကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ကျင်းပပြုလုပ်သော မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ၊ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ငြိမ်းချောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)အား ဆင်းတုတော်အပိုင်း(၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးနှင့် အောင်မြင်စွာထိဆက်ပင့်ဆောင်ပြီးစီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုဖြစ်စေရန်၊

**စာမျက်နှာ ၂၂ ကော်လံ ၁ ☆**



**မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၄)အား ဆင်းတုတော်အပိုင်း (၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးနှင့် အောင်မြင်စွာ ထိဆက်ပင့်ဆောင်ပြီးစီးမှုကို ကြည်ညိုဖွယ်ဖူးတွေ့ရစဉ်။**